# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ် (၀၆၄)


**ပွားများအားထုတ်**

တွယ်တာကပ်ငြိတတ်သော တဏှာမကုန်ခန်းသေးသမျှ သတ္တဝါတို့၏ လားရာဂတိသည် ရှိနေဦးမည်ဖြစ်၍ လားရာဂတိမရှိသော၊ ကပ်ငြိတွယ်တာမှုမရှိသောအဖြစ်သို့ ရောက်ရှိနိုင်ရန် သူတော်ကောင်းတရားကို ပွားများအားထုတ်ရာ၏။ **ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၄၂၁)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ Ghim Moh Hawker Center & Market ၌လေ့လာ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ **Ghim Moh Hawker Center & Market** ၌ ကြည့်ရှုလေ့လာစဉ် (ဓာတ်ပုံ - ပြန်/ဆက်)

**စင်ကာပူ ဒီဇင်ဘာ ၂**

စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီက စင်ကာပူနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗီဗီယန် ဘာလာ ကရစ်ရှ်နန်က စင်ကာပူနိုင်ငံ Ghim Moh Hawker Center & Market ၌ တည်ခင်းသည့် နံနက်စာ စားပွဲသို့ တက်ရောက်ပြီး ဈေးအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နံနက် ၁၁ နာရီတွင် ခေတ္တတည်းခိုရာ ရှန်ဂရီလာဟိုတယ်၌ Channel News Asia သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ပြန်လည်ထွက်ခွာရန် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးငွေအောင်နှင့် မြန်မာသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

# နေပြည်တော်ကောင်စီနယ်မြေအတွင်း စက်မှုလယ်ယာမြေ ၁၅၂၄ ဒသမ ၃၁ ဧက ဖော်ထုတ်မည်



**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ၌ အဆင့်မြင့်စက်မှုလယ်ယာမြေ ၁၅၂၄ ဒသမ ၃၁ ဧက ဆောင်ရွက်မည်ဖြစ်ပြီး မြို့နယ် ခုနစ်မြို့နယ်ရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၃၁ သင်း၊ အသင်းသား ၄၃၆ ဦးတို့၏ တောင်းဆိုမှုအရ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်မည့် စီမံကိန်းဖြစ်သည်။

စီမံကိန်းလုပ်ငန်း ကုန်ကျစရိတ်များကို သမဝါယမအသင်းက စိုက်ထုတ်ကျခံမည်ဖြစ်ပြီး နည်းပညာနှင့်လိုအပ်သည့် အကူအညီများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း လယ်ဝေးမြို့နယ် ပြည်ဝင်ကျေးရွာအုပ်စု တက်တိုးသဲကောကျေးရွာ၌ ယနေ့ နံနက် ၈ နာရီက ကျင်းပသည့် လယ်ယာမြေအဆင့်မြှင့်တင်ခြင်း အခမ်းအနားမှ သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋




မြန်မာ့အလင်း

# အလားအလာကောင်းများ သယ်ဆောင်လာမည့် စင်ကာပူခရီးစဉ်

လာမည့် နှစ် ၂၀ အတွင်း မြန်မာနိုင်ငံအနေဖြင့် စင်ကာပူနိုင်ငံ၏စီးပွားရေးကို ကျော်တက်နိုင်ရန် မျှော်လင့်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားလိုက်ပါသည်။ စင်ကာပူနိုင်ငံသို့ သုံးရက်ကြာ တရားဝင်ခရီးစဉ် အဖြစ်ရောက်ရှိနေစဉ် **Singapore's Global Conversation** အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်က ဤသို့ ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

စင်ကာပူ၏ လွတ်လပ်ရေးခေတ်ဦးကာလတွင်း ထိုအချိန်က ဝန်ကြီးချုပ် လီကွမ်ယုက အနှစ် ၂၀ ကြာလျှင် မြန်မာနိုင်ငံကို အမီလိုက်နိုင်မည်ဟူသော ပြောကြားချက်ကို ကိုးကား၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဤစကားကိုပြောကြားခဲ့ခြင်းဖြစ်ပေသည်။ မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ်များစွာ အာဏာရှင်စနစ်များအောက်တွင် ရောက်ရှိနေခဲ့ရသဖြင့် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အစစအရာရာနောက်ကျကျန်ရစ်ခဲ့ရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

ထို့ကြောင့်ပင် စင်ကာပူသမ္မတအိမ်တော်တွင် ကျင်းပသည့် ညစာစားပွဲ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "မိမိနိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာရင်ဆိုင်နေရခြင်းကို လျှို့ဝှက်ဖုံးကွယ်ထားရန် မရှိကြောင်း၊ သို့သော် မိမိတို့အပေါ် နားလည်မှုရှိကြသော မိတ်ဆွေကောင်းများ၏ ကူညီမှုဖြင့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည့်အတွက် စိန်ခေါ်မှုများနှင့် ပတ်သက်၍ စိုးရွံ့မှုမရှိကြောင်း" ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

စင်ကာပူအရာရှိများနှင့် လုပ်ငန်းရှင်များကို ပြောကြားရာတွင်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် ရှောင်လွှဲ၍မရနိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် တည်ငြိမ်မှုရရှိရန် လိုအပ်ကြောင်း၊ စင်ကာပူနှင့် မြန်မာသည် ဒေသတစ်ခုတည်းအတွင်း ရှိသည်ဖြစ်သောကြောင့် နိုင်ငံတစ်နိုင်ငံ၏တည်ငြိမ်မှုသည် အခြားနိုင်ငံ၏ တည်ငြိမ်မှုပင်ဖြစ်ကြောင်း၊ အဓိပ္ပာယ်မှာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် မိမိနိုင်ငံတစ်ခုတည်းအတွက်သာမဟုတ်ဘဲ ဒေသတစ်ခုလုံးအတွက် သက်ဆိုင်နေကြောင်း ပြောကြားခဲ့သည်။

ဒီဇင်ဘာလ ၁ ရက်နေ့တွင် စင်ကာပူရောက် မြန်မာနိုင်ငံသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မေးခွန်းအတော်များများကို ဖြေဆိုခဲ့သည်ကိုလည်း တွေ့ရသည်။ အခမ်းအနားတက်ရောက်သူ မြန်မာနိုင်ငံသားများ များစွာကျေနပ်အားရ ဖြစ်ကြသည်ကိုလည်း တွေ့ရသည်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်သော မေးခွန်းကိုဖြေဆိုရာတွင် စေတနာ၊ ပညာနှင့် သတ္တိရှိဖို့လို ကြောင်း၊ စေတနာဆိုသည်မှာ ပြည်သူအပေါ်ထားရှိသော စေတနာ၊ ငြိမ်းချမ်းရေးကို တကယ်လိုလားသောစေတနာဖြစ်ပြီး ပညာဆိုသည်မှာ ဆင်ခြင်တုံတရားဖြစ်ကြောင်း၊ ထို့နောက် ငြိမ်းချမ်းရေးရယူဖို့အတွက် သတ္တိရှိရှိ ဆုံးဖြတ်ချက်ချရမည်ဖြစ်ကြောင်း၊ သတ္တိလိုအပ်နေပါက ပြည်သူများက ဝိုင်းဝန်း၍ သတ္တိရှိအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

ယနေ့ကာလမှာ နိုင်ငံအနေဖြင့် အပြောင်းအလဲတစ်ရပ်ကို ကြိုးပမ်းဆောင်ရွက်နေသော ကာလဖြစ်သလို နိုင်ငံရေး၊ စစ်ရေးမတည်ငြိမ်မှုအချို့ကို ရင်ဆိုင်နေရသောအချိန်ဖြစ်သည်။ သို့သော် မြန်မာ့အဦးခေတ်သမိုင်းတွင် ထိုသို့သောဖြစ်ရပ်မျိုးနှင့် ထို့ထက်ဆိုးသော အခြေအနေပေါင်းများစွာကိုကျော်ဖြတ်ခဲ့ရသော အတွေ့အကြုံများစွာ ရှိခဲ့သည်။ ယခုအခြေအနေမှာ လက်ရှိအပြောင်းအလဲအတွက် အဆင်သင့်မဖြစ်သေးသော အခြေအနေများ၏ စိန်ခေါ်မှုများသာဖြစ်ပြီး နိုင်ငံတော်အဆင့် အကျပ် အတည်းတွေ့နေသော အခြေအနေမဟုတ်ပေ။ လက်ရှိဖြစ်စဉ်များနှင့်ပတ်သက်၍အိမ်နီးချင်းနိုင်ငံများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တွေ့မြင်နေရပါသည်။

ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇)ကြိမ်မြောက် ပြည်ပခရီးစဉ်ဖြစ်သော စင်ကာပူခရီးစဉ်တွင် စင်ကာပူအခြေစိုက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ၏ မြန်မာနိုင်ငံအပေါ် ဒေသတွင်း အလားအလာအရှိဆုံးနိုင်ငံအဖြစ် စိတ်ဝင်စားမှု ဖော်ပြခြင်းများကိုလည်း တွေ့မြင်နေကြရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း စင်ကာပူနိုင်ငံအကြီးစားလုပ်ငန်းစုများ၏ ခေါင်းဆောင်များနှင့် ပြောကြားရာတွင် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်အခြေအနေ၊ သဘာဝအရင်းအမြစ်ကြွယ်ဝမှုများသည် စင်ကာပူကုမ္ပဏီများကို ဆွဲဆောင်နိုင်လိမ့်မည်ဟု ထည့်သွင်းပြောဆိုခဲ့သည်ကိုလည်း တွေ့ရသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ယခုခရီးစဉ်သည် အခြားသော ခရီးစဉ်များကဲ့သို့ပင် အောင်မြင်မှုများ၊ အလားအလာကောင်းများကို သယ်ဆောင်လာမည်ဟု ယုံကြည်ပါကြောင်း တင်ပြရပါသည်။ ။

## လုံးခင်း-မော်စီစာကျေးရွာတွင် ကျောင်းဆောင်သစ်နှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်

**ဖားကန့် ဒီဇင်ဘာ ၂**

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာ စာသင် ကျောင်းဝင်းအတွင်း၌ (ကျော်နိုင်နှင့်ညီများ ကျောက်မျက် ကုမ္ပဏီ)က ဆောက်လုပ်လှူဒါန်းသည့် စာသင်ကျောင်းဆောင်သစ်နှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်းပေးအပ်ပွဲအခမ်း အနားကို နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား-အနံ (ပေ ၁၃၀× ၄၀) သံကူကွန်ကရစ် နှစ်ထပ်ဆောင်၊ RCC [SS2(-4)]ဖြစ်ပြီး သင်ထောက်ကူပစ္စည်းများဖြစ်ကြသည့် စာရေးစားပွဲ ၃၂၈ လုံး၊ နောက်မှီထိုင်ခုံ ၃၂၈ လုံး၊ ဝှိုက်ဘုတ် ၁၆ ချပ်၊ စတီတ်စင် ၁၆ ခု၊ စာအုပ် ၃၂၅ ဒါဇင်၊ ဘောပင်အချောင်း ၄၇၀၊ ခဲတံ ၁၃၇ ဒါဇင်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။အဆိုပါ ကျောင်းဆောင်သစ်အား ဖားကန့်မြို့ နယ်မြေခံတပ်မှ ဗိုလ်ချုပ်သန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာ အောင်နှင့်အလှူရှင် ဦးကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ခဲ့ကြသည်။

အလှူရှင်က"ကျွန်တော် ဒီမော်နယ်မြေမှာ စီးပွားရှာခဲ့ပါတယ်။ ဒီမော်နယ်မြေကို ဘယ်လို ကျေးဇူး ပြန်ဆပ်ရမလဲဆိုတာ စဉ်းစားရင်း ကျောင်းသူကျောင်းသားတွေ စာသင်နေရတဲ့ အခက်အခဲတွေတွေ့ရလို့ ကျေးဇူးပြန်ဆပ်ချင်တဲ့ စေတနာနဲ့ အခုလို ဒီကျောင်းဆောင်သစ်ကြီးကို လှူဒါန်းရခြင်းဖြစ်ပါတယ်"ဟု ကျောင်းအလှူရှင် ဦးကျော်နိုင်က ပြောပြသည်။

**နိုင်မိုး(လုံးခင်း)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဦးဝင်းနောင် | ကျောင်းအုပ်ကြီး<br>ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

## မင်းတုန်းချောင်းကူးတံတားတွင် တန်ချိန်ပိုယာဉ်များဖြတ်သန်းနေ၍ ဒေသခံများ စိုးရိမ်

**မကွေး ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တို့၏ ခရိုင်ချင်းဆက်လမ်းဖြစ်သော သရက်-ကံမ-ပြည်မော်တော်ကားလမ်း၏ ကံမမြို့ မြောက်ဘက် ၈ မိုင်ခန့်အကွာရှိ မင်းတုန်းချောင်းကူး ရေနံ့သာတံတားပေါ်တွင် သတ်မှတ်တန်ချိန်ထက်ပိုသော မော်တော်ယာဉ်အချို့ ဖြတ်သန်းသွားလာနေ၍ တံတားကြံ့ခိုင်မှုအတွက် ဒေသခံပြည်သူများ စိုးရိမ်မှုများရှိနေကြသည်။

အဆိုပါတံတားသည် ၂၀၀၉ ခုနှစ်က စတင်ဖွင့်လှစ် အသုံးပြုခဲ့ခြင်းဖြစ်ပြီး သံကူကွန်ကရစ် ဘိုးပိုင်များပေါ်တွင် တည်ဆောက်ထားသော အရှည်ပေ ၇၀၀ ရှိ ဘေလီသံတံတားဖြစ်သည်။လမ်းဦးစီးဌာနမှ တံတား၏ခံနိုင်ရည်အားမှာ ၁၃ တန်သာရှိကြောင်း ထို့ထက်ပိုသော မော်တော်ယာဉ်များ ဖြတ်သန်းခြင်းမပြုရန် ဆိုင်းဘုတ်များ တားမြစ်ထားသော်လည်း တန်ပိုမော်တော်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိသည်ကို တွေ့မြင်နေရကြောင်း၊ ယင်းတံတားကြီးသည် ပညာရေး၊ ကျန်းမာရေးအစရှိသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများတွင် များစွာအထောက်အပံ့ရရှိနေသည့်အတွက် ပျက်စီးမှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိကြောင်း၊ တံတားကြံ့ခိုင်ကောင်းမွန်စေရေးအတွက် တံတားအသုံးပြုသူပြည်သူအားလုံးက စည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာကြရန် လိုအပ်ကြောင်း ဒေသခံများပြောစကားအရ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



## မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ပြည် ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ ရုပ်ရှင်ရုံများနှင့် ဘဏ်များတွင် လူဝင်လူထွက်ရယူမှုမှတ်တမ်း၊ CCTV မှတ်တမ်းများနှင့်တကွ စနစ်တကျမှတ်တမ်းပြုစုထားရှိရေး၊ လုံခြုံရေးတာဝန်ရှိသူများ၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာလနောက်ဆုံးပတ်က ပြည်မြို့ နဝင်းရဲရိပ်သာခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကြည်က အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့က မိုင်းအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ သတင်းနှင့်လုံခြုံရေး အကြောင်းသိကောင်းစရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## ကြော်ငြာဆိုင်းဘုတ် ရှင်းလင်းပြီး

**တာချီလိတ် ဒီဇင်ဘာ ၂**

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် (အထက အနီး) ရှိ ဝန်ဆောင်မှုလုပ်ငန်းတစ်ခု၏ ကြော်ငြာဆိုင်းဘုတ်များအား ယာဉ်သွားလမ်းပေါ်အထိ ပိတ်ဆို့ချထားခြင်းကို ယင်းနေ့တွင်ပင် ရှင်းလင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးကော်မတီ**

အိမ်တိုင်းတွင် မီးသတ်ဆေးဘူး ဆောင်ထားပါ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၀၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၂၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၉၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၄၀/၆၆၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၈ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၉ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၆ · ၀၀ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၁၃ |
| တရုတ် | တစ်ယွမ် | ၁၈၉ · ၉၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃ · ၀၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Channel News Asia သတင်းဌာန၏ မေးမြန်းမှုကို ဖြေကြားစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ် (ဓာတ်ပုံ - ပြန်/ဆက်)

✻ ***ရှေ့စာမျက်နှာမှ***

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိပြီး လေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်မှာ ပွင့်လင်းမြင်သာမှုရှိ၊ ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းပိုမိုရရှိလာစေမည်

## သတင်းကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ ၃၀-၁၁-၂၀၁၆ ရက်နေ့မှ ၂-၁၂-၂၀၁၆ ရက်နေ့အထိ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး ၂-၁၂-၂၀၁၆ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

**ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့သွားရန် ဆွေးနွေး**

၂။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့၊ နေ့လယ်ပိုင်းတွင် ရှန်ဂရီလာဟိုတယ်၌ စင်ကာပူနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ယင်းသို့ ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်မှာ ပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းပိုမိုရရှိလာစေမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာခြင်းဖြင့် အစိုးရ၏ အဓိကရည်မှန်းချက်ဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးသွားနိုင်မည်သာမက အရည်အသွေးပြည့်မီသော လုပ်သားအင်အားများ မွေးထုတ်ပေးနိုင်ခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေးကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအများစုမှာ သဘာဝသယံဇာတကို အခြေခံသောလုပ်ငန်းများသာဖြစ်ရာ၊ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံသော စီးပွားရေးကို တည်ဆောက်သွားရန်လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန် ပြည်တွင်း၌ တည်ငြိမ်အေးချမ်းမှုရရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း မငြိမ်သက်မှုဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ရသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် အရေးကြီးသောကိစ္စရပ်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။ ဆက်လက်၍ တက်ရောက်လာကြသော စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များမှ လက်ရှိတွင် စင်ကာပူကုမ္ပဏီများသည် မြန်မာနိုင်ငံ၏ မြို့ပြတည်ဆောက်ရေးကဏ္ဍ၊ ဟိုတယ်နှင့် အဆင့်မြင့်အိမ်ရာတည်ဆောက်ရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိပြီး၊ တန်ဖိုးနည်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်း၊ စွန့်ပစ်ပစ္စည်းများမှ စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်း၊ လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်း၊ စီးပွားရေးဇုန်တည်ဆောက်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့သွားရန် ဆွေးနွေးခဲ့ကြပါသည်။

**ပြည်ဝင်ဗီဇာရယူရန်မလိုဘဲ အပြန်အလှန်သွားလာနိုင်**

၃။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယင်းနေ့ ညနေ(၁၇း၃၀) နာရီအချိန်တွင် Istana သမ္မတအိမ်တော်၌ ကျင်းပပြုလုပ်သည့် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ရင်းနှီးမြှုပ်နှံမှုစာချုပ် လက်မှတ်ရေးထိုးရေး၊ ၁၉၉၉ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် အခွန်နှစ်ထပ် ပေးဆောင်မှုရှောင်ရှားရေး သဘောတူစာချုပ်ကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် စင်ကာပူလေကြောင်းလိုင်း Silk Air အား စင်ကာပူ-ရန်ကုန်-မန္တလေး ခရီးစဉ်အတွက် own stopover rights ရပ်နား ပျံသန်းခွင့်အား (၆)လ စမ်းသပ်ကာလ ပြေးဆွဲရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆွေးနွေးမှုများကို မကြာမီစတင်နိုင်ရေး၊ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူ-မြန်မာ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို သုံးနှစ်သက်တမ်းတိုးမြှင့်သွားရေးတို့ကို ဆွေးနွေးသဘောတူညီခဲ့ကြပြီး၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံပြည်သူများမှ ပြည်ဝင်ဗီဇာရယူရန်မလိုဘဲ အပြန်အလှန်သွားလာနိုင်ရေး သဘောတူညီချက်ကို ဒီဇင်ဘာလ(၁)ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်နိုင်မှုအပေါ် ကြိုဆိုခဲ့ကြပါသည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူဝန်ကြီးချုပ်မှ Istana သမ္မတအိမ်တော်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

**နိုင်ငံတော်အကြီးအကဲများအား သစ်ခွအမည်ပေး**

၄။ ၁-၁၂-၂၀၁၆ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခေတ္တတည်းခိုသည့် ရှန်ဂရီလာဟိုတယ်၌ စင်ကာပူနိုင်ငံ ဝါရင့်ဝန်ကြီး H.E. Mr. Goh Ghok Tong နှင့်အတူ အလုပ်သဘောနံနက်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာလုပ်ငန်းရှင်များ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် National Orchid Garden ၌ ကျင်းပပြုလုပ်သော သစ်ခွအမည်ပေးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ရာ အမျိုးသားသစ်ခွဥယျာဉ် အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများမှ သစ်ခွဥယျာဉ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဥယျာဉ်အတွင်း လှည့်လည်လေ့လာကြည့်ရှုခဲ့ပါသည်။ အဆိုပါဥယျာဉ်မှ သစ်ခွမျိုးစိတ်သစ်တစ်ခုအား Papilionanda Aung San Suu Kyi ဟု ဂုဏ်ပြုအမည်ပေးအပ်ခဲ့ပါသည်။ စင်ကာပူနိုင်ငံသို့ လာရောက်သော နိုင်ငံတော်အကြီးအကဲများအား ဂုဏ်ပြုသောအားဖြင့် သစ်ခွအမည်ပေးခြင်းကို အစဉ်အလာတစ်ရပ်အဖြစ် ၁၉၅၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၅။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယင်းနေ့ (၁၁း၀၀) နာရီအချိန်တွင် စင်ကာပူနိုင်ငံ ခေတ္တသမ္မတ H.E. Mr. Joseph Yuvaraj Pillay (သမ္မတ၏ အကြံပေးကောင်စီအဖွဲ့ဥက္ကဋ္ဌ) နှင့် Istana သမ္မတအိမ်တော်၌ တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြပါသည်။

၆။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး H.E. Mr. Teo Chee Hean က ရှန်ဂရီလာဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ ယင်းနေ့နေ့လယ်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးရေးဌာနသို့ သွားရောက်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ ရှင်းလင်းပွဲ၌ စင်ကာပူနိုင်ငံတွင် အဂတိလိုက်စားမှုမှာ နည်းပါးကြောင်း၊ စင်ကာပူနိုင်ငံ၏ အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှာ ပွင့်လင်းမြင်သာမှုရှိပြီး Political and Economic Risk Consultancy Ranking (PERC) ၏ ၂၀၁၅ ခုနှစ် စစ်တမ်းများအရ နိုင်ငံပေါင်း (၁၈၆) နိုင်ငံတွင် စင်ကာပူနိုင်ငံသည် အဂတိလိုက်စားမှု အနည်းဆုံး အဆင့်(၈) ရှိနေကြောင်း၊ စုံစမ်းစစ်ဆေးရေးဌာနသို့ ရောက်ရှိလာသော တိုင်ကြားမှုများ၏ (၇၆) ရာခိုင်နှုန်းမှာ တစ်သီးပုဂ္ဂလတိုင်ကြားမှုများဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍသို့တိုင်ကြားမှုများကြောင်း၊ စင်ကာပူနိုင်ငံ၌ အစိုးရမှ ထိရောက်သော ဥပဒေပြဋ္ဌာန်းထားရှိပြီး ဥပဒေအား တိကျစွာလိုက်နာကျင့်သုံးမှုရှိခြင်း၊ သီးခြားလွတ်လပ်သော တရားစီရင်မှုစနစ်ရှိခြင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရှိခြင်းတို့ကြောင့် စင်ကာပူအစိုးရမှ အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်ခြင်းဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၇။ ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Singapore’s Asian Civilization Museum(ACM) ၌ ကျင်းပသည့် Cities and Kings: Ancient Treasures from Myanmar ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ရာ စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၊ ယဉ်ကျေးမှု၊ လူမှုအဖွဲ့အစည်းနှင့် လူငယ်ရေးရာဝန်ကြီးတို့မှ ကြိုဆိုခဲ့ကြပါသည်။ အဆိုပါပြပွဲ၌ မြန်မာနိုင်ငံအမျိုးသားပြတိုက်တွင် စုဆောင်းထားရှိသည့် ပျူခေတ်၊ အောက်မြန်မာနိုင်ငံနှင့် မွန်ဘုရင်များခေတ်၊ ပုဂံခေတ်နှင့် မန္တလေးနန်းတော်တို့မှ အကောင်းဆုံး ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများအား ပြသထားခြင်းဖြစ်ပါသည်။ အဆိုပါပြပွဲအား ၂၀၁၇ ခုနှစ်၊ မတ်လအထိ ပြသထားမည်ဖြစ်ပြီး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၅၀)ပြည့်အခမ်းအနား အထိမ်းအမှတ်လှုပ်ရှားမှုတစ်ရပ်အဖြစ် မြန်မာနိုင်ငံ အမျိုးသားပြတိုက်နှင့် စင်ကာပူနိုင်ငံ Asian Civilizations Museum တို့မှ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

**မေးမြန်းချက်များဖြေကြား**

၈။ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူမြို့ မြန်မာသံရုံးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများ၊ ပညာသင်များအား တွေ့ဆုံနှုတ်ဆက်စကားပြောကြားခဲ့ပြီး မြန်မာသံရုံးမှ တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Jurong East ရှိ Big Box Hall တွင် စင်ကာပူနိုင်ငံရောက် မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံမိန့်ခွန်းပြောကြားခဲ့ပြီး မေးမြန်းချက်များကို ခင်မင်ရင်းနှီးစွာ ဖြေကြားခဲ့ပါသည်။

၉။ ၂-၁၂-၂၀၁၆ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Vivian Balakrishnan လိုက်ပါ၍ Ghim Moh Hawker Centre and Wet Market ၌ လှည့်လည်လေ့လာပြီး နံနက်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ ယင်းနေ့ (၁၃း၀၀) နာရီအချိန်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ၊ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်း (၁၅း၃၀)နာရီအချိန်တွင် ရန်ကုန်မြို့သို့ ပြန်လည်ဆိုက်ရောက်ခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်**

✻ ***ရှေ့စာမျက်နှာမှ***

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်နေ၍ အရွေ့တစ်ခုရရန် မဖြစ်နိုင်ပါကြောင်း၊ စုပေါင်းစိုက်ပျိုးခြင်းဖြင့် စနစ်ကျသော အဆင့်မြင့်လယ်ယာမြေများ ဖော်ထုတ်အသုံးပြုနိုင်ခြင်း၊ စုပေါင်းထွန်ယက် စိုက်ပျိုးရိတ်သိမ်းနိုင်သော စက်မှုလယ်ယာစနစ် ထူထောင်လုပ်ကိုင်နိုင်ခြင်းနှင့်အတူ လယ်ယာလုပ်သား ရှားပါးလာမှုကို ကျော်လွှားနိုင်မည်ဖြစ်ပြီး လေလွင့်ဆုံးရှုံးမှုကိုပါ လျှော့ချနိုင်မည်ဖြစ်သည့်အတွက် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၏ မျှဝေခြင်းအစီအစဉ်အရ စုဆောင်းထည့်ဝင် လှူဒါန်းထားသော အလှူငွေဖြင့် ပြည်ဝင်ကျေးရွာအုပ်စုမှ တောင်းဆိုတင်ပြသည့် ရေသွယ်မြောင်းဖောက်လုပ်မှုကုန်ကျစရိတ်ကို လှူဒါန်းပေး မည်ဖြစ်ကြောင်း ပြောကြားသည်။

လယ်ဝေးမြို့နယ်ရှိ အသင်းသား တောင်သူလယ်သမားများ၏ ထွန်ယက်စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် အလွယ်တကူနှင့် ဈေးနှုန်းသက်သာစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဝန်ဆောင်မှုသမဝါယမအသင်းကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

*ကျောဖုံးမှ*

ဆက်လက်၍ ဒုတိယသမ္မတက အစိုးရသစ် တာဝန်ယူပြီးနောက်ပိုင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Mr. Jean-Marc Ayrault မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးစားလုပ်ဆောင်နေသည်များကို ပြင်သစ်နိုင်ငံအနေဖြင့် အကူအညီများ ပေးသွားမည်ဟု ပြောကြားခဲ့ပါကြောင်း၊ ယဉ်ကျေးမှု အပါအဝင် နယ်ပယ်အသီးသီးတွင် ပြင်သစ်-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်နေသည်ကို မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်း။

**အစိပ္ပာယ်ပြည့်ဝသည်ဟု ယုံကြည်**

ယနေ့ကျင်းပသည့် ပွဲတော်သည်လည်း ပြင်သစ်-မြန်မာ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုခိုင်မာစွာ ချည်နှောင်သည်ကို ပြသနေခြင်းဖြစ်ပါကြောင်း၊ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတကာအဆင့်မီ အနုပညာမျိုးစုံပါဝင်သည့် ပွဲတော်တစ်ခုဖြစ်ပြီး ပြင်သစ်နှင့် မြန်မာအနုပညာ ဖလှယ်ရာတစ်ခုတည်းသော စင်မြင့်တစ်ခုလည်းဖြစ်ပါကြောင်း၊ ပြင်သစ်-မြန်မာ ယဉ်ကျေးမှု ဖလှယ်ရေး (၅၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ယနေ့ပွဲတော်သည် အဓိပ္ပာယ်ပြည့်ဝသည်ဟု ယုံကြည်ပါကြောင်း၊ တည်ရှိပြီးဖြစ်သည့် ပေါင်းသင်းဆက်နွယ်မှုများသည်လည်း လာမည့်နှစ်များတွင် ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆက်ဆံရေးပိုမိုတိုးတက်**

ထို့အတူ ဒုတိယသမ္မတက ပြင်သစ်နိုင်ငံနှင့် ဆက်လက်၍ ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုပါကြောင်း၊ ထို့ပြင် စီးပွားရေး၊ ယဉ်ကျေးမှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု နယ်ပယ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည် ဖြစ်သည့်အပြင် နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေးများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြင်သစ်-မြန်မာ နှစ်နိုင်ငံအကြား နယ်ပယ်ကဏ္ဍစုံ အသီးသီးတွင် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်လာအောင် ကြိုးပမ်းအားထုတ်ပေးနေသည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားသည်။



**ပြင်သစ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ် L'Homme Debout အဖွဲ့က ဖန်တီးသော ရုပ်သေးရုပ်ကြီးနှစ်ခု မြန်မာနိုင်ငံ၌ ပထမဆုံး သရုပ်ပြသစဉ်** (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr. Olivier Richard က အမှာစကားပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် မင်္ဂလာပါယဉ်ကျေးမှုပွဲတော်ကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးအုန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဦးကျော်မျိုး ၊ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Gautier MIGMOT နှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr. Olivier Richard တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မင်္ဂလာပါယဉ်ကျေးမှုပွဲတော်ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

**တိုးတက်မှုကို အထောက်အကူပြု**

အဆိုပါ မင်္ဂလာပါယဉ်ကျေးမှုပွဲတော်ကို မြို့၏အချက်အချာကျသောနေရာများ၌ အနုပညာနှင့် ကဗျာဆန်ဆန်တင်ဆက်မှုများကိုပြုလုပ်၍ မြို့သူမြို့သားများထံ ၎င်းတို့မြို့ကို ပြန်လည်ဆောင်ကြဉ်းပေးခြင်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း၏ အရေးကြီးသော အချက်ဖြစ်သည့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများနှင့် နိုင်ငံခြား ကမ္ဘာလှည့်ခရီးသွားများ ဖိတ်ခေါ်၍ နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ မြို့ပြနှင့် ပတ်သက်သော သတိရှိသင့်သည့် အကြောင်းအရာများ အပါအဝင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာရှင်များ၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**လှည့်လည်သရုပ်ပြသသွားမည်**

မင်္ဂလာပါ ယဉ်ကျေးမှုပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း၊ ဒလဆိပ်ကမ်း၊ ဝါးတန်းဆိပ်ကမ်း၊ မဟာဗန္ဓုလပန်းခြံ၊ မြေနီကုန်း ခုံးကျော်တံတားနှင့် ပြည်သူ့ရင်ပြင်တို့၌ ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ကာလအတွင်း L'Homme Debout အဖွဲ့က ဖန်တီးသော အမြင့် ပေ ၂၀ ဝန်းကျင်ရှိ ဝါးဖြင့်ရက်လုပ်ထားသောရုပ်သေးရုပ်ကြီးနှစ်ခုကို ရန်ကုန်မြို့အတွင်း မြို့သူမြို့သားများ ခြံရံ၍စီတန်းလှည့်လည် သရုပ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ပိတ်ပွဲအခမ်းအနား ပြုလုပ်မည်**

ထို့ပြင် လှည့်လည်ပွဲတစ်လျှောက် ပြင်သစ်-မြန်မာ အနုပညာရှင် ၁၀၀ ကျော်က ဆပ်ကပ်နှင့် တေးဂီတပွဲများ၊ အနုပညာတင်ဆက်မှုများ၊ video mapping၊ စသည့် ဖျော်ဖြေမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တွင် မြို့တော်ခန်းမနှင့် ပြည်သူ့ရင်ပြင်တို့၌ အနုပညာတင်ဆက်မှုများ ပြုလုပ်သွားမည်ဖြစ်ကာ ဒီဇင်ဘာ ၄ ရက်တွင် ပြည်သူ့ရင်ပြင်၌ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ပိတ်ပွဲအခမ်းအနား ပြုလုပ်မည်ဖြစ်သည်။

**တက်ရောက်**

မင်္ဂလာပါ ယဉ်ကျေးမှုပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးအုန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Gautier MIGMOT၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးMr. Olivier Richard ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အဆင့်မြင့်သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၄/ ၂၀၁၆) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၄/ ၂၀၁၆)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်)ရှိ လောကနတ်ခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် လက်ရှိဖြစ်ပေါ်တိုးတက်နေသော သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာဥပဒေဘာသာရပ်၊ စီးပွားရေးဆိုင်ရာဘာသာရပ်နှင့် အထွေထွေဗဟုသုတဆိုင်ရာ ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တခုနစ်ပတ်ကြာမြင့်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိပြီး ပြင်ပပုဂ္ဂလိက ကဏ္ဍများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များအား တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးလျက်ရှိသည်။ အဆင့်မြင့် သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း တက်ရောက်အောင်မြင်ပြီးနောက် သံတမန်ရေးရာဘာသာရပ်များကို ပိုမိုလေ့လာလိုသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

# ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီ စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီ စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပသည်။

စာတမ်းဖတ်ပွဲ နံနက်ပိုင်းတွင် သဘာပတိများအဖြစ် ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်)၊ ဦးအေးချို (ဦးအေးချို-မဟာဝိဇ္ဇာ)နှင့် ဒေါက်တာကျော်ဝင်းတို့က ဆောင်ရွက်ကြပြီး အလှည့်ကျသဘာပတိ ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်)က စာတမ်းရှင် ဒေါက်တာတိုးလှနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဒေါက်တာတိုးလှက "သမိုင်းနှင့် နိုင်ငံရေး" စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဖြေကြားကာ သဘာပတိများက စာတမ်းနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးကြသည်။

စာတမ်းဖတ်ပွဲ မွန်းလွဲပိုင်းတွင် သဘာပတိများအဖြစ် ဦးကျော်ဝင်း (မနုဿကျော်ဝင်း)၊ ဦးမြဟန်(မြဟန်)နှင့် ဦးအံ့ကျော်တို့က ဆောင်ရွက်ကြပြီး အလှည့်ကျသဘာပတိ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က စာတမ်းရှင် ဦးအေးချို(ဦးအေးချို-မဟာဝိဇ္ဇာ)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးအေးချို (ဦးအေးချို-မဟာဝိဇ္ဇာ)က "၁၉၄၈ ခုနှစ် လွတ်လပ်ရေးအပေါ် ခေတ်ပြိုင်စာပေမှတ်တမ်းများအမြင်" စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို စာတမ်းရှင်က ပြန်လည်ရှင်းလင်းဖြေကြားကာ သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။



ဆက်လက်၍ သဘာပတိများအဖြစ် ဦးအံ့ကျော်၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် ဦးမြဟန်(မြဟန်)တို့က ဆောင်ရွက်ကြပြီး အလှည့်ကျ သဘာပတိ ဦးအံ့ကျော် က စာတမ်းရှင် ဦးငွေတိုး (အခြေခံပညာ) (မောင်ကျော်ကျော်-ကွင်းကောက်)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးငွေတိုး (အခြေခံပညာ) (မောင်ကျော်ကျော်-ကွင်းကောက်)က "အခြေခံပညာရေးကဏ္ဍကို လေ့လာသုံးသပ်ခြင်း"စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို စာတမ်းရှင်က ပြန်လည်ဖြေကြားကာ သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် တာဝန်ရှိသူများက သဘာပတိများနှင့် စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များနှင့် ဉာဏ်ပူဇော်ခများ ပေးအပ်ချီးမြှင့်ကြသည်။

စာတမ်းဖတ်ပွဲ တတိယနေ့ကို ဒီဇင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စာတမ်းရှင် အောင်မြင့်ဦး (မဟာဝိဇ္ဇာ) က "အမျိုးသားညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ပတ်သက်၍ ပြည်သူ့ရဲဘော်ကပေးသော သမိုင်းသင်ခန်းစာများ" စာတမ်း၊ စာတမ်းရှင် နေမျိုးအေးက "ခေတ်ပြိုင်သမိုင်းဆိုင်ရာ နိုင်ငံရေးကာတွန်းများ" စာတမ်း၊ စာတမ်းရှင် ထွန်းအောင်ကျော်က "ပါလီမန်အစိုးရ၏ ၁၉၅၀ ပြည့်နှစ်များအတွင်း ဆောင်ရွက်ခဲ့သော မြေယာပြုပြင်ပြောင်းလဲရေး (Land Reform) ကို သမိုင်းရှုထောင့်မှ ချဉ်းကပ်လေ့လာခြင်း" စာတမ်းနှင့် စာတမ်းရှင် သန်းဝင်းရွှေက "ခေတ်သစ်မြန်မာ့စီးပွားရေးသမိုင်းမှ ခေတ်ပြိုင်သမဝါယမ ပညာစာပေ"စာတမ်းတို့ကို ဖတ်ကြားကြမည်ဖြစ်သည်။

ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီ စာအုပ်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၄ ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး စာအုပ်ဆိုင်ပေါင်း ၂၂၀ ကျော်က သုတ၊ ရသ စာအုပ်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သည့်လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော အရာရှိကောင်းများမွေးထုတ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂**

စည်းလုံးညီညွတ်မှုသည် "အား"ကို ဖြစ်စေသကဲ့သို့ စည်းလုံးညီညွတ်မှုပျက်ပြားစေသည့် ကိစ္စရပ်များသည် ခိုင်မာညီညွတ်မှု "အား"ကိုလျော့ကျထိခိုက်စေကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့အားလုံး စည်းလုံးညီညွတ်မှုရှိမှ တပ်မတော်အတွက် "အား" ဖြစ်စေပြီး နိုင်ငံတော်တွင်လည်း နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုသည် နိုင်ငံ့ "အား"ကိုဖြစ်စေနိုင်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ပြောကြားသည်။

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင် တပ်နယ်မှ အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား စစ်သံရုံးများမှ စစ်သံမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများတက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၅၈)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ထက်မင်းပိုင်ဝင်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ဝင်းမင်းရှိန်း၊ စာပေထူးချွန်ဆု (ဝိဇ္ဇာ) ရရှိသူ ဗိုလ်လောင်းထက်အာကာစိုး၊ စာပေ ထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်း တေဇာလင်း၊ စာပေထူးချွန်ဆု (ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်း အောင်ကျော်ကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် စစ်တက္ကသိုလ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်အညီ တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော အရာရှိကောင်းများအဖြစ်၊ တပ်မတော်၏ ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ်ပေးခဲ့ပြီး ကျောင်းဆင်းအရာရှိများအနေဖြင့် ခေတ်အဆက်ဆက် တပ်မတော်၏ တာဝန်၊ နိုင်ငံတော်၏ တာဝန်များကိုကျရာ ကဏ္ဍအသီးသီးတွင် ကျေပွန်အောင် ထမ်းဆောင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ကျရာတာဝန်များကို ထမ်းဆောင်ရာတွင် အထက်မှ ယုံကြည်အားထားရပြီး လက်အောက်မှ လေးစားအားကိုးရသည့် အရာရှိကောင်းများ၊ ပြည်သူက ယုံကြည်အားကိုးရသည့် အရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းတာဝန်ထမ်းဆောင်ကြရန် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် မူဝါဒ (၆)ရပ်ကို ချမှတ်ပြီး စစ်မှန်ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်(Peace Process)ကို ဆောင်ရွက်သည့်အခါတွင် NCA စာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်လိုသကဲ့သို့ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် မူဝါဒ (၆)ရပ်ကိုလည်း လေးစားလိုက်နာရန် လိုကြောင်း၊ သို့မှသာ NCA လမ်းကြောင်းကို မြန်မြန်ဆန်ဆန်နှင့် အဆင်ပြေစွာဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်မှသည် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးမှသည် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုဖြစ်ရန် လမ်းခင်းပေးထားခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားပေါင်းစုံနေထိုင်ကြပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်လိုလျှင် မည်သည့်တိုင်းရင်းသားမဆို စစ်မှုထမ်းစည်းမျဉ်းများနှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခွင့်ရှိကြောင်း၊ နိုင်ငံတကာ၌ နိုင်ငံတိုင်းတွင် တပ်မတော်ဆိုသည်မှာ တစ်ခုသာရှိကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်သည် တစ်ခုတည်းသော တပ်မတော် မူ ဝါဒအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး နိုင်ငံတော်ကို ကာကွယ်လျက်ရှိကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများက ကြိုးပမ်းလုပ်ဆောင်နေကြသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အခြေခံပြီး နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

**(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညစာစားပွဲ၌ ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

# ပြင်သစ်နိုင်ငံနှင့် မြန်မာနိုင်ငံယဉ်ကျေးမှုဆက်ဆံရေး (၅၅)နှစ်မြောက် အထိမ်းအမှတ်ဖွင့်ပွဲကျင်းပ

**တွေ့ဆုံမေးမြန်း- တင်စိုး(မြန်မာ့အလင်း)၊ ထင်ပေါ်ဝင်း**

**ရန်ကုန် ဒီဇင်ဘာ ၂**

ပြင်သစ်နိုင်ငံနှင့် မြန်မာနိုင်ငံယဉ်ကျေးမှုဆက်ဆံရေး (၅၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ပြင်သစ်ယဉ်ကျေးမှုဌာနတို့ ပူးပေါင်း၍ သုံးရက်ကြာကျင်းပမည့် မင်္ဂလာပါပွဲတော်ကို ယနေ့ ဝါတန်းလမ်းဆိပ်ကမ်း၌ ညနေ ၄ နာရီက စတင်ကျင်းပခဲ့ရာ ပွဲတော်အတွင်း ပါဝင်ခဲ့သူများ၏ စကားသံများကို စုစည်းတင်ပြလိုက်ပါသည်။

ပြင်သစ်သံအမတ်ကြီး Mr. Oliver Richard က "မြန်မာနိုင်ငံဟာ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီးတော့ ကြီးမားတဲ့ တိုင်းပြည်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုဟာဆိုရင် အင်မတန်ရှေးကျပါတယ်။ ပြင်သစ်နိုင်ငံဟာ ဆိုလို့ရှိရင်လည်း ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီးတော့ အင်မတန်အလေးထားတဲ့ တိုင်းပြည်တစ်ခုဖြစ်ပါတယ်။ ပြင်သစ်-မြန်မာ ယဉ်ကျေးမှု ဆက်ဆံရေးဟာဆိုလို့ရှိရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၅ နှစ်အတွင်းမှာ ဘယ်တုန်းကမှ ရပ်တန့်သွားတယ်ဆိုတာမရှိခဲ့ပါဘူး။ မြန်မာနိုင်ငံမှာ အင်မတန်ခက်ခဲတဲ့ နှစ်ကာလတွေတုန်းကလည်း ပြင်သစ် ယဉ်ကျေးမှုဌာနဟာ တံခါးဖွင့်ထားခဲ့ပါတယ်။ အဲဒီအချိန်မှာ မြန်မာနိုင်ငံက အနုပညာသမားတွေဟာ ပြင်သစ်ယဉ်ကျေးမှုဌာနကို လာရောက်ပြီး တော့ သူတို့ရဲ့ အနုပညာနဲ့ ပတ်သက်တဲ့ လှုပ်ရှားမှုတွေ၊ သူတို့ရဲ့ ခံစားမှုတွေကို အနုပညာလှုပ်ရှားမှုကတစ်ဆင့် ဖော်ပြခဲ့ပါတယ်။ ဒီနေ့မှာဆိုရင် မြန်မာနိုင်ငံဟာ ပြုပြင်ပြောင်းလဲရေး အင်မတန်ကြီးမားတဲ့ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဒီကနေ့ကျင်းပတဲ့ မင်္ဂလာပါ ယဉ်ကျေးမှုပွဲတော်ဟာဆိုလို့ရှိရင် ပြင်သစ်နဲ့ မြန်မာနှစ်နိုင်ငံကြားမှာရှိတဲ့ ချစ်ကြည်ရင်းနှီးမှု ယဉ်ကျေးမှုဆက်ဆံရေးတွေကို ဖော်ပြခြင်းသာမကပဲ လာမယ့် အနာဂတ်ကာလမှာ ပြင်သစ်နဲ့ မြန်မာဆက်ဆံရေးတွေ တိုးတက်ဖို့အတွက်ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းကာ ကျင်းပခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္စာမျိုးက ပွဲတော်ကျင်းပမည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ "ဒီနေ့ဆိုရင် မနက် စောစောကတည်းက ပြင်သစ်ကနေလာတဲ့ အရုပ်ကြီးက ရန်ကုန်မြစ်ဝကနေ ဗိုလ်တထောင်ဆိပ်ကမ်းကို လာပါတယ်။ ဗိုလ်တထောင်ဆိပ်ကမ်းမှာ ပြည်သူတွေနဲ့ တွေ့ပြီးပြီ။ ဗိုလ်တထောင်ဆိပ်ကမ်းကနေ ဒလဘက်ကို သွားပါတယ်။ ဒလမြို့ဘက်ကနေ ပြည်သူတွေနဲ့ အကုန်လုံးတွေ့ပါတယ်။ အခု ညနေ ၄ နာရီခွဲမှာ ဝါးတန်းဆိပ်ကမ်းကို လာမှာဖြစ်ပါတယ်။ ဝါးတန်းဆိပ်ကမ်းကို ရောက်ပြီဆိုလို့ရှိရင် မြန်မာပြည်မှာရှိတဲ့ ရွှေမိရုပ်နဲ့ တွေ့ပါမယ်" ဟု ပြောကြားသည်။



Mr. Oliver Richard



နော်ပန်းသဥ္စာမျိုး



ဒေါ်သူဇာအောင်

ကြည့်မြင်တိုင်မြို့နယ်မှ ပွဲတော်သို့ လာရောက်သူတစ်ဦးဖြစ်သည့် မလေးခင်ခင်က "မြန်မာနဲ့ ပြင်သစ်နဲ့ ပူးပေါင်းပြီးတော့ မြန်မာ့ အမွေအနှစ်ရော၊ ပြင်သစ်ရဲ့အမွေအနှစ်တွေရော၊ ပြင်သစ်ရဲ့ ယဉ်ကျေးမှုတွေပါ ပူးပေါင်းပြီးတော့ လုပ်မယ်ဆိုတော့ နိုင်ငံနှစ်ခုရဲ့ အနုပညာတွေ ဖလှယ်လို့ရတဲ့ အနေအထားပါ။ ဘာများ ထူးဆန်းမလဲဆိုပြီး သိချင်လို့ လာတာပါ။ သံတမန်ရေးအရ ပိုပြီးတော့ ပူးပေါင်းလာမယ်လို့ ခံစားရတယ်။ လာတာနောက်ကျသွားလို့ အရုပ်ကြီးနှစ်ရုပ် လက်ဆွဲလိုက်တာတွေ၊ ဘာတွေ မမြင်လိုက်ဘူး။ ပြင်သစ်ရဲ့အနုပညာနဲ့ ပတ်သက်လို့ တီထွင်မှုဘာတွေရှိလဲ။ ညီမတို့ မြန်မာနိုင်ငံကရော ကိုယ့်အနုပညာ၊ ကိုယ့်ရဲ့အမွေအနှစ်တွေကို ဘယ်လို ထိန်းသိမ်းမလဲ၊ ကမ္ဘာကို သိအောင် ဘယ်လိုလုပ်ရမလဲ။ နှစ်နိုင်ငံပူးပေါင်းတာကနေ တစ်ဆင့် ထပ်ပြီး ဘာတွေလုပ်မလဲဆိုတာ ကြည့်ရမှာပေါ့" ဟု ပွဲတော်သို့ လာရောက်လေ့လာရခြင်းရည်ရွယ်ချက်ကို ရှင်းပြသည်။

လမ်းမတော် (၆) လမ်း၌ နေထိုင်သူတစ်ဦးဖြစ်သည့် ဒေါ်သူဇာအောင်က "လာတာကတော့ ကြည့်ချင်တာပေါ့။ ဒီအသက်အရွယ်အထိ တစ်ခါမှလည်း အဲဒီလို မမြင်ဖူးဘူးလေ။ နောက် ကြိမ်တွေနဲ့ လုပ်ထားတယ်ဆိုတော့လည်း ထူးထူးဆန်းဆန်းဖြစ်နေတာပေါ့။ တီဗီကလည်းကြော်ငြာတာ တွေ့နေရတော့ အလွန်ကို သိချင်နေတယ်။ ဒီနေ့ကို မြန်မြန် ရောက်ချင်နေတယ်"ဟု မြန်မာ့အလင်းသို့ ပြောသည်။

ဒုတိယနေ့ အစီအစဉ်များအဖြစ် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကမ်းနားလမ်း ကုန်သည်လမ်း၊ မဟာဗန္ဓုလပန်းခြံနှင့် မြို့တော်ခန်းမတို့၌ ရုပ်သေးရုပ်ကြီးနှစ်ရုပ်ကို စီတန်းလှည့်လည်မည်ဖြစ်ပြီး မွန်းလွဲ ၂ နာရီမှ ည ၁၀ နာရီအထိ မဟာဗန္ဓုလပန်းခြံနှင့် မြို့တော်ခန်းမတွင် ဆပ်ကပ်အကများ၊ ဆိုင်းအဖွဲ့နှင့် ဂီတအကပညာရှင်များ၊ ပရိဂျက်တာများဖြင့် 3D ဗီဒီယိုပြသခြင်းများဖြင့် ဖျော်ဖြေတင်ဆက်မည် ဖြစ်ကြောင်း သိရသည်။

တတိယနေ့အစီအစဉ်များအဖြစ် နံနက် ၁၀ နာရီ ၄၅ မိနစ်မှ ည ၉ နာရီအထိ စမ်းချောင်းမြို့နယ် ပြည်လမ်း မြေနီကုန်း ခုံးကျော်တံတား အနုပညာစီမံကိန်းအား ဟစ်ဟော့ပြိုင်ပွဲများဖြင့် ဖွင့်လှစ်ခြင်း၊ လမ်းပေါ်တွင် ဖျော်ဖြေမှုများ၊ ရော့ခ်ဂီတနှင့်လမ်းပေါ်တွင် သီဆိုဖျော်ဖြေမှုများနှင့် ရင်သပ်ရှုမောဖွယ်ကောင်းသည့် မီးရှူးမီးပန်းပစ်ဖောက်ခြင်းများကို ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# ပြည်ဝင်ဗီဇာအမျိုးအစားအလိုက် (၁-၁၂-၂၀၁၆) ရက်နေ့မှစ၍ ပြင်ဆင်သတ်မှတ်သည့် ဗီဇာစည်းကမ်းသတ်မှတ်ချက်များ

**မြန်မာနိုင်ငံတွင် လက်ရှိ ခွင့်ပြုပေးလျက်ရှိသော ပြည်ဝင်ဗီဇာ စနစ်သစ် (၁၂) မျိုးအား နိုင်ငံခြားသားများ အဆင်ပြေချောမွေ့စွာ ဗီဇာလျှောက်ထားနိုင်ရေးအတွက် ပြည်ဝင်ဗီဇာအမျိုးအစားအလိုက် စည်းကမ်းသတ်မှတ်ချက်များ ပြင်ဆင်သတ်မှတ်ထားသည့် အောက်ဖော်ပြပါ ဗီဇာစည်းကမ်းသတ်မှတ်ချက်များကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။** (*ယမန်နေ့မှအဆက်*)

| စဉ် | ဗီဇာအမျိုးအစား | ပြင်ဆင်သတ်မှတ်မည့် ဗီဇာကြေးနှင့်နေခွင့်ကာလ | ပြင်ဆင်သတ်မှတ်မည့် ဗီဇာစည်းကမ်းသတ်မှတ်ချက် |
|---|---|---|---|
| | - နိုင်ငံတကာ အဖွဲ့အစည်းများဗီဇာ (အကြိမ်ကြိမ်) (Official Visa) (Multiple) | - ဗီဇာကြေး - ၂၀၀ USD<br>- အသုံးပြုခွင့်ကာလ-(၃)လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- **နေခွင့် ရက်(၇၀)ပြည့်လျှင် ပြန်လည် ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၄၀၀ USD<br>- အသုံးပြုခွင့်ကာလ-(၆)လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့် ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- **နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည် ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၆၀၀ USD<br>- အသုံးပြုခွင့်ကာလ-(၁)နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့် ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း<br>- တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- **နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည် ထွက်ခွာရန် မလိုပါ။** | နိုင်ငံတကာအဖွဲ့အစည်းများ ဗီဇာ (၁) ကြိမ်သုံးအတွက် ဗီဇာစည်းကမ်း သတ်မှတ်ချက်များအပြင် အောက်ပါအချက်များ တင်ပြရမည်-<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်) ဝင်ရောက်သူမဖြစ်စေရ။<br>(၂) အကြိမ်ကြိမ် (၃)လ (သို့မဟုတ်) (၆)လ (သို့မဟုတ်) (၁) နှစ်မှ မည်သည့်ဗီဇာကို ရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ်ပြည်ပြန်ဝင်ခွင့်ပြုလုပ်လိုသည့် အကြောင်းအရာအား အခိုင်အမာ အထောက်အထားများဖြင့် တင်ပြရမည်။<br>(ဥပမာ- ကာယကံရှင်ကိုယ်တိုင် တင်ပြနိုင်သော ဆောင်ရွက်မည့် လုပ်ငန်းကိစ္စဖော်ပြခြင်း၊) |
| ၈။ | အလုပ်သမားဗီဇာ (Employment Visa) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၇၀ ရက်<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) တာဝန်ခံခေါ်ယူမည့် ကုမ္ပဏီ၏ ဖိတ်ခေါ်စာ (သို့မဟုတ်) အလုပ်ခန့်စာ အထောက်အထားဖြင့် လျှောက်ထားရမည်။<br>(၂) အလုပ်သမားဗီဇာ လျှောက်ထားရယူ၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာသော နိုင်ငံခြားသား အလုပ်သမားများအနေဖြင့်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပေးသည့် အလုပ်သမား မှတ်ပုံတင်လက်မှတ် ရယူကိုင်ဆောင်ရပါမည်။ |
| ၉။ | - ပညာရေးဗီဇာ (တစ်ကြိမ်သုံး) (Education Visa) (Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၉၀ ရက်<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) ကျောင်းတက်ရန် ဖြစ်ပါက သက်ဆိုင်ရာ တက္ကသိုလ်/ နိုင်ငံခြားဘာသာသင်ကျောင်း၏ ထောက်ခံချက်ဖြင့် လျှောက်ထားရမည်။<br>(၂) ပညာရေးဝန်ကြီးဌာနမှ ကျောင်းများတွင် စာသင်ကြားသည့် ဆရာ/ဆရာမများဖြစ်ပါက သက်ဆိုင်ရာ ကျောင်းများမှ ထောက်ခံချက်ဖြင့် လျှောက်ထားရမည်။ |
| | - ပညာရေးဗီဇာ (အကြိမ်ကြိမ်) (Education Visa) (Multiple) | - ဗီဇာကြေး - ၂၀၀ USD<br>- အသုံးပြုခွင့်ကာလ- (၃)လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- **နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည် ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၄၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၆)လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- **နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည် ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၆၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၁)နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ် ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- **နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည် ထွက်ခွာရန် မလိုပါ။** | ပညာရေးဗီဇာ(၁)ကြိမ်သုံးအတွက် ဗီဇာစည်းကမ်း သတ်မှတ်ချက်များအပြင် အောက်ပါအချက်များ တင်ပြရမည်-<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်) ဝင်ရောက်သူမဖြစ်စေရ။<br>(၂) အကြိမ်ကြိမ် (၃)လ (သို့မဟုတ်) (၆) လ (သို့မဟုတ်) (၁) နှစ်မှ မည်သည့်ဗီဇာကို ရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့် ပြုလုပ်လိုသည့် အကြောင်းအရာအား အခိုင်အမာအထောက်အထားများဖြင့် တင်ပြရမည်။ |
| ၁၀။ | စာနယ်ဇင်း/ မီဒီယာဗီဇာ (Journalist Visa) | - ဗီဇာကြေး - ၄၀ USD<br>- နေခွင့်ကာလ - ၂၈ ရက် | (၁) လျှောက်ထားသူသည် ၎င်းနိုင်ငံ၏ စာနယ်ဇင်းသမား/ မီဒီယာသမားဖြစ်ကြောင်း အထောက်အထားအခိုင်အမာ တင်ပြရမည်။<br>(၂) စာနယ်ဇင်း/ မီဒီယာကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ သွားရောက်လိုသည့် အကြောင်းအရာ၊ ဆက်သွယ်ဆောင်ရွက်မည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်း/ ဌာနဆိုင်ရာ အမည်၊ တည်းခိုနေထိုင်သည့် လိပ်စာအတိအကျ တို့ကို ဖော်ပြရမည်။<br>(၃) အသွား/အပြန် လေယာဉ်လက်မှတ် တင်ပြရမည်။ |
| ၁၁။ | ယာဉ်အမှုထမ်း ဗီဇာ (တစ်ကြိမ်သုံး) (Crew Visa) (Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၉၀ ရက်<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) တရားဝင် သက်တမ်းရှိသော ယာဉ်အမှုထမ်းလိုင်စင် (crew license) ပါရှိရမည်။<br>(၂) သွားရောက်လိုသည့် ကိစ္စရပ်၊ ဆက်သွယ် ဆောင်ရွက်မည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်း ဖော်ပြပါရှိရမည်။ |
| | - ယာဉ်အမှုထမ်း ဗီဇာ (အကြိမ်ကြိမ်) (Crew Visa) (Multiple) | - ဗီဇာကြေး - ၂၀၀ USD<br>- အသုံးပြုခွင့်ကာလ- (၃) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့် ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- **နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန်မလိုပါ။**<br>/<br>- ဗီဇာကြေး - ၄၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၆)လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့် ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- **နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည် ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၆၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၁)နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- **နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည် ထွက်ခွာရန် မလိုပါ။** | ယာဉ်အမှုထမ်းဗီဇာ(၁)ကြိမ်သုံးအတွက် ဗီဇာစည်းကမ်းသတ်မှတ်ချက်များ အပြင် အောက်ပါအချက်များ တင်ပြရမည်-<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်) ဝင်ရောက်သူမဖြစ်စေရ။<br>(၂) အကြိမ်ကြိမ်(၃)လ (သို့မဟုတ်) (၆)လ (သို့မဟုတ်) (၁) နှစ်မှ မည်သည့်ဗီဇာကို ရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့် ပြုလုပ်လိုသည့် အကြောင်းအရာအား အခိုင်အမာအထောက်အထားများဖြင့် တင်ပြရမည်။ |
| ၁၂။ | အလုပ်ရုံ/ ဆွေးနွေးပွဲ/ အစည်းအဝေး/ သုတေသနဗီဇာ (Workshop/ Seminar/ Meeting/ Research Visa) | - ဗီဇာကြေး - ၄၀ USD<br>- နေခွင့်ကာလ - ၂၈ ရက်<br>- သုတေသနဗီဇာဖြင့် ပြည်ဝင်ခွင့် ရရှိသူသည် ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) ဝန်ကြီးဌာန/အဖွဲ့အစည်းတို့၏ ဖိတ်ခေါ်စာဖြင့် လျှောက်ထားရမည်။ |

**ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်ဖြင့် ခွင့်ပြုခြင်း**

၁။ ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်ဖြင့် အောက်ပါဗီဇာ (၄)မျိုးအား ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ခွင့်ပြုသွားမည် ဖြစ်ပါသည်-

| စဉ် | ဗီဇာအမျိုးအစား | ဗီဇာအခငွေ | နေခွင့်ကာလ |
|---|---|---|---|
| (က) | လုပ်ငန်းဗီဇာ (တစ်ကြိမ်သုံး) (Business Visa - Single) | ၅၀ USD | ၇၀ ရက် |
| (ခ) | အလုပ်ရုံ/ဆွေးနွေးပွဲ/အစည်းအဝေး/သုတေသနဗီဇာ (Workshop/Seminar/Meeting/Research Visa) | ၄၀USD | ၂၈ ရက် |
| (ဂ) | ယာဉ်အမှုထမ်းဗီဇာ (Crew Visa) | ၄၀ USD | ၂၈ ရက် |
| (ဃ) | ဖြတ်သန်းဗီဇာ (Transit Visa ) | ၂၀ USD | ၂၄ နာရီ |

**(အသေးစိတ်သိရှိလိုပါက http://www.mip.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ပါသည်)**

**eVisa စနစ်ဖြင့် ခွင့်ပြုခြင်း**

၂။ eVisa စနစ်ဖြင့် အောက်ပါဗီဇာ (၂) မျိုးအား ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင်လည်းကောင်း မြန်မာ-ထိုင်း နယ်စပ်ဂိတ်များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက် ပေါက်များတွင်လည်းကောင်း ခွင့်ပြုသွားမည် ဖြစ်ပါသည်-

| စဉ် | ဗီဇာအမျိုးအစား | ဗီဇာအခငွေ | နေခွင့်ကာလ |
|---|---|---|---|
| (က) | ကမ္ဘာလှည့်ဗီဇာ (Tourist Visa ) | ၅၀ USD | ၂၈ ရက် |
| (ခ) | လုပ်ငန်းဗီဇာ (တစ်ကြိမ်သုံး) (Business Visa-Single) | ၇၀ USD | ၇၀ ရက် |

**(အသေးစိတ်သိရှိလိုပါက http://www.mip.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ပါသည်)**

# လူမျိုးစွဲ၊ ဒေသစွဲများနှင့် ဝါဒစွဲများဖြင့် မိမိတို့၏ဆန္ဒကိုသာဦးစားပေးဖော်ဆောင်နေခြင်းများသည် ဒီမိုကရေစီ၏ဆန့်ကျင်ဘက်ဖြစ်နေ

**နေပြည်တော် ဒီဇင်ဘာ ၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၏ **ယခင်နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကို ဆက်လက်ပံ့ပိုးကူညီမှု ရှိ၊ မရှိနှင့် ယခုနိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရကျောင်းသား ကျောင်းသူများကို မည်သည့်အချိန်တွင် ပညာတော်သင် စေလွှတ်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ခံရသူများကို နိုင်ငံပိုင်သတင်းစာများတွင် (၄)ကြိမ် ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါရွေးချယ်ခံရသူများမှ အကြောင်းအမျိုးမျိုးကြောင့် မသွားရောက်နိုင်သဖြင့် နုတ်ထွက်သွားသူများမှလွဲ၍ ယခင်ပညာသင်နှစ်အတွင်း သင်တန်းတက်ရောက်ရန် အကြောင်းကြားစာလက်ခံရရှိခဲ့ပြီး သတင်းစာများတွင် ကြေညာခြင်းခံရသော ကျောင်းသားကျောင်းသူအားလုံးကို ပညာသင်စေလွှတ်ပေးပါကြောင်း။

ပညာသင်စရိတ် ဆက်လက်ထောက်ပံ့ရန် ကျန် ၈၂ ဦးကို ဆက်လက်ထောက်ပံ့ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပြည်ပတက္ကသိုလ်အသီးသီးမှ Offer Letter ရရှိပြီးသူများအနက် မဟာသင်တန်းအတွက် ၄၃ ဦးနှင့် ပါရဂူသင်တန်းအတွက် ၂၂ ဦး စုစုပေါင်း ၆၅ ဦးတို့အား ပညာတော်သင်ဆုချီးမြှင့် စေလွှတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၏ **ဝန်ကြီးဌာနအလိုက်ဖြစ်စေ၊ ဦးစီးဌာနအလိုက်ဖြစ်စေ၊ နယ်မြေဒေသအလိုက်ဖြစ်စေ လမ်းတံတား လုပ်ငန်းအမျိုးမျိုး၌ စံသတ်မှတ်ချက်အမျိုးမျိုးကို တွေ့ရှိရသဖြင့် စံချိန်စံညွှန်း သတ်မှတ်ချက်များထားရှိခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနအောက်တွင် အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနခွဲကို ဖွဲ့စည်းထားပြီး စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာကိစ္စများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါ ကြောင်း၊ စံချိန်စံညွှန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အတည်ပြုချမှတ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် နည်းပညာဆပ်ကော်မတီ ၂၀ ခုကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း။

ယင်းဆပ်ကော်မတီများအနေဖြင့်



မိတ္ထီလာမဲဆန္ဒနယ်မှ
ဒေါက်တာမောင်သင်း

အဆိုပြုစံချိန်စံညွှန်းပေါင်း ၇၇ ခုကို ပြုစုထားရှိပြီး ဖြစ်ပါကြောင်း၊ စံချိန်စံညွှန်း အတည်ပြုပြီးပါက မြန်မာနိုင်ငံစံချိန်စံညွှန်းကုတ်နံပါတ် MMS ရိုက်နှိပ်ဖော်ပြ၍ အများပြည်သူအတွက် အမြန်ဆုံးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လမ်းများ၊ တံတားများ တည်ဆောက်ရေးလုပ်ငန်းခွင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ဆိုင်ရာ စံချိန်စံညွှန်းများကို သာမက ကဏ္ဍအလိုက် စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့အပြင် ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစောတို့၏ ပညာရေးဆိုင်ရာမေးခွန်းများကိုလည်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဖြေကြားခဲ့သည်။

ထို့နောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်သွင်းသည့် **ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ သိန်းနီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA/ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့က ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကျေခြင်း၊ ဒဏ်ရာရခြင်း၊ အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည် ဘဝရောက်ခြင်းနှင့် နိုင်ငံ၏ အချုပ်အခြာတည်မြဲမှု၊ တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်မှ စိုးရိမ်ကြောင်း** အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ** က နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်နိုင်ရေးအတွက် NCA တွင် လက်မှတ်



လှိုင်ကော်မဲဆန္ဒနယ်မှ
ဒေါက်တာဒေါ်ခင်စည်သူ

ထိုးရန် ဖိတ်ခေါ်တိုက်တွန်းထားပါကြောင်း၊ NCA တွင် လာရောက်လက်မှတ်မထိုးနိုင်သေးသည့် အကြောင်းတရားကို အမြန်ဆုံးရှာဖွေရန် လိုအပ်ပါကြောင်း၊ ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများအားလုံး ရိုးသားမှုရှိရန်နှင့် အမှန်တကယ်ငြိမ်းချမ်းရေးရလို၊ ခံစားလိုစိတ်ရှိရန် အဓိကလိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်**က ဒို့တာဝန်အရေးသုံးပါးထဲမှ တစ်ပါးပါးကို မထိန်းနိုင်ပါက မြန်မာနိုင်ငံဆိုသည့် ဝေါဟာရသည် ကမ္ဘာမြေပြင်ပေါ်မှ ပျောက်သွားနိုင်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်မထိုးသမျှ ငြိမ်းချမ်းရေး မရနိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးမရနိုင်သမျှ တိုင်းရင်းသားများလိုလားနေသည့် ဖက်ဒရယ်ဒီမိုကရေစီကို မတည်ဆောက်နိုင်ပါကြောင်း၊ ကျန်သည့် လက်နက်ကိုင်အဖွဲ့များပါဝင်မှုမရှိပါက ငြိမ်းချမ်းရေးပျက်ပြားမည်ကို စိုးရိမ်ပါကြောင်း ဆွေးနွေးသည်။

**တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ**က လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ဘက်တစ်ခုခုက အခြားတစ်ဖက်ကို အပြစ်တင်ဝေဖန်နေရုံဖြင့် မပြေလည်နိုင်သည်ကို အလေးအနက်သတိပြုကြရမည်ဖြစ်ပါကြောင်း၊ အပြန်အလှန် ယုံကြည်မှု၊ နားလည်မှု၊ စိတ်ရင်းစေတနာ မှန်ကန်မှုတို့ဖြင့် နိုင်ငံတော်၏ ရေရှည်အကျိုးကို ဦးတည်ပြီး ဘက်ပေါင်းစုံပါဝင်သည့် ဆွေးနွေးညှိနှိုင်းမှုများ အောင်မြင်စွာပြုလုပ်နိုင်ရေးသာ တစ်ခုတည်းသော နည်းလမ်းဖြစ်ပါကြောင်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းနိုင်သည့်အတွက် မတတ်သာသည့်အဆုံးလက်နက်ကိုင်ပြီး စစ်ရေးနည်းလမ်းကို ရွေးချယ်ခဲ့ရသည်ဆိုသည့် တိုင်းရင်းသားလက်နက်ကိုင်များအတွက် နိုင်ငံရေးဆွေးနွေးပွဲကြီး စတင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

*စာမျက်နှာ ၁၁ သို့*

# ရပ်ရွာအခြေပြု ရဲလုပ်ငန်း၏ ရှေ့ပြေးစီမံချက်ကို ဇွန် ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ မှုခင်းကျဆင်းရေး အထောက်အကူဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေအများဆုံးနေထိုင်သော လှိုင်သာယာမြို့နယ်အတွင်း လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်အင်အားကို ခွင့်ပြုအင်အားထက် ပိုမိုတာဝန်ချထား ဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့မှလည်း ရဲတပ်ဖွဲ့ဝင်အင်အားသာမက နယ်မြေခံပြည်သူများ ပူးပေါင်းပါဝင်သည့် ရပ်ရွာအခြေပြု ရဲလုပ်ငန်းကို ကျင့်သုံးဆောင်ရွက်နေပါကြောင်း၊ လုံခြုံရေးလုပ်ငန်းစဉ်များအရ ရဲတပ်ဖွဲ့ဝင်အင်အား လိုအပ်ချိန်တွင်လည်း ရဲတပ်ရင်းအင်အားများထုတ်နုတ်၍ အင်အားဖြည့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအေးဗိုလ်၏ **လှိုင်သာယာမြို့နယ်တွင် ရပ်ရွာအေးချမ်းသာယာမှုကို အကာအကွယ်ပေးနေသော ရဲဝန်ထမ်း (လုံခြုံရေး) အရေအတွက်ကို ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် ရပ်ရွာလုံခြုံမှုကို ပြည်သူလူထုအတွက် မည်ကဲ့သို့ ကောင်းမွန်စွာ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြေကြားစဉ် အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်သည် ရပ်ကွက် ၂၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ကိုးစု၊ အိမ်ခြေ ၁၃၄၀၁၆ အိမ်၊ အိမ်ထောင်စု ၁၄၉၇၁၇ စု၊ လူဦးရေ ၆၈၆၄၈ ဦး ရှိပါကြောင်း၊ မြို့နယ်အတွင်း စက်ရုံ၊ အလုပ်ရုံ ၈၃၈ ရုံရှိပြီး အလုပ်သမား ၆၈၆၆၈ ဦးရှိ၍ အလုပ်အကိုင်အခွင့်အလမ်း ရရှိသောနယ်မြေဖြစ်သဖြင့် အခြားဒေသများမှလာရောက် အလုပ်လုပ်ကိုင်သူ ပေါများကာ လူဝင်၊ လူထွက် များပြားသောနယ်မြေဖြစ်ပါကြောင်း၊ ထိုသို့များပြားသည့်အတွက် မြို့နယ်အတွင်း ၂၀၁၄ ခုနှစ်တွင် အမှုကြီး ၄၇ မှုနှင့် အခြားမှု ၁၁၅၆ မှု၊ ၂၀၁၅ ခုနှစ်တွင် အမှုကြီး ၄၈ မှုနှင့် အခြားမှု ၁၁၃၁ မှု၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ အမှုကြီး ၅၂ မှုနှင့် အခြားမှု ၁၁၁၈ မှု ဖြစ်ပွားခဲ့ပါကြောင်း၊ မြို့နယ်အတွင်း မှုခင်းများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မှု အမျိုးအစား ၁၁ မျိုးအား အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် စက်တင်ဘာလကုန်အထိ ကြိုတင်ကာကွယ်မှု ၂၀၄၁ မှု ဖမ်းဆီးအရေးယူခဲ့ပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အားသည် ဖွဲ့စည်းပုံအင်အား၏ ၄၆ ဒသမ ၉၉ ရာခိုင်နှုန်းရှိပြီး ရဲတပ်ဖွဲ့အင်အား တိုးမြှင့်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေထူထပ်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းပေါများခြင်းနှင့် နေ့စဉ်အခြားဒေသမှ ဝင်/ထွက် သွားလာသူများပြားခြင်းတို့ကြောင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များထက် မှုခင်းဖြစ်ပွားမှု အခြေအနေများ ပိုမိုသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အင်အားကို ဖွဲ့စည်းပုံအင်အား၏ ၇၉ ဒသမ ၄၅ ရာခိုင်နှုန်းအထိ တာဝန်ခွဲဝေချထားပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အင်အားအများဆုံး တာဝန်ချထားပေးပါကြောင်း၊ လှိုင်သာယာမြို့နယ် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်များကို ဆောင်ရွက်ရန် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး တစ်ရုံးနှင့် ရဲစခန်းနှစ်ခု ဖွင့်လှစ်ထားပါကြောင်း၊ မြို့နယ်၏ မူလဖွဲ့စည်းပုံပါ တပ်ဖွဲ့ဝင်အင်အား ၂၀၄ ဦးဖြစ်ပြီး တပ်ဖွဲ့ဝင်အင်အား ၂၁၅ ဦးကို တာဝန်ချထားပေး၍ ဖွဲ့စည်းပုံအင်အား၏ ၁၀၅ ဒသမ ၃၉ ရာခိုင်နှုန်းအထိ တိုးမြှင့်တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး

လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှ ရပ်ကွက်များ၏ လုံခြုံရေး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေးတို့ကို ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လူငယ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်ပြည်သူလူထုအတွင်း မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်အထိ မူးယစ်ဆေးဝါးအသိပညာပေးဟောပြောခြင်း ၁၃ ကြိမ်၊ သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခြင်း ၂၀ ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းကျဆင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ရပ်ရွာအခြေပြု ရဲလုပ်ငန်း၏ ရှေ့ပြေးစီမံချက်ကို ၂၀၁၆ ခုနှစ် ဇွန် ၁၄ ရက်မှစတင်ကျင့်သုံးဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်



ပဲခူးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး

အောက်တိုဘာ ၃၁ ရက်အထိ ပြေးလေးပြေး တရားခံ စုစုပေါင်း ၁၀၀ ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး မှုခင်းကျဆင်းရေးကို အထောက်အကူဖြစ်စေပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၏ **ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ကျေးလက်လမ်း၊ တံတားများ ပျက်စီးယိုယွင်းနေမှုများကို တင်ဒါစည်းကမ်းများနှင့်အညီ တာဝန်ယူပြန်လည် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တစ်နိုင်ငံလုံးရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများအား တိုင်းရင်းသားလုပ်ငန်းရှင်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တင်ဒါစနစ်ဖြင့် ရွေးချယ် တာဝန်ပေးအပ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်ဒါစည်းကမ်းချက်များ၌ တည်ဆောက်ရေးလုပ်ငန်းများ နှစ်နှစ်အတွင်း ပျက်စီးပါက သက်ဆိုင်ရာကုမ္ပဏီက ပြန်လည်ပြုပြင်ပေးရန်ပါရှိပြီး တာဝန်ယူခဲ့သည့် ကုမ္ပဏီများအနေဖြင့် ပွင့်လင်းရာသီတွင် ပြန်လည်ပြုပြင်ပေးသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကျေးလက်လမ်းများ ပုံမှန်ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကို လျာထားမည့်အပြင် လမ်းတည်ဆောက်မှု စံနှုန်းများကိုလည်း မြှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ ဒေသဆိုင်ရာ လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူပြီး နောင်လာမည့်နှစ်များတွင် ဆောင်ရွက်မည့် လမ်းအသစ်များသည် အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီစွာဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။

ထန်းတပင် - အုန်းပင် - မြို့စိုး - သံလျက်စွန်းကျောက်ချောလမ်း (၂၆/၄)မိုင်ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ မြေပြင်ကွင်းဆင်း စစ်ဆေးချက်အရ ခေတ်ဥယျာဉ်ကုမ္ပဏီက ဆောင်ရွက်ခဲ့သည့် ပထမလမ်းပိုင်း သုံးမိုင်အနက် တစ်မိုင်ခန့်နှင့် စံစုကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့သော လမ်းပိုင်း ခြောက်မိုင် နှစ်ဖာလုံအနက် နှစ်မိုင်ခန့်တို့၌ မိုးရာသီအတွင်း တန်ပိုယာဉ်များ သွားလာမှုကြောင့် ချိုင့်ခွက်များဖြစ်ပေါ် လျက်ရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ပျက်စီးနေသော လမ်းပိုင်းများကို စာချုပ်ပါ တင်ဒါစည်းကမ်းများနှင့်အညီ ပြန်လည်ပြုပြင်ရန် သက်ဆိုင်ရာ ကုမ္ပဏီများသို့ အကြောင်းကြားထားပါကြောင်း၊ တာဝန်ရှိသော ကုမ္ပဏီများက ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း လမ်းခင်းကျောက်များ စတင်စုဆောင်းပြီး ပွင့်လင်းရာသီ၌ ပြန်လည်ပြုပြင်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အပြင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတက်ထွန်းအောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဝင်းအောင်တို့၏ သိမ်းဆည်းလယ်ယာမြေနှင့် ကျေးလက်လမ်းများ ကောင်းမွန်ရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၅ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောမပြုန်းတီးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အင်္ဂလန်နိုင်ငံ အခြေစိုက် Environmental Investigation Agency(EIA)မှ Forest Team Leader ,Ms. Faith Doherty နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောမပြုန်းတီးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း Environmental Investigation Agency(EIA)မှ Forest Team Leader , Ms. Faith Doherty အား တွေ့ဆုံစဉ်**

*ပြည်သူ့လွှတ်တော်မှ*

**တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်**က တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကို မဖြစ်မနေရယူလိုစိတ်အပေါ် အရင်းခံကာ စိတ်ရှည်သည်းခံလျက် ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒို့တာဝန် အရေးသုံးပါးအပေါ် အခြေခံပြီး နိုင်ငံ၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ သုံးရပ်အပေါ်တွင် ရပ်တည်ပြီး အဖွဲ့အစည်းမျိုးစုံနှင့် လက်တွဲပူးပေါင်း လုပ်ဆောင်နေသည်ကိုလည်း အားလုံးအသိပင် ဖြစ်ပါကြောင်း။

စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် တပ်မတော်၏ ငြိမ်းချမ်းရေးမူ ခြောက်ရပ်နှင့်အညီ လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို အမြဲတမ်းလက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း၊ လိုအပ်ချက်များကို နိုင်ငံရေးလမ်းကြောင်းဖြစ်သည့် အစိုးရ၊ လွှတ်တော်လမ်းကြောင်းများကသာ ဒီမိုကရေစီနည်းလမ်းတကျတောင်းဆိုကြရမည် ဖြစ်ပါကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲများနှင့် ဝါဒစွဲများဖြင့် မိမိတို့၏ ဆန္ဒကိုသာ ဦးစားပေးဖော်ဆောင်နေခြင်းများသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်ဖြစ်နေသည်ကို အလေးအနက် သတိပြုရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**အကြံပြုဆွေးနွေး**

ထို့အတူ အဆိုနှင့်စပ်လျဉ်း၍ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင်၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်၊ ဖရူဆို မဲဆန္ဒနယ်မှ ဦးပဲ့ဒူ၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်တို့လည်း အကြံပြုဆွေးနွေးခဲ့ကြသည်။

အဆိုနှင့်စပ်လျဉ်း၍ **ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ**က KIA၊ TNLA၊ MNDAA လက်နက်ကိုင်သောင်းကျန်းသူများသည် လက်နက်ကြီး၊ လက်နက်ငယ်များ ကိုင်ဆောင်၍ သာလွန်အင်အားဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မြို့များအတွင်း လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ သွားလာနေသည့် ယာဉ်များကို ရပ်တန့်ဖျက်ဆီးခြင်း၊ ဆက်ကြေး တောင်းခံခြင်း၊ လူမှုကူညီရေးအသင်းမှ ယာဉ်နှင့်လူများကို ပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးသူဦးရေမှာ ယနေ့အထိ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရပ်သားများနှင့် ဒေသခံပြည်သူ့စစ်အပါအဝင် စုစုပေါင်း ၁၈ ဦးကျဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ စုစုပေါင်း ၇၃ ဦး ရှိပါကြောင်း၊ ဒဏ်ရာရရှိသူများကို သက်ဆိုင်ရာ ဆေးရုံများ၌ ဆေးကုသမှုခံယူစေလျက် ရှိပါကြောင်း။

**နှောင့်ယှက်ပျက်စီးစေ**

KIA၊ TNLA၊ MNDAA လက်နက်ကိုင်သောင်းကျန်းသူများ၏ လုပ်ရပ်သည် အကောင်အထည်ဖော်ဆောင်ရွက်နေသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နှောင့်ယှက်ပျက်စီးစေသည့်အပြင် တည်ဆဲဥပဒေများအရ အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် သတ်မှတ်နိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ နှစ်ပေါင်းများစွာ ရှည်ကြာခဲ့ရခြင်းမှာ အခြေခံကျသည့် နိုင်ငံရေးပြဿနာများကို ဆွေးနွေးညှိနှိုင်း၍ အပေးအယူ၊ အလျှော့အတင်းများ ပြုလုပ်ကာ ဘုံသဘောတူလက်ခံသည့် ဖြေရှင်းချက်များ မရှာဖွေနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် စုပေါင်းအဖြေရှာနိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း လက်မှတ်ရေးထိုး၍ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်နိုင်ရန် တိုက်တွန်းလျက်ရှိပါကြောင်း။

ခေတ်အဆက်ဆက် နိုင်ငံရေးပြဿနာများကို ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်ရန်နှင့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သော မူဝါဒများချမှတ်နိုင်ရန် အလို့ငှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ကျင်းပနိုင်ရေးဆောင်ရွက်ခဲ့ရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် NCA တွင် ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါ ပါဝင်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

**အကြမ်းဖက်အဖွဲ့များအဖြစ် သတ်မှတ်သင့်**

အလားတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းကလည်း KIA၊ MNDAA၊ TNLA နှင့် AA အဖွဲ့တို့ကို အကြမ်းဖက်အဖွဲ့များအဖြစ် လွှတ်တော်က သတ်မှတ်သင့်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအရေးကြီးအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

## ဝန်ထမ်း (၃)

* ပြည်သူ့ဝန်ကို ထမ်းလေမှ
ပြည်သူ့ဝန်ထမ်း ပီသမည်

* ပြည်သူ့ဆန္ဒ အလေးထား
လေးစားရမည်။

* ပြည်သူ့အကျိုး ဦးစားပေး
ပြည်သူ့အရေး ရှေ့တန်းတင်လို့
ပြည်သူ့လိုအင် ဖြည့်ကြမည်
ဦးတည်ခံယူ စွဲမှတ်ထား။

* ပြည်သူ့ဝန်ဆောင်လို့
ကြည်ဖြူအောင် အလုပ်အကျွေးပြု
ကုသိုလ်စိတ်ပွား။

* အလုပ်ကို တန်ဖိုးထား
အမှန်ကြိုးစား တာဝန်ကျေ။

* တာဝန်မှာ စေတနာဆောင်း
ကောင်းမြတ်စိတ်နေ။

* ကံ၊ ဉာဏ်၊ ဝီရိယနဲ့
မိမိဘဝ တက်လမ်းဖွေ
ဖြောင့်တန်းမသွေ လမ်းမှန်ရွေး။

* လုပ်ထုံး လုပ်နည်းနဲ့
စည်းမျဉ်းဥပဒေ ဘောင်အတွင်း
ဘေးကင်းရန်ဝေး။

* ဝန်ထမ်းပေမို့
ချမ်းသာဖို့ မဖြစ်နိုင်။

* ခြိုးခြံချွေတာလို့
လစာကို မျှအောင်သုံး
ရုန်းရသည့်တိုင်။

* ကိုယ်ကျိုးမရှာ
ကိုယ်ကျင့်ဖြူစွာ သိက္ခာမြဲ
ရိက္ခာနဲ့ မလဲနိုင်
စွဲခိုင်မာ ကျင့်သုံး။

* အများအကျိုးဆောင်လို့
ဂုဏ်ထွန်းပြောင် ပွဲဝင်လှ
ချမ်းမြနှလုံး။

* ဝန်ထမ်းကောင်းပါမှ
တိုင်းပြည်ကောင်းမည်အမှန်။

* အကျင့်ဟောင်း စရိုက်ဟောင်းများ
ပြောင်းလဲချိန်တန်။

* အတွေးသစ် အမြင်သစ်နဲ့
ခေတ်သစ်တစ်ခု တည်ဆောက်ရန်
မြန်မကြာ ခုလက်ငင်း။

* မိမိကိုယ်ကို ကောင်းအောင်ကြိုးလို့
ကိုယ့်ဌာန ဂုဏ်သိန်တိုးရအောင်
ကိုယ့်ပြည်ရွာ စည်သာဖြိုးရအောင်
ကြိုးစားကြမင်း။ ။

ဇော်မင်းမင်းဦး

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ (မိုး/ဇလ)

# နာမကျန်းဖြစ်၍ ထိုင်းနိုင်ငံမှ ပြန်လာသူတစ်ဦး ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ ကူးစက်နေသည်ကို တွေ့ရှိ

ချောင်းဆုံ ဒီဇင်ဘာ ၂

**မွန်ပြည်နယ် ချောင်းဆုံမြို့နယ် တော်ကနာကျေးရွာတွင် ထိုင်းနိုင်ငံအတွင်း သွားရောက်အလုပ်လုပ်ကိုင်နေသူ တော်ကနာကျေးရွာ ရပ်ကွက်(၄)နေ မင်းဌေးအောင်သည် လွန်ခဲ့သည့် အောက်တိုဘာလက နေရပ်သို့ ပြန်လာပြီး ကျန်းမာရေးအခြေအနေအရ ရန်ကုန်ဆေးရုံကြီးတွင် သွားရောက်ကုသခဲ့ရာ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ ကူးစက်ခံရသူတစ်ဦးဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏ အကြောင်းကြားချက်အရ မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။**

**အခြေအနေဆိုးရွားလာ**

လူနာမှာ ထိုင်းနိုင်ငံတွင် အလုပ် လုပ်ကိုင်နေစဉ် နာမကျန်းဖြစ်သဖြင့် ဗန်ကောက်ဆေးရုံကြီးတွင် တက်ရောက် ကုသခဲ့ကြောင်း၊ ထိုမှ မြန်မာနိုင်ငံကို ပြန်လာခဲ့ပြီး ပြင်ပဆရာဝန်ဆေးခန်းမှာ ပြသခြင်း၊ ထိုမှတစ်ဆင့် မော်လမြိုင် ရတနာမွန်ဆေးရုံတွင် အောက်တိုဘာလ က ဆေးကုသမှု ခံယူနေရင်းကနေ အခြေအနေဆိုးရွားလာသဖြင့် မော်လမြိုင်ဆေးရုံကို ဆက်လက်တင်ပို့ခဲ့ပြီး မော်လမြိုင်ဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို သွားရောက်ကုသခဲ့ရာမှ ရောဂါလက္ခဏာ တွေ့ရှိရကြောင်း ချောင်းဆုံမြို့နယ်ကျန်းမာရေးဌာနမှ မြို့နယ်ကျန်းမာရေးမှူး အဆင့်(၁) ဦးမြင့်ဝင်းထံမှ သိရသည်။

**ကြိုတင်ကာကွယ်ခြင်းများ ပြုလုပ်**

အဆိုပါ ရောဂါမှာ ကျူးလက်စ် ခြင်ကိုက်ခြင်းမှ ဖြစ်ပွားခြင်းဖြစ်ပြီး လူအများမကူးစက်နိုင်ရန်အတွက် လူနာနေထိုင်ခဲ့သည့် ပတ်ဝန်းကျင်အိမ်များနှင့် ရပ်ကွက်ကျေးရွာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် ခြင်ဆေးဖျန်းခြင်း၊ ရောဂါ ကူးစက်မှု ဆက်လက်မဖြစ်ပွားနိုင်ရန် ကြိုတင်ကာကွယ်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း။

ဂျပန်ဦးနှောက်အမြှေးရောင် ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲများကို ဒီဇင်ဘာ ၁ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မင်းညွန့် ဝင်း ဦးဆောင်ပြီး ဟောပြောပွဲများကို ပြုလုပ်ခြင်းနှင့် ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲများရုတ်တရက် သေဆုံးမှုများဖြစ်ပွားပါက ကျေးလက်ကျန်းမာရေးဌာန ဌာန(ခွဲ)များသို့ ချက်ချင်းသတင်းပေးပို့ကြရန် မြို့နယ်ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းရေး ဓာတ်အားလိုင်းများ စစ်ဆေးဆောင်ရွက်

**လှည်းကူး ဒီဇင်ဘာ ၂**

လှည်းကူးမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော 33KV လှော်ကား-လှည်းကူး ဓာတ်အားလိုင်း အား နွေရာသီဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့်ပြည်သူများ ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် နိုဝင်ဘာလနောက်ဆုံးပတ်က လှော်ကား-လှည်းကူးဓာတ်အားလိုင်းအား ဓာတ်အားပိတ်၍ လိုင်း တစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းချုံနွယ်များ ရှင်းလင်းခြင်း၊ မြို့မရပ်ကွက် (၀/၁)ရပ်ကွက် နှင့်နိဗ္ဗာန်လမ်းတို့ရှိ 33KV လှော်ကား-လှည်းကူးလိုင်းကြိုးအစားထိုးလဲလှယ်ခြင်းကို လှည်းကူးမြို့နယ်လျှပ်စစ်မန်နေဂျာဦးသက်ခိုင်ဦး၊ မန်နေဂျာ (အင်/ယာ)ဦးမင်းဇော်နှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

ထိုသို့ပြင်ဆင်ဆောင်ရွက်သည့်အတွက် ဓာတ်အားပိုမိုကောင်းမွန်ပြီး ဗို့အားပြည့်ဝလာခြင်း၊ လျှပ်စစ် အန္တရာယ် ကင်းရှင်းလာခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**လှကြွယ်**

ချိန်ခါ မရွေး သတိပေး မီးဘေး ကင်းဝေးမည်

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို**
**တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၁ ။)**
**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။"

(ခ) ပုဒ်မခွဲ (ည)၏ နောက်တွင် ပုဒ်မခွဲ (ဋ)၊ (ဌ)၊ (ဍ)နှင့် (ဎ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ) **ဆယ်အိမ်မှူး** ဆိုသည်မှာ ရာအိမ်မှူး ရွေးချယ်ရန်အတွက် လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အထောက်အကူပြုရန်အတွက်လည်းကောင်း သက်ဆိုင်ရာ ဆယ်အိမ်စုအစုအဖွဲ့က ရွေးချယ်သည့် ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသူကိုဆိုသည်။

(ဌ) **ရာအိမ်မှူး**ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရန်အတွက် လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား အထောက်အကူပြုရန်အတွက် လည်းကောင်း သက်ဆိုင်ရာ ရာအိမ်စုအစုအဖွဲ့က ရွေးချယ်သည့် ပုဒ်မ ၅ ပါအရည်အချင်းများနှင့် ပြည့်စုံသူကိုဆိုသည်။

(ဍ) **ကျေးရွာတာဝန်ခံ** ဆိုသည်မှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အထောက်အကူ ပြုရန်အတွက် သက်ဆိုင်ရာကျေးရွာရှိ ရာအိမ်မှူးများက ရွေးချယ်သည့် ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသူကို ဆိုသည်။

(ဎ) **အိမ်ထောင်စုကိုယ်စားလှယ်**ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား မဲပေးရွေးချယ်နိုင်ခွင့်ရှိသည့် အိမ်ထောင်စု တစ်ခု၏ အိမ်ထောင်ဦးစီး သို့မဟုတ် (၁၈) နှစ်ပြည့်ပြီး မိသားစုဝင် တစ်ဦးဦးကို ဆိုသည်။"

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ အခန်း(၃) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"အခန်း (၃)**
**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့တွင် ပြည့်စုံရမည့် အရည်အချင်းများ"**

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (င)၊ (ဆ)နှင့် (ည)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(င) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံးငါးနှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်း၊

**ခြွင်းချက်။** ဒေသခံအငြိမ်းစား ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း (၂) နှစ် နေထိုင်သူကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဆ) ပေးအပ်သည့် တာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(ည) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်း။"

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း နေထိုင်သူများက ရွေးချယ်ပေးသော ယင်းတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိသည့် ရပ်မိရပ်ဖ ငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။"

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ကြီးကြပ်ရေးအဖွဲ့သည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုစာရင်းများရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် တစ်ဆက်တစ်စပ်တည်း အစဉ်လိုက်ဖြစ်သော ဆယ်အိမ်စုအစုအဖွဲ့နှင့် ရာအိမ်စု အစုအဖွဲ့များကို ဖွဲ့စည်းရမည်။

(ခ) ဆယ်အိမ်စုအသီးသီးတွင် နေထိုင်ကြသော အိမ်ထောင်စု ကိုယ်စားလှယ်တို့အား စုစည်း၍ မိမိတို့နေထိုင်ရာ ဆယ်အိမ်စုအတွင်း နေထိုင်သူများအနက်မှ ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးကို အများဆန္ဒနှင့်အညီ ဆယ်အိမ်မှူးအဖြစ် ရွေးချယ်ရမည်။

(ဂ) ရာအိမ်စုအသီးသီးတွင် ရွေးချယ်ခံရသော ဆယ်အိမ်မှူးများအနက်မှ ရာအိမ်မှူးတစ်ဦးကို သက်ဆိုင်ရာ ရာအိမ်စုအတွင်းရှိ အိမ်ထောင်စု ကိုယ်စားလှယ်များက အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသော ရာအိမ်မှူးတစ်ဦးတည်းသာ ရှိပါက ယင်းပုဂ္ဂိုလ်အား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

(င) ရွေးချယ်ခြင်းခံရသည့် ရာအိမ်မှူးတစ်ဦးထက်ပိုပါက ယင်းပုဂ္ဂိုလ်အား-

(၁) ရပ်ကွက်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးလောင်းများ အဖြစ် လည်းကောင်း၊ ကျေးရွာအုပ်စုများတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းများအဖြစ် လည်းကောင်း အမည်စာရင်းပြုစုရမည်။

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးလောင်း များအဖြစ် အမည်စာရင်းပြုစုရာတွင် အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့် ရာအိမ်မှူးများရှိပါက ယင်းတို့၏အမည်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးလောင်းအမည်စာရင်းတွင် ချန်လှပ်ရမည်။

(စ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁) အရ ပြုစုထားသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များက သတ်မှတ်ထားသော နေ့ရက်တွင် လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ်စေရမည်။ ရရှိသော ဆန္ဒမဲများကို ရေတွက်၍ ဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်း ပြုစုပြီး ကြေညာရမည်။

(ဆ) ကျေးရွာတစ်ရွာထက် ပိုမိုဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာ ကျေးရွာတာဝန်ခံအဖြစ် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ က မိမိတို့ထဲမှတစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။

(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ၏ အမည်စာရင်းနှင့် ကိုယ်ရေး အချက်အလက်များ၊

(၂) ကျေးရွာတာဝန်ခံများ၊ ရာအိမ်မှူးများအဖြစ် ရွေးချယ်ခြင်း ခံရသူများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(၃) ဆယ်အိမ်မှူးများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက် အလက်များ။"

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၇၊ ပုဒ်မခွဲ (ဇ) အရ တင်ပြလာသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအားစိစစ်ပြီး ပုဒ်မ ၅ ပါ အရည်အချင်း များနှင့် ပြည့်စုံပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးအဖြစ် ခန့်အပ်ရမည်။ သက်ဆိုင်ရာ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအဖြစ် တာဝန် ပေးရမည်။"

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။ ယင်း၏သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ် ထက်မပိုစေရ။ သို့ရာတွင် အုပ်ချုပ်ရေးမှူးသက်တမ်း၏ ထက်ဝက် ထက်မပိုသော ကြားဖြတ်တာဝန်ယူသည့်ကာလကို ရာထူးသက်တမ်း တစ်ခုဟု မသတ်မှတ်ရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် နိုင်ငံတော် သမ္မတ၏ သက်တမ်းသစ်ကာလတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး အသစ်ရွေးချယ်ခန့်အပ်တာဝန်ပေးပြီးသည့် အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များ ကို စနစ်တကျ လွှဲပြောင်းပေးရမည်။"

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။"

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃ တွင် -

(က) ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့က ဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေ ဦးစီးကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ အခြားအခမ်း အနားများ၊ အများပြည်သူသို့ ဖျော်ဖြေသည့် ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲ များ၊ ရိုးရာဓလေ့အရ ပွဲများကျင်းပခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေးတင်ပြပြီး တာဝန်ယူ၊ တာဝန်ခံ ကျင်းပစေခြင်း၊"

(ခ) ပုဒ်မခွဲ (ဆ) ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ည) အများပြည်သူနှင့် သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှု လုပ်ငန်းများ တည်ထောင်ခွင့်တောင်းခံလာပါက သဘောထား မှတ်ချက်ဖြင့် သက်ဆိုင်ရာသို့ တင်ပြခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ် လျှင်ဖြစ်စေ၊ စည်းကမ်းချက် မလိုက်နာလျှင်ဖြစ်စေ အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊"

(ဃ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဎ) တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် လုံခြုံရေးတို့အတွက် စစ်ဆေးရန် လိုအပ်သော နေအိမ်ဥပစာနှင့် နေရာများကို လုံလောက် သော အကြောင်းပြချက်နှင့် အဖွဲ့ဖြင့် စနစ်တကျ ဝင်ရောက် စစ်ဆေးခြင်း၊"

(င) ပုဒ်မခွဲ (ဓ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဓ) ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာ ခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့် လူဦးရေစာရင်းများကို အချိန်နှင့် တစ်ပြေးညီပြုစုခြင်း၊"

(စ) ပုဒ်မခွဲ (ဝ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဝ) အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏ အကျိုးကို လတ်တလော ထိခိုက်စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေ ပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့ အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းကို ချက်ချင်း ဆောင်ရွက်ခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးတင်ပြခြင်း၊"

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၅ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးတစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှုပြုရန်လိုအပ်ပါက အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးမှုပြုပြီး နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည်-"

၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတွင် -

(က) ပုဒ်မ ၁၆ ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦးအား နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း၊ ယာယီခွင့်ခံစားခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍-"

(ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) တာဝန်မှ ယာယီရပ်ဆိုင်းခံရသည့်ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ ကွယ်လွန်ခြင်း သို့မဟုတ် အခြားအကြောင်း ကြောင့် လစ်လပ်နေသည့် ကာလတွင်ဖြစ်စေ၊ ယာယီခွင့် ခံစားခွင့်ပြု သည့် ကာလတွင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၏တာဝန်ကို ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ် ရေးမှူးသည် ပုဒ်မ ၇၊ ပုဒ်မခွဲ (စ)အရ ဆန္ဒမဲဒုတိယအများဆုံး ရရှိသည့် ရာအိမ်မှူးတစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်။ ဆန္ဒမဲဒုတိယအများဆုံးရရှိသူက ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပေါ်ပေါက်လျှင် သင့်လျော်သည့် ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူးတစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်။"

၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၆ ၏နောက်တွင် ပုဒ်မ ၁၆-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၆-က။ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (စ)ပါ ပြဋ္ဌာန်းချက်တစ်ခုခုအရ တာဝန်မှရပ်စဲခံရပါက တစ်ဆက် တစ်စပ်တည်းဖြစ်သော သက်တမ်းနှစ်ကြိမ်တွင် ပါဝင်ရွေးချယ်ခံခွင့်မရှိစေရ။"

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်လနှင့်အထက် ကျော်လွန်၍ လာရောက်တည်းခိုနေထိုင်သူများရှိပါက မှတ်တမ်းထားရှိနိုင်ရန်အတွက် သတ်မှတ် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးအကြောင်းကြားရမည်။"

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အများပြည်သူနှင့် သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်လိုပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ ခွင့်ပြုချက်ရယူရမည့်အပြင် သတ်မှတ်ထား သည့် စည်းကမ်းချက်များကို လိုက်နာရမည်။"

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူဖျော်ဖြေသည့် ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့် ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးတင်ပြရမည့်အပြင် သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။"

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၄ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများသည် အောက်ပါ အခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည် -"

၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -"

"၂၇။ မည်သူမဆို ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ ပါတာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ် ကျခံစေရန် သက်ဆိုင်ရာတရားရုံး က ချမှတ်ရမည်။"

၁၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည်။

၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၃၄ ၏ နောက်တွင် ပုဒ်မ ၃၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၄-က။(က) ကျေးရွာတာဝန်ခံနှင့် ရာအိမ်မှူးများသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား လုံခြုံရေးနှင့် အုပ်ချုပ် ရေးဆိုင်ရာကိစ္စရပ်များအတွက် အကြံပေးခြင်း၊ အထောက်အကူပြု ခြင်းတို့ ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ) ဆယ်အိမ်မှူးများသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ လုံခြုံရေး နှင့် အုပ်ချုပ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၏ ဦးဆောင်စီမံမှုနှင့်အတူ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်။"

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုး သည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# လူငယ်ပြစ်မှုဆိုင်ရာကွင်းဆက်များကို စုံစမ်းဖော်ထုတ်ရန် ရဲတပ်ဖွဲ့များထပ်မံအင်အားဖြည့်

**မဲလ်ဘုန်း ဒီဇင်ဘာ ၂**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်ရဲတပ်ဖွဲ့သည် လူငယ်ပြစ်မှုဆိုင်ရာကွင်းဆက်များကို စုံစမ်းဖော်ထုတ်နှိမ်နင်းရန် ရဲတပ်သားသစ် ၂၀၀၀ ခန့်ကို ထပ်မံအင်အားဖြည့်တင်းမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အေပက်ဂိုဏ်းကဲ့သို့သော အကြမ်းဖက်လမ်းဘေးဂိုဏ်းအဖွဲ့များက ကားခိုးပြတိုက်မှုများ၊ ဖောက်ထွင်းခိုးယူမှုများကို ပိုမိုပြုလုပ်လာသောကြောင့် ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ၎င်းတို့ကိုနှိမ်နင်းရန် အင်အားထပ်မံဖြည့်တင်းခြင်းဖြစ်ကြောင်း ဆိုသည်။ လမ်းဘေးဂိုဏ်းများ အထူးသဖြင့် အေပက်ဂိုဏ်းသည် အစိုးရအား သိသာစွာဖိအားပေးမှုမြင့်တက်လာသည့် ဂိုဏ်းအဖွဲ့ဖြစ်ကြောင်း သိရသည်။

တရားဥပဒေစိုးမိုးရေးကို ကိုင်တွယ်နေသည့် ဝန်ကြီးချုပ် ဒန်နီရယ် အန်ဒရူးဦးဆောင်သော အစိုးရအဖွဲ့အတွက် ထိုသို့သောဂိုဏ်းများသည် တရားဥပဒေစိုးမိုးရေးကို နောက်ပြောင်ကျီစယ်နေသည့်ဂိုဏ်းများဖြစ်သည်။ ရဲတပ်ဖွဲ့တွင် အင်အားထပ်မံဖြည့်တင်းလိုက်ခြင်းကြောင့် အမေရိကန်ဒေါ်လာ သန်း ၇၅၀ ခန့် ကုန်ကျနိုင်ကြောင်း သိရသည်။ မဲလ်ဘုန်းတွင်ရာဇဝတ်မှုများ မြင့်တက်လာသောကြောင့် ရဲအရာရှိများလည်း စိုးရိမ်မှုများမြင့်တက်လာကြောင်း သိရသည်။

ရာဇဝတ်မှုများကို စုံစမ်းဖော်ထုတ်နှိမ်နင်းရန် အစိုးရအနေဖြင့် ရဲအရာရှိများကို ထပ်မံအင်အားဖြည့်တင်းရုံသာမဟုတ်ဘဲ မှုခင်းသတင်းပေးဝက်ဘ်ဆိုက်များနှင့် အရေးပေါ်တယ်လီဖုန်းလိုင်း (ဟော့လိုင်း)နံပါတ်များကိုလည်း ဖွင့်လှစ်ပေး ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ထိုင်းဘုရင်သစ်၏ ပထမဆုံးတာဝန်အနေဖြင့် နတ်ရွာစံဘုရင်အား အရိုအသေပေး




**ဗန်ကောက် ဒီဇင်ဘာ ၂**

ထိုင်းဘုရင်အသစ်သည် သောကြာနေ့က ဘုရင်သစ်၏ လုပ်ဆောင်ရမည့် လုပ်ငန်းတစ်ရပ်အနေဖြင့် ရက်သတ္တ ခုနှစ်ပတ်အကြာက နတ်ရွာစံသွားသော ဖခင်ဘုရင်မင်းမြတ်အား အရိုအသေပေးသည့် ဂုဏ်ပြုအခမ်းအနားပြုလုပ်ခဲ့သည်။

ဘုရင်မဟာဗာဂျီရာ လောင်ကွန်သည် နှစ်ပေါင်း ၂၃၄ နှစ် သက်တမ်းရှိခဲ့ပြီဖြစ်သည့် ချက္ကရီမင်းဆက်၏ ၁၀ ဆက်မြောက် ဘုရင်မင်းမြတ်အဖြစ် အစဉ်အလာနှင့်အညီ ထီးနန်းဆက်ခံမှုပြုလုပ်ပြီးနောက် နံနက်ခင်းက နတ်ရွာစံဘုရင်မင်းမြတ်အားရည်စူး၍ ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ ပြုလုပ်သည့် အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အသက် ၈၈ နှစ်ဖြင့် အောက်တိုဘာ ၁၃ ရက်တွင် ထိုင်းဘုရင် ဘူမိဘောနတ်ရွာစံခဲ့ခြင်းကို တစ်နိုင်ငံလုံး ဝမ်းနည်းပူဆွေးခဲ့ကြပြီးနောက် ဘုရင်သစ် ထီးနန်းဆက်ခံ ထူထောင်မှုကို ပြည်သူလူထုက နှုတ်ဆိတ်မှုဖြင့် တုံ့ပြန်ခဲ့ကြသည်။

အသက် ၆၄ နှစ်ရှိပြီဖြစ်သည့် ထိုင်းဘုရင်သစ် ဗာဂျီရာလောင်ကွန်သည် ဖခင်ဘုရင်ဟောင်း၏ နာမည်ဂုဏ်သတင်းကို ဆက်လက်ရှင်သန်စေရန်နှင့် ဆယ်စုနှစ်တစ်ခုအကြာက နိုင်ငံရေးဆိုင်ရာဝိရောဓိဖြစ်ခဲ့မှုများကို ကုစားရန် အကူအညီပေးအပ်ရာတွင် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။ **(ဗန်ကောက်ပို့စ်)**

# ဆီးရီးယား၌ အရေးပေါ်အပစ်အခတ်ရပ်စဲမှုပြုလုပ်ရန် တူရကီနိုင်ငံခြားရေးဝန်ကြီးတောင်းဆို



**အန်ကာရာ ဒီဇင်ဘာ ၂**

အလက်ပိုတွင်ဖြစ်ပွားနေသော ပဋိပက္ခအခြေအနေများသည် အရေးပေါ်အခြေအနေကျရောက်နေသည့်အပြင် သမ္မတဘတ်ရှာအယ်လ်အာဆတ်သည် အုပ်စိုးရန်သင့်လျော်သူမဟုတ်ဟုဆိုကာ တူရကီနိုင်ငံခြားရေးဝန်ကြီး မယ်လ်ဗတ်ကာဘူဆော်ဂလူသည် ဆီးရီးယား၌ အရေးပေါ် အပစ်အခတ်ရပ်စဲမှုပြုလုပ်ရန် သောကြာနေ့တွင် တိုက်တွန်းတောင်းဆိုခဲ့သည်။

ဘေရွတ်၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သမ္မတအာဆတ်နှင့် စပ်လျဉ်း၍ ပြောကြားရာတွင် နိုင်ငံခြားရေးဝန်ကြီးက ဆီးရီးယားသမ္မတသည် ပြည်သူခြောက်သိန်းကျော်ကို အသက်ဆုံးရှုံးစေခဲ့သူ ဖြစ်သည်မှာ မငြင်းဆန် နိုင်သောအချက်ဖြစ်ပြီး ထိုသို့သမိုင်း မှတ်တမ်းရှိသူတစ်ဦးသည် တိုင်းပြည်ကိုအုပ်ချုပ်ရန်မသင့်ဟု ပြောခဲ့သည်။

နေတိုးအဖွဲ့ဝင်ဖြစ်သည့် တူရကီသည် သမ္မတအာဆတ်အား နှင်ထုတ်ရာတွင် သူပုန်များအား အဓိကကျောထောက်နောက်ခံပေးနေသူဖြစ်သည်။

မကြာသေးမီရက်များအတွင်းက ဆီးရီးယားအစိုးရ အင်အားစုများသည် အလက်ပိုအရှေ့ပိုင်းကို ဝိုင်းရံပိတ်ဆို့နိုင်ခဲ့ကာ သူပုန်များအား အရေးနိမ့်စေခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး ကာဘူဆော်ဂလူက တူရကီသည် ဆီးရီးယားပြဿနာကိုအဖြေရှာရန် သမ္မတအာဆတ်၏ မဟာမိတ်ဖြစ်သည့် ရုရှား၊ အီရန်တို့နှင့်သာမက ဆီးရီးယားနှင့် လက်ဘနွန်ရှိခေါင်းဆောင်များနှင့်ပါ ဆွေးနွေးလျက်ရှိကြောင်း ပြောကြားသည်။ **(ရိုက်တာ)**

# ၂၀၁၇ သမ္မတရွေးကောက်ပွဲတွင် ဟော်လန်း ယှဉ်ပြိုင်မည်မဟုတ်

**ပါရီ ဒီဇင်ဘာ ၂**

ပြည်သူထောက်ခံမှုနည်းသောကြောင့် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းက ၎င်းအနေဖြင့် ၂၀၁၇ သမ္မတရွေးကောက်ပွဲတွင် ဒုတိယသက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်း တစ်ရပ်တွင် ဖော်ပြသည်။ ထောက်ခံမဲ လုံလုံလောက်လောက် မရနိုင်သည်ကိုသိသည့်အတွက် ၎င်းအနေဖြင့် သမ္မတရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ဖရန်ဆွာဟော်လန်းက ပြောခဲ့သည်။ ၁၀မိနစ်ကြာရုပ်မြင်သံကြားမိန့်ခွန်းတွင် ဟော်လန်းက ၂၀၁၇ ဧပြီ ၂၃ ရက်နှင့် မေ ၇ ရက်က သမ္မတရွေးကောက်ပွဲမစတင်မီအချိန်အထိ ယူရိုဇုန်ကို ဦးဆောင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ **(ဆင်ဟွာ)**

# အလက်ပိုသူပုန်ထိန်းချုပ်နယ်မြေမှ လူဦးရေ ၃၀၀၀၀ ထက်မနည်း ထွက်ပြေး

**အလက်ပို ဒီဇင်ဘာ ၂**

လွန်ခဲ့သောရက်အနည်းငယ်က အလက်ပိုမြောက်ပိုင်း သူပုန်ထိန်းချုပ်နယ်မြေတွင် နေထိုင်သည့် လူ ၃၀၀၀၀ ထက် မနည်း ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ (အိုင်စီအာစီ)ကပြောခဲ့သည်။

ဆီးရီးယား တပ်ဖွဲ့များ သည် အလက်ပိုအရှေ့ပိုင်း သူပုန်ထိန်းချုပ် နယ်မြေမှ ဆာကန်ရှန်ဘာဘီခေါ် လူငယ် သင်တန်းကျောင်းကို ပြန်လည်သိမ်းပိုက် နိုင်ခဲ့သည်ဟု စစ်ဘက်သတင်းတစ်ရပ်က ဆင်ဟွာသို့ ပြောကြားသည်။ အလက်ပို အရှေ့တောင်ဘက် ဒေသရှိ သူပုန်ထိန်းချုပ်ရာဒေသ၏ ဂိတ်သဖွယ်ဖြစ်သော ရှိတ်ဆာအစ်အနီး တစ်ဝိုက်ကို အစိုးရတပ်များ သိမ်းပိုက်ပြီး တစ်ရက်အကြာတွင် ဆာကန်ရှန်ဘာဘီခေါ် လူငယ်သင်တန်းကျောင်းကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအပတ် အစောပိုင်းထိုးစစ်များအရှိန် အဟုန်ပြင်းစွာ စတင်ဖြစ်ပေါ်နေကတည်းက ဆီးရီးယားတပ်ဖွဲ့ဝင်များသည် သူပုန်ထိန်းချုပ်ဒေသနှင့် အနီးတစ်ဝိုက်ရှိ ဒေသ ၁၅ ခုနီးပါးကို သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အာဖဂန်နစ္စတန်တောင်ပိုင်း၌ စစ်သွေးကြွများက အရပ်သား၂၀ ကျော်ကို သတ်ဖြတ်

**ကန်ဒါဟာ ဒီဇင်ဘာ ၂**

အာဖဂန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားနေပြီး နှစ်ရက်အတွင်းစစ်သွေးကြွများ၏ သတ်ဖြတ်မှုကြောင့် အာဖဂန်အရပ်သား ၂၃ ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်ရဲအရာရှိချုပ်က သောကြာနေ့က ပြောကြားသည်။

စစ်သွေးကြွရာပေါင်းများစွာတို့သည် ဝေးလံခေါင်ဖျားသည့် နတ်ရှိဒေသကို ရယူထိန်းချုပ်နိုင်ရေးအတွက် စီးနင်းတိုက်ခိုက်ရန် ကြိုးပမ်းခဲ့ကြသော်လည်း လုံခြုံရေးအင်အားစုများက တိုက်ခိုက်ရေးသမားများကို တွန်းလှန်ခဲ့ကြကြောင်း ဗိုလ်ချုပ်အဗ္ဗဒူလ်ရာဇစ်က ဆင်ဟွာသတင်းဌာနသို့ပြောကြားခဲ့သည်။ စစ်သွေးကြွ ၂၉ ဦးကိုလည်း သုတ်သင်နိုင်ခဲ့သည်ဟု ဆိုသည်။

နှစ်ရက်ကြာဖြစ်ပွားခဲ့သည့် ပဋိပက္ခများအတွင်း ရဲတပ်ဖွဲ့ဝင်ခြောက်ဦးကျဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ တာလီဘန်စစ်သွေးကြွများသည် ကန်ဒါဟာပြည်နယ်တစ်လျှောက် ကျေးရွာများရှိ နေအိမ်များသို့ စီးနင်းဝင်ရောက်တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ပြီး ၎င်းတို့အားသတ္တိရှိစွာ ပြန်လည်တိုက်ခိုက်သူ ၂၃ ဦးကိုသတ်ဖြတ်ခဲ့ကြောင်း သိရသည်။ သေဆုံးသွားသူများထဲတွင် အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ် ငါးဦးပါဝင်ခဲ့သည်။

အဆိုပါ ဒေသအတွင်း နယ်မြေရှင်းလင်းရေးစစ်ဆင်မှုတစ်ရပ်ကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး စစ်သွေးကြွများအား အပြီးရှင်းလင်းနိုင်ခြင်းမရှိမီမှာပင် နောက်ထပ်စီးနင်းတိုက်ခိုက်မှုများ ဝင်ရောက်လာနိုင်ဖွယ်ရှိသေးကြောင်း ရာဇစ်က ပြောကြားခဲ့သည်။ **(ရိုက်တာ)**





ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ ပြည်တွင်းအစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်

❀ *ကျော်ဖုံးမှ*

ညနေပိုင်းတွင် ကိုဖီအာနန်သည် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ လက်ရှိ ဖြစ်ပေါ်နေသည့်ရခိုင်အရေး၊ သွားရောက်မည့်နေရာများနှင့် အကြံပေးကော်မရှင် ဆောင်ရွက်မည့် လုပ်ငန်းများမေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ကိုဖီအာနန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်တွေမြို့အထင်ကရနေရာများဖြစ်သည့် ဗုဒ္ဓါမော်နတ်နန်းနှင့် ဗျူးပွိုင့်တို့ကို သွားရောက်ခဲ့ကြသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်သည် ရခိုင်ပြည်နယ်၏ သိမ်မွေ့နက်နဲသည့် အရေးကိစ္စများကို ဖြေရှင်းပေးနိုင်ရန်နှင့် အကောင်းဆုံးနည်းလမ်းများရှာဖွေရန်အတွက် ပါဝင် သက်ဆိုင်သူများနှင့် လည်းကောင်း၊ နိုင်ငံတကာကျွမ်းကျင်သူများနှင့်လည်းကောင်း၊ နိုင်ငံတကာမှ အရေးပါသည့် ပုဂ္ဂိုလ်များနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေး၍ အမြင်သဘောထားများ ရယူ၍ လေ့လာသုံးသပ်မှုများကို ပြုလုပ်လျက်ရှိသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့တွင် ဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန်၊ အဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းမြ၊ ဒေါက်တာ သာလုရွှေ၊ မစ္စတာ ဂါဆင်ဆလင်၊ မစ္စလက်တီတီရာဗန်ဒန် အာဆမ်၊ ဦးအေးလွင်၊ ဒေါက်တာမြသီတာ၊ ဦးခင်မောင်လေး၊ ဒေါ်စောခင်တင့်တို့နှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းတို့လည်း လိုက်ပါလာကြသည်။

ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်နှင့် ကိုယ်စားလှယ်များသည် မောင်တော၊ ဘူးသီးတောင်၊ မြောက်ဦးနှင့် မြေပုံမြို့နယ်များသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိတိုက်ခတ်နိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေးဇုန်၌ ကုန်စည်စီးဆင်းမှုများ မကြာမီ ပုံမှန်ပြန်ဖြစ်မည်ဟုမျှော်လင့်

ရွှေလီ ဒီဇင်ဘာ ၂

**နိုဝင်ဘာ ၂၀ ရက်က စတင်ခဲ့သော ဖြစ်စဉ်ကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အကြီးမားဆုံး ကုန်သွယ်မှုပြုနေသော တရုတ်နိုင်ငံ ရွှေလီမြို့နယ်ရှိ ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေးဇုန်မှာ အနည်းငယ်ထိခိုက်မှုရှိခဲ့သော်လည်း ယခုအခါ ပြန်လည်လည်ပတ်နေပြီဖြစ်ကြောင်း ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေး ဇုန်မှသိရသည်။**

"အရင်ရက်ပိုင်းက ဖြစ်စဉ်တွေကြောင့် ကုန်သွယ်မှု ကားအဝင်၊ အထွက်ရော၊ ခရီးသွားပြည်သူ အဝင်၊ အထွက်ပါ လျော့ကျသွားပါတယ်။ အရင်က တစ်ရက်ကို ခရီးသွားပြည်သူ ၃၆၀၀၀ နီးပါးလောက်ရှိပြီးတော့ ကုန်သွယ်မှု ကားဖြတ်သန်းတာက ၁၁၀၀၀ နီးပါးရှိပါတယ်။ ပြောရရင် သုံးပုံတစ်ပုံကျော် လျော့နည်းသွားပါတယ်။ လောလောဆယ် ကားရော၊ လူရော ဝင်ခွင့်ပြုပါတယ်။ ဖြစ်ပြီး လေး၊ ငါးရက်လောက်တော့ အခြေအနေဆိုးလို့ ကုန်သွယ်မှု ရပ်ဆိုင်းလိုက်ရပါတယ်။ နိုဝင်ဘာ ၂၅ ရက်နောက်ပိုင်းတော့ ပုံမှန်နီးပါးအတိုင်း ပြန်လည်လည်ပတ်လာပါပြီ" ဟု ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေးဇုန် အုပ်ချုပ်ရေးရုံး ဒုတိယဌာနမှူး လီလင်းက ပြောသည်။



မစ္စတာ လီလင်း

**နယ်စပ်ဂိတ်များ ရက်အနည်းငယ်ပိတ်**

နှစ်နိုင်ငံနယ်စပ်တွင် နိုဝင်ဘာ ၂၀ ရက်က ဝင်ရောက်တိုက်ခိုက်မှုကြောင့် နယ်စပ်အနီးဝန်းကျင်နေ ပြည်သူများ အထိတ်တလန့်ဖြစ်ခဲ့ရပြီး ပြည်သူတချို့ စစ်ဘေးရှောင်စခန်းများသို့ သွားရောက်ခိုလှုံနေရသည်။ နယ်စပ်ဂိတ်များကိုလည်း ရက်အနည်းငယ်ပိတ်ထားလိုက်ရသည်။

သို့သော် နိုဝင်ဘာ ၂၅ ရက်နောက်ပိုင်းတွင် နယ်စပ်ဂိတ်ကုန်သွယ်ရေး စခန်းများထဲမှ ကျယ်ဂေါင်ကုန်သွယ်ရေးဇုန်မှာ ပြန်လည်လည်ပတ်လာပြီဖြစ်လာသော်လည်း ဝမ်တိန်တံတားမှာ လတ်တလော ပိတ်ဆို့ထားပြီး နှစ်နိုင်ငံနယ်စပ်လုံခြုံရေးများ စောင့်ကြပ်လျက်ရှိသည်။ ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ယခင်ကဲ့သို့ပင် နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ကူးလူးသွားလာနိုင်ရန် ဖွင့်လှစ်ထားကြောင်း သိရသည်။

**ပုံမှန်အတိုင်း ပြန်လည်ခွင့်ပြုထား**

ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေးဇုန် အုပ်ချုပ်ရေးရုံးမှ ဒုတိယဌာနမှူး လီလင်းက "အခုနောက်ပိုင်းတော့ သေနတ်သံတွေ သိပ်မကြားရတော့ပါဘူး။ နှစ်နိုင်ငံလုံခြုံရေးအနေနဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တွေ ကင်းလှည့်စောင့်ကြပ်တာတွေလည်းရှိတယ်။ အခုဆိုရင် တစ်ဖက်နဲ့တစ်ဖက် Boder Pass နဲ့ ပုံမှန်အတိုင်း ပြန်လည်ခွင့်ပြုထားပါပြီ။ စစ်ဘေးရှောင်တွေအနေနဲ့ ဒီမြို့မှာ ဆွေမျိုးရှိရင် နေထိုင်ခွင့်ပြုပါတယ်။ မရှိရင်တော့ ဝမ်တိန်က စစ်ဘေးရှောင်စခန်းကို ပို့ဆောင်ပေးပါတယ်။ မကြာမီ အရင်လို ပုံမှန်ပြန်ဖြစ်လာတော့မှာပါ"ဟု ဆို သည်။

နယ်စပ် ကုန်သွယ်ရေးအနေဖြင့် မြန်မာနိုင်ငံဘက်မှ လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ပြောင်း၊ သကြားတို့အပါအဝင် ကုန်ပစ္စည်းများ တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံဘက်မှ စက်မှုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို တင်ပို့လျက်ရှိကြောင်းသိရသည်။ ယခုအခါ ကုန်သွယ်မှုပမာဏမှာ ကျဆင်းသွားပြီး သုံးပုံတစ်ပုံကျော်သာ ကုန်သွယ်မှုပြုလုပ်လျက်ရှိကြောင်း သိရသည်။

**တင်ပို့မှုပမာဏ လျော့နည်း**

ရွှေလီမြို့ရှိ ကျယ်ဂေါင်နယ်စပ်ကုန်သွယ်မှုဇုန်မှ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ သွင်းကုန်၊ ထွက်ကုန်ပမာဏ စုစုပေါင်း ယွမ် ၂၃ ဒသမ ၅၄ ဘီလီယံရှိကြောင်း၊ ထွက်ကုန်ပမာဏ ၁၅ ဘီလီယံရှိပြီး သွင်းကုန်ပမာဏ ၈ ဒသမ ၅ ဘီလီယံရှိကြောင်း သိရသည်။ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်ပို့မှု ပမာဏမှာ တိုးတက်လာသော်လည်း မြန်မာနိုင်ငံဘက်မှ တင်ပို့မှု ပမာဏမှာ လျော့နည်းသွားကြောင်း မစ္စတာ လီလင်းက ပြောသည်။

**သတင်း-မောင်စိန်လွင်**

**ဓာတ်ပုံ-မင်းထက်**

# မောင်တောကုန်သွယ်ရေးဇုန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအလားအလာ

**သတင်းဆောင်းပါး- မြင့်မောင်စိုး**

**ဓာတ်ပုံ- အေဝမ်းစိုး**



ကညင်ချောင်း ကုန်သွယ်ရေးဇုန်တွင် ဆောက်လုပ်ပြီးစီးနေသည့် ဆိပ်ခံတံတားကို တွေ့ရစဉ်

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ရေရှည်တည်ငြိမ်အေးချမ်းမှုရရှိရန် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိသည်။ မောင်တောမြို့သည် နယ်စပ်မြို့ဖြစ်သည့်အလျောက် နယ်စပ်ကုန်သွယ်ရေးကို အရှိန်အဟုန်မြှင့်တင်သွားခြင်းဖြင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကိုသာမက နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးနိုင်မည့် အနေအထားတွင် ရှိနေသည်။

**ဆိပ်ခံတံတား နှစ်စင်း**

ယခုအခါ မောင်တောမြို့မြောက်ဘက် ရွှေဇားကျေးရွာအနီး ကညင်ချောင်းပေါ်တွင် ကညင်ချောင်း နယ်စပ်ကုန်သွယ်ရေးဇုန်ကို ၂၀၁၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပထမအဆင့်အနေဖြင့် အဓိကအဆောက်အအုံနှင့် ဆိပ်ခံတံတားနှစ်စင်း၊ ဂိုဒေါင် စျေးဆိုင်ခန်း ၂၀ ပြီးစီးနေပြီ ဖြစ်ကြောင်း၊ ဒုတိယ အဆင့်အနေဖြင့် ဧက ၅၀ ကျယ်ဝန်းသော ကုန်သွယ်ရေးဇုန်ကို မြေသားအမြင့် ၅ ပေ မြှင့်တင်ရန်နှင့် ခြံစည်းရိုးခတ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးမှာ နယ်စပ်ဂိတ်ကိုးပေါက်ရှိပါတယ်။ အဲဒီနယ်စပ်ကုန်သွယ်ရေး ကိုးပေါက်ထဲမှာ ပို့ကုန် ၉၀ ရာခိုင်နှုန်း၊ သွင်းကုန် ၁၀ ရာခိုင်နှုန်းနဲ့ ပို့ကုန်အသာစီးရနေတဲ့ နယ်စပ်ကုန်သွယ်ရေးဟာ မောင်တောနယ်စပ်ကုန်သွယ်ရေးဖြစ်ပါတယ်။ ကုန်သွယ်မှုပမာဏအနေနဲ့ ကြည့်မယ်ဆိုရင်တော့ မူဆယ်တို့၊ မြဝတီတို့ နယ်စပ်ကုန်သွယ်ရေးကို မမီပါဘူး။ ဒါပေမယ့် ပို့ကုန်ဆိုတာ သူများနိုင်ငံက ဒေါ်လာရတာပါ။ သွင်းကုန်က ကိုယ့်နိုင်ငံက ဒေါ်လာကို သူများနိုင်ငံကို ပေးလိုက်ရတာပါ။ ဒါကြောင့် ပို့ကုန်အသာစီးရနေတဲ့ မောင်တောနယ်စပ်ကုန်သွယ်ရေးကို တိုးတက်စေချင်တဲ့အတွက် အခုလို ကညင်ချောင်း နယ်စပ်ကုန်သွယ်ရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်"ဟု မောင်တောနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ဆိုသည်။

လက်ရှိ မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ထားသည့် မောင်တောချောင်းမှာ တိမ်ကောလာပြီဖြစ်သည့်အတွက် သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်သည့် ကညင်ချောင်း ကုန်သွယ်ရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မကြာမီ မောင်တောခရိုင်သို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိလာပါက ကညင်ချောင်း ကုန်သွယ်ရေးဇုန်တွင် အအေးခန်းများနှင့် ဟိုတယ်စီမံကိန်းများ ပေါ်ပေါက်လာနိုင်ကြောင်း၊ လက်ရှိအချိန်တွင် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ရေချိုရေငန်ငါးအမျိုးမျိုး၊ ပုစွန်နှင့် ငါးခြောက်များ၊ ကြိမ်နှင့် ဝါးများ အများဆုံးတင်ပို့လျက်ရှိကြောင်း၊ မောင်တောဒေသတွင် လက်ရှိ ပုစွန်ကန် ဧက ၁၅၀၀၀ ခန့်ရှိသည့်အပြင် ငါးကန်များစွာလည်း ရှိနေသေးကြောင်း သိရသည်။

**နိုင်ငံခြားငွေ ရှာဖွေပေးနိုင်**

ပထဝီစီးပွားရေးအရ ကြည့်မည်ဆိုလျှင်လည်း တစ်ဖက်နိုင်ငံတွင် လူဦးရေ သန်း ၁၆၀ ခန့် ရှိနေပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်ရန် မြေအလုံအလောက်မရှိသကဲ့သို့ နိုင်ငံ၏အရွယ်အစားမှာလည်း လူဦးရေနှင့်နှိုင်းယှဉ်လျှင် သေးငယ်နေသည့် အနေအထားတွင် ရှိနေသည်။ ဤအခြေအနေတွင် မောင်တောခရိုင်အတွင်း ပုစွန်ကန်များ၊ ငါးမွေးမြူရေးကန်များကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဖော်ထုတ်ပြီး တစ်ဖက်နိုင်ငံသို့ ရေထွက်ပစ္စည်း ပို့ကုန်များ တင်ပို့သွားနိုင်မည်ဆိုလျှင် မောင်တောဒေသမှ ပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလာမည့်အပြင် နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေ ရှာဖွေပေးနိုင်မည့် အနေအထားရရှိလာမည် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကညင်ချောင်း ကုန်သွယ်ရေးဇုန် ပေါ်ပေါက်လာပါက ငါး၊ ပုစွန် အအေးခန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ အထည်ချုပ်ကဲ့သို့ လုပ်ငန်းများ တစ်ဆက်တစ်စပ်တည်း ပေါ်ပေါက်လာနိုင်သည်။ မောင်တောခရိုင်တွင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ငါး၊ ပုစွန်ကန်များ စနစ်တကျဖော်ထုတ်ရေး၊ စိုက်ပျိုးရေးအခြေခံတန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ရေး စသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

မောင်တောခရိုင်အတွင်းရှိ ကညင်ချောင်း ကုန်သွယ်ရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်အတူ ကဏ္ဍစုံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဟန်ချက်ညီ ဆောင်ရွက်နိုင်ပါက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာပြီး ရေရှည်တည်ငြိမ်အေးချမ်းမှုလည်း ရရှိလာမည်ဖြစ်ပါကြောင်း . . . . ။


# KIA / TNLA / MNDAA / AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များနှင့် ဆက်လက်တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် မြောက်ပိုင်း မုံးကိုးနှင့် ကြူကုတ်(ပန်ဆိုင်း)မြို့များတွင် ယမန်နေ့က တပ်မတော်စစ်ကြောင်းများနှင့် KIA/TNLA/MNDAA/AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ ရန်သူထံမှ အလောင်း၊ လက်နက်များအပြင် စိတ်ကြွရူးသွပ်ဆေးပြားများကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

မုံးကိုးမြို့ရှိ တပ်မတော်စခန်း၊ ပြည်သူ့စစ်စခန်းနှင့် ဟေမိုးလုံတောင်ဘက်ခြမ်းနေရာများအား KIA/TNLA/MNDAA/AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များက ယမန်နေ့ နံနက် ၉ နာရီခန့်မှစ၍ သာလွန်အင်အားဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက လေကြောင်းနှင့် အမြောက်ပစ်ကူများဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။

ယမန်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းကလည်း ကြူကုတ်(ပန်ဆိုင်း)မြို့အတွင်း၌ KIA/MNDAA လက်နက်ကိုင် ၁၂ ဦးခန့်က လည်းကောင်း၊ မုံးကိုးမြို့ လွယ်ဝိန်းကျေးရွာ၏ တောင်ဘက် မီတာ



KIA / MNDAA / TNLA အဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားသည့် နေရာနှင့် မိုင်းပေါက်ကွဲသည့် နေရာပြပုံ

၁၀၀၀ ခန့်အကွာ၌ MNDAA လက်နက်ကိုင် ၂၀ ခန့်က လည်းကောင်း၊ ဟေမိုးလုံကျေးရွာ အနောက်တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာ၌ KIA/MNDAA လက်နက်ကိုင် ၁၀၀ ခန့်ကလည်းကောင်း၊ လွယ်ဝိန်းကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၅၀၀ ခန့်တွင် MNDAA လက်နက်ကိုင် အချို့ကလည်းကောင်း နယ်မြေလုံခြုံရေးနှင့်နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများအား မိုင်းခွဲတိုက်ခိုက်ရာ တပ်မတော် စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ခဲ့ကြသည်။

အဆိုပါ ဖြစ်စဉ်များတွင် လက်နက်ကိုင်အဖွဲ့များထံမှ အလောင်း လေးလောင်း၊ RPG ဒုံးပစ်လောင်ချာ အပါအဝင် သေနတ်လေးလက်၊ ကျည်မျိုးစုံ ၆၁၆ တောင့်၊ အေကေကျည်အတောင့် ၄၀၊ ဗုံးသီးလေးလုံး၊ ကျည်အိမ်မျိုးစုံ သုံးခု၊ လက်ပစ်ဗုံးသုံးလုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ (ကာလတန်ဖိုး ငွေကျပ် ၂၆ သိန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ကျဆုံး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## KIA လက်နက်ကိုင်အဖွဲ့က တပ်မတော်စစ်ကြောင်းနှင့် ကုန်တင်ယာဉ်နှစ်စီးအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်း လမ်းလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းအား KIA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်ပြီး ကုန်တင်ယာဉ်နှစ်စီးကိုလည်း ပစ်ခတ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ကွတ်ခိုင်မြို့နယ်၊ နမ့်ဖလွန်းကျေးရွာနှင့် မန်လွယ်ကျေးရွာအကြားလမ်းလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းအား KIA လက်နက်ကိုင်အဖွဲ့က ယနေ့နံနက် ၅နာရီခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ရာ တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်သဖြင့် အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် KIA လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် ကွတ်ခိုင်-မူဆယ်သွား ကားလမ်းမကြီးတွင် မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်နှစ်စီးမှာ လက်နက်ငယ်ထိမှန် ပျက်စီးခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိရာ လမ်းကြောင်းတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရှမ်းပြည်နယ်အစိုးရက မူဆယ် စစ်ဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့

**မူဆယ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ စစ်ဘေးရှောင်စခန်းများရှိ ကျန်ရှိနေသေးသော ပြည်သူများအတွက် ခြုံစောင်များနှင့် စားသုံးကုန်ပစ္စည်းများကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဦးကိန်မိုင်နှင့် ဦးစိုင်းကျော်သိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စေတနာရှင် အလှူရှင်များက ဒီဇင်ဘာ ၁ ရက် နံနက် ၁၁ နာရီက စစ်ဘေးရှောင်စခန်းနှစ်ခုသို့ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မူဆယ်ဒေသတွင် လတ်တလောဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် စစ်ဘေးရှောင် ဒေသခံတိုင်းရင်းသားပြည်သူများအား မူဆယ်မြို့ရှိ ဟိုမွန်ရပ်ကွက် စိန့်ပီတာဘုရားကျောင်းမှ စစ်ဘေးရှောင် ပြည်သူ ၄၄ ဦး၊ စွမ်စော်ရပ်ကွက် ကချင်ဘုရားရှိခိုးကျောင်းမှ စစ်ဘေးရှောင် ပြည်သူ ၁၃၅ ဦးအတွက် ရှမ်းပြည်နယ်အစိုးရက လှူဒါန်းသော ဆန် ၁၅ အိတ်၊ ခေါက်ဆွဲ ခြောက် ဖာ ၂၀ နှင့် အလှူရှင်များလှူဒါန်းသော စောင် အထည် ၃၀၊ အနွေးထည် ၂၀၊ အဝတ်အထည် သုံးထုပ်၊ ခေါက်ဆွဲခြောက် ငါးဖာနှင့် ငွေကျပ်လေးသိန်းတို့ကို ထောက်ပံ့ပေးအပ်ကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဘေးရှောင်စခန်းများရှိ ပြည်သူများသည် ပန်ဆိုင်း(ကြူကုတ်)နှင့် မုံးကိုးမြို့နယ်များမှ ဒေသခံများဖြစ်ကြပြီး ပစ်ခတ်တိုက်ခိုက်မှုများ ငြိမ်သက်ခြင်းမရှိသေးသဖြင့် စစ်ဘေးရှောင်စခန်းများတွင် ဆက်လက်နေထိုင်နေကြရခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


စစ်ဘေးရှောင်စခန်း၌ ရောက်ရှိနေသောကလေးများအား တွေ့ရစဉ်

## စစ်ဘေးရှောင်အိမ်ထောင်စု ၄၀ နောင်ချိုမြို့နယ်သို့ရောက်ရှိခိုလှုံလျက်ရှိ

**နောင်ချို ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မန်လုံမြို့နယ်မှ စစ်ဘေးရှောင် မိသားစုအိမ်ထောင်စု ၄၀ အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၅၆ ဦး စုစုပေါင်း ၁၀၂ ဦးတို့သည် ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု အုမ္မသီးကျေးရွာသို့ ရောက်ရှိလာကြသည်။

အဆိုပါစစ်ဘေးရှောင်အိမ်ထောင်စုများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက တွေ့ဆုံအားပေးစကားပြောကြားပြီးနောက် မြို့နယ်သွေးလှူရှင်အသင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ဆန်လေးအိတ်၊ စားသုံးဆီနှစ်ဖာ၊ ရေသန့်ဘူးနှစ်အိတ် စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၂၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အပြင် နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု အုမ္မသီးကျေးရွာနေ ဒေါ်အေးနွမ်းအိမ်သို့ ဇူလိုင်လအတွင်းက ရောက်ရှိနေသော စစ်ဘေးရှောင်မိသားစု ၁၄ စု၊ အမျိုးသား၊ အမျိုးသမီး ၉၀ တို့အား ကမ္ဘောဇဘဏ်မန်နေဂျာ ဒေါ်နန်းခမ်းယုံနှင့်ဘဏ်ဝန်ထမ်းတို့က အနွေးထည် အထည် ၉၀ တန်ဖိုး ငွေကျပ် ၁၃၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

**ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့်ကတ္တရာများအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် ပစ္စည်းအမျိုးအစား | အရေအတွက် |
| --- | --- |
| (က) ကတ္တရာ(၈၀/၁၀၀) | - ၅၅၀၀ တန် |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၁၂-၁၂-၂၀၁၆ ရက် (တနင်္လာနေ့) |
| **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** | - ညနေ ၄း၃၀နာရီ |
| **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက်** | - ၁၃-၁၂-၂၀၁၆ ရက် (အင်္ဂါနေ့) |
| **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန်** | - နံနက် ၁၀း၀၀နာရီ |

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၅-၁၂-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**
**ဖုန်း-၀၄၂-၂၅၀၈၂၊ ၀၄၂-၂၁၁၁၈**

**CNG Taxi ငှားမည်**
Caldina (ပဲခြမ်း) 70 အိုး
စမ်းချောင်းမြို့နယ်
**ဖုန်း-၀၉-၈၆၃၀၈၉၅၊**
**၀၉-၂၅၀၆၄၇၄၃၈**

**တိုက်ခန်းအမြန်ရောင်းမည်**
စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ နေရာကောင်း၊ နေထိုင်ရန်အသင့်၊ ပေ ၁၃½×ပေ၆၀၊ 2F-2BR ဘိုထိုင် AC
**ဈေး(သိန်း-၆၈၀)**
**ဖုန်း-၀၉-၃၁၀၅၉၆၇၅၊**
**၀၉-၉၇၉၈၇၃၃၅၀**

**တောင်ကြီးမြို့၊ ယခင်အလက (၃)**
**(ဒေါ်ကြီး၊ ဒေါ်ငယ်) မြတ်ဆရာပူဇော်ပွဲ**

တောင်ကြီးမြို့၊ ယခင်အလက (၃) (ဒေါ်ကြီး၊ ဒေါ်ငယ်) ကျောင်းတွင် ၁၉၆၀ မှ ၁၉၈၆ ခုနှစ်ထိ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၁-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)
**နေရာ** - ယခင်အလက (၃)၊ ယခုအမက (၄) လ/ခွဲ၊ တောင်ကြီးမြို့
**အချိန်** - နံနက် ၉း၀၀နာရီ
**ဆက်သွယ်ရန်** - တောင်ကြီးဖုန်း-၀၉-၂၅၅၈၀၀၅၁၁၊ ၀၉-၄၃၀၅၅၈၅၄၊ ၀၉- ၄၁၀၀၉၀၅၈၊ ၀၉-၂၅၀၄၇၃၃၃၄၊ ၀၉-၅၂၁၂၃၃၅
**ရုံးခန်းနေရာ** - ဒေါ်ကြီး၊ ဒေါ်ငယ်ပရဟိတကျောင်း၊ အရှေ့မြို့ပတ်လမ်း၊ မြကန်သာရှေ့၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့

**မြန်မာပြေးခုန်ပစ်**
**အားကစားသမားဟောင်းများ**
**လူမှုရေးအသင်း**
**တတိယအကြိမ်(၇၅)နှစ်အထက်**
**ပြေးခုန်ပစ်အားကစားဟောင်းများ**
**ပူဇော်ကန်တော့ပွဲ**
**နေရာ**- ပြည်ထောင်စုခန်းမ၊ အားကာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်းဂိတ်(၉)မှဝင်ရန်
**ရက်စွဲ**- ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်
**အချိန်**- နံနက် ၉း၀၀ နာရီ

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 7I/1157 Honda Fit GE6 Hatch Back (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးဘိုနီ ၁၂/ပဘတ(နိုင်) ၀၃၁၆၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်မောင်ကျော်မင်းသူ ၈/စလန(နိုင်)၁၁၉၂၉၅၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၅၇၂၂၈၂၅**

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၈ယ/၈၉၇၈၅ Honda Wave-110ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်၁၄/ပသန(နိုင်)၀၅၁၉၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းရုံး (ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 1B/1497 Toyota Crown LS 136 Station Wagonယာဉ်လက်ဝယ်ရှိသူ ဦးကျော်လှိုင် ၁၂/လသန(နိုင်)၀၀၅၉၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အများသိစေရန်အသိပေးကြေညာခြင်း**
ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၆လမ်း၊ တိုက်အမှတ် ၄၃၊ အကျယ်အဝန်း (၂၅×၅၀)ပေရှိ အဆောက်အအုံနှစ်ခန်းတွဲလေးထပ်ရှိရာမှ အဆောက်အအုံ၏ မျက်နှာမူရာ (ဝဲ)ဘက်(တတိယထပ်) (၁၂⅔×၅၀)ပေ၊ ထပ်ခိုးပြည့်ပါအခန်း (ယခုအခေါ် ၇ လွှာနှင့် ၈လွှာ၊ ခေါင်းရင်းခန်း)နှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးစိုးမြင့် ၁၂/လမတ(နိုင်)၀၂၉၁၇၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
**B.A, H.G.P, C.B.L, D.B.L, D.M.L**
**ဥပဒေအကျိုးဆောင်**
**တိုက်အမှတ် ၃(အေ)၊ ၃လွှာ(ခေါင်းရင်းခန်း)၊**
**သပြေညီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

## ခရမ်းမြို့နယ်တွင် အမျိုးသမီးနှစ်ဦး အသတ်ခံရ

**ရန်ကုန် ဒီဇင်ဘာ ၂**

ခရမ်းမြို့နယ် မောင်းမကျေးရွာ တွင် ဒီဇင်ဘာ ၂ ရက် နံနက် ၇နာရီ ၄၅ မိနစ်က ဦးအုန်းဝင်း၏ နေအိမ် ရှိ သမီးဖြစ်သူနှင့် တူမဖြစ်သူတို့ နေအိမ်၏ အပေါ်ထပ်တွင် ဒဏ်ရာများဖြင့် သေဆုံးနေသည့်အတွက် ခရမ်းမြို့မ ရဲစခန်းသို့အကြောင်းကြားခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့် ကမာမတ်ရဲကင်းစခန်းမှူးတို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ မဆုနှင်းဝေ (၂၀နှစ်)နှင့်မစန္ဒာဝင်း(၂၈နှစ်)တို့ဖြစ်သည်။ အဆိုပါသေဆုံးသွားသူနှစ်ဦးအား ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ထားပြီး ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖမ်းဆီးနိုင်ရေးအတွက် ခရမ်းမြို့မရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၇၅)

## တမူးနယ်စပ်မှ တရားမဝင် ဝင်ရောက်လာသူကို အမှုဖွင့်အရေးယူထား

**တမူး ဒီဇင်ဘာ ၂**

တမူးမြို့နယ် ပါဟဲတံတားလုံခြုံရေး ရဲကင်း၌ ပူးပေါင်းအဖွဲ့သည် နန်းဖာလုံဈေးမှ တမူးမြို့ဘက်သို့ လမ်းလျှောက် လာသူကို မသင်္ကာဖွယ်တွေ့ရ၍ စစ်ဆေးရာ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံတွင်းသို့ နိုင်ငံကူးလက်မှတ်ခွင့်ပြုချက် တစ်စုံတစ်ရာမပါဘဲ တရားမဝင် ဝင်ရောက်လာသူဖြစ်ကြောင်း တွေ့ရှိရသဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

တမူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်တာနှင့်အဖွဲ့၊ မှုခင်းနှိမ်နင်းရေးမှ ရဲအုပ်မြင့်ဝင်းနှင့်အဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက်က တမူးမြို့နယ် ပါဟဲတံတားလုံခြုံရေးရဲကင်းတွင် နန်းဖာလုံဈေးဘက်မှ တမူးမြို့ဘက်သို့ လမ်းလျှောက်လာသူ အိန္ဒိယနိုင်ငံ လဲင်ကာဆီရမ်ရုတ်မြို့နေ အူတွန်ဘီဆွစ်(၂၅ နှစ်)ကို မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးရာ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံတွင်းသို့ လက်မှတ်ခွင့်ပြုချက် တစ်စုံတစ်ရာမပါဘဲ ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ အဆိုပါ တရားမဝင် ဝင်ရောက်လာသူ အူတွန်ဘီဆွစ်ကို တမူးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ဒဂုံမြို့သစ်တောင်ပိုင်း၌ နေ့ခင်းအချိန် လုယက်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ် (၂၄) ရပ်ကွက်တွင် ဒီဇင်ဘာ ၂ ရက် နံနက် ၁၁ နာရီခွဲခန့်က လုယက်မှုဖြစ်ပွားခဲ့ သည်။

ဖြစ်စဉ်မှာ အမှတ် ၃၆၇၊ သိင်္ဂီ ၄ လမ်း အမှတ် (၂၄) ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)တွင်နေသူ ဒေါ်ယဉ်ယဉ်မေသည် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ကမ္ဘောဇဘဏ်နှင့် ရိုးမဘဏ်တို့မှ ငွေများထုတ်ယူပြီးနောက် တစ်ဦးတည်း အိမ်ပြန်လာစဉ် အမှတ် (၂၄) ရပ်ကွက် ငုဝါလမ်းနှင့် သရက်ချောင်း လမ်းထောင့်အရောက်တွင် မိမိနောက်မှ စက်ဘီးစီး၍ လိုက်လာသော သန်းဌေး (၂၅ နှစ်) အမှတ် (၂၀) ရပ်ကွက် ဘုန်းကြီးကျောင်းတွင် ခေတ္တနေထိုင်သူက ဓားဖြင့်ထောက်၍ ဒေါ်ယဉ်ယဉ်မေ၏ ပိုက်ဆံထုပ်အား လုယက်သည်ကို တွေ့ရှိသည့် ရပ်ကွက်သူ/ ရပ်ကွက်သားများက ဝိုင်းဝန်းဖမ်းဆီးပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့်အဖွဲ့ဝင်များက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့မရဲစခန်းသို့ သွားရောက် လွှဲပြောင်းပို့ဆောင်ခဲ့ကြောင်း သိရသည်။ **စန်းမောင်**

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဒီဇင်ဘာ ၂**

တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက်က ပအိုဝ်းပြည်သူ့စစ်အဖွဲ့မှ မိုင်းပျဉ်း-တောင်ကြီးသွားကားလမ်း နန်းဟောင်းကျေးရွာအုပ်စု၊ နောင်ပယ်တံတားတွင် မြတ်မင်းဆက် မောင်းနှင်ပြီး ကျော်ဖုန်းဇော် လိုက်ပါလာသည့် ဆိုင်ကယ်အားမသင်္ကာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀ ကိုလည်းကောင်း၊ အလားတူ နိုဝင်ဘာ ၃၀ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နားဖကျေးရွာအဝင် မိုင်းယော်-လားရှိုးသွားကားလမ်းမပေါ်တွင် ကော်ရှောက်ရှင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၃ ခွက်(အလေးချိန် ၁၆၄ ဂရမ်) သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## လမ်းဘေးဓာတ်တိုင် ဆိုင်ကယ်ဖြင့် တိုက်မိ၊ တစ်ဦးသေဆုံး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တရုပ်ကောအုပ်စု သဖန်းကုန်းကျေးရွာ မူလတန်းလွန်ကျောင်းရှေ့ ရွာအဝင်လမ်းမ၌ ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီ ၃၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

တောင်တွင်းကြီးမြို့မရဲစခန်းမှ ဒုရဲအုပ်ဝေဖြိုးသူနှင့် ယာဉ်စည်းကမ်း ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ မကွေး-တောင်တွင်းကြီးဘက်သို့ မျိုးမြင့်ဦး (၃၂ နှစ်) သဖန်းကုန်းကျေးရွာနေသူ မောင်းနှင်လာသော ၂၈ယ/----- ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်အားဝင်တိုက်မိရာ မျိုးမြင့်ဦးမှာ ရရှိဒဏ်ရာဖြင့် တောင်တွင်းကြီးပြည်သူ့ဆေးရုံမှ နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့ကြောင်း သိရသည်။ **(၀၈၅)**

## တွန်းဇံမြို့၌ မီးလောင်မှုဖြစ်ပွား



**ဖလမ်း ဒီဇင်ဘာ ၂**

ချင်းပြည်နယ် တွန်းဇံမြို့ ခေါ်ဝုန်/လေးဆန်ရပ်ကွက်၌ ဒီဇင်ဘာ ၁ ရက် ည ၈ နာရီ ၄၅ မိနစ်က ဘုန်းကြီးကျောင်းအထက် လျှပ်စစ်မီး ဒီဇယ်စက်ရုံအနီး၌ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ အဆောက်အအုံမှာ ယခင်က စက်ရုံအစောင့်နေထိုင်ရန် ယာယီဆောက်လုပ်ထားသော (၁၂ × ၁၀) ပေ အကျယ်ရှိ သွပ်မိုး ပျဉ်ကာ ပျဉ်ခင်း အဆောက်အအုံဖြစ်ပြီး ဒေါ်ဟောက်ဆွင်းညောင် (၃၉ နှစ်) နှင့် သားမောင်မာန်လွမ်းခိုင် (၆ နှစ်) တို့ ခေတ္တနေထိုင်ပြီး မီးလောင်မှုကို တွန်းဇံမြို့မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများပူးပေါင်းငြိမ်းသတ်ခဲ့ရာ ည ၉ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိဘဲ မီးလောင်မှုနှင့် ပတ်သက်၍ တွန်းဇံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **( ခရိုင်/ပြန်ဆက်)**

## တရားမဝင် သစ်ခွဲသားများ သယ်ဆောင်သူနှစ်ဦးကို ဖမ်းမိ

**ငဖဲ ဒီဇင်ဘာ ၂**

မင်းဘူးခရိုင် ငဖဲမြို့နယ် ပုသိမ်-မုံရွာကားလမ်းတွင် တရားမဝင်သစ်ခွဲသားများ သယ်ဆောင်လာသော ယာဉ်တစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် ည ၇ နာရီခွဲကတိုင်းရဲတပ်ဖွဲ့မှ ပူးပေါင်းအဖွဲ့သည် ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင်အမှတ် (၂၆၃/၁) မိုင် ငဖဲမြို့နယ် ရင့်ရှည်ကျေးရွာ မောင်းတံဂိတ် အနီးတွင် စောင့်ဆိုင်းနေစဉ် လက်ပံတံခါးကျေးရွာမှ ငဖဲမြို့နယ် ပဒါန်းကျေးရွာဘက်သို့ မျိုးသက်ထွန်း မောင်းနှင်ပြီး ကျော်စိုးမင်းလိုက်ပါလာသော အပြာရောင် ယာဉ်အား ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်ပေါ်မှ တရားမဝင် သစ်ခွဲသားများဖြစ်သည့် အင်သား (အခြားသစ်မာ) သစ်ခွဲသားဆိုဒ်စုံ ၁၁၇ ချောင်း စုစုပေါင်း ၃ ဒသမ ၄၁၈၄ တန်၊ တန်ဖိုး ငွေကျပ် ၂၇၃၄၇၂ အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မျိုးသက်ထွန်းနှင့် ကျော်စိုးမင်းတို့အား ငဖဲမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

## မူးယစ်သောက်စားပြီး ဓားကိုင်ရမ်းကားသူသုံးဦးအား လက်နက်မှုဖြင့် အရေးယူ

စဉ့်ကူး ဒီဇင်ဘာ ၂

စားသောက်ဆိုင်အတွင်း အရက်သေစာသောက်စား မူးယစ်ပြီး ဓားကိုင်ရမ်းကားနေသူ လူငယ်သုံးဦးအား လက်နက်ဥပဒေဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂ ရက်က စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု ကျည်တောက်ပေါက်ကျေးရွာ ထူးမြတ်ရွှေစင်စားသောက်ဆိုင်အတွင်း လူငယ်သုံးဦး အရက်သောက်စားမူးယစ်ပြီး ဓားကိုင်ရမ်းကားနေကြောင်း သတင်းအရ တာဝန်ရှိသူများသွားရောက် စစ်ဆေးရာ စားသောက်ဆိုင်အတွင်း ဝင်းမြင့် (၂၁ နှစ်)၊ ဝင်းနိုင်အောင် (၂၃ နှစ်)နှင့် မျိုးသူဇော် (၂၁ နှစ်) တို့သည် အရိုး အသွား အရှည် ၁၉ လက်မခန့်ရှိ ဓားရှည်ဦးချွန် ၁၀ ချောင်း၊ အရိုးအသွား ၁၀ လက်မခန့်စီရှိ စတီးဦးချွန်ကတ်ကြေးတစ်ချောင်းနှင့် အရိုးအသွား ၂၃ လက်မခန့်ရှိ ဓားရှည်ဦးပြတ် တစ်ချောင်းတို့ကို ကိုင်ဆောင်လျက် ဆိုင်အတွင်း ရမ်းကားနေကြောင်း တွေ့ရှိရ၍ သက်သေများနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးကာ ဓားများကို ရှာဖွေ ပုံစံဖြင့် ရေးသွင်း သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လူ၏အသက်အန္တရာယ်ကို ထိခိုက် စေနိုင်သည့် ဓားများကိုကိုင်ဆောင်လျက် အများပြည်သူ ဝင်ရောက်သွားလာနေသည့် စားသောက်ဆိုင်အတွင်း မူးယစ်ရမ်းကားနေသူ သုံးဦးအား လက်ပန်လှ ရဲကင်းစခန်းက ဖမ်းဆီးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**





### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့သည် ယခင်ကကိုးကွယ်ဆည်းကပ်ဟောပြော ဖြန့်ချိရေးသားထုတ်ဝေနေသော ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာစာအုပ်များ CD ခွေများနှင့် တရားဓမ္မဟောပြောဆွေးနွေးခြင်းများကို ယခုအခါ ပြန်လည်ထုတ်ဝေဖြန့်ချိမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**သာဝကများကိုယ်စား**
**ဦးနေဝင်း ၉/ကပတ(နိုင်)၀၃၂၀၆၅**
**ဖုန်း-၀၂-၇၅၁၄၃၊ ၀၉-၉၇၄၄၂၁၃၆၉**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 8E/6108 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်မောင်နန်းဝင်း ၈/စလန(နိုင်)၁၃၁၉၆၂၏ပတ်စ်ပို့အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၂၅၇၆၇၃၇**

### အမြန်ရောင်းမည်
အလုံလမ်းမပေါ်ရှိ Orchid Condo 2050 sqft Master Bed (3) ခန်း ပြင်ဆင်ပြီး
**ဆက်သွယ်ရန် : 0973034355**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅) အကွက်အမှတ် (၁)၊ ကျောင်းအရှေ့ရပ်၊ ဦးပိုင်အမှတ် (၁၄)၊ မြေယာအမှတ် (၁၈၂၊ ၁၈၃)၊ ဧရိယာ ၀ဒသမ၁၀၉ဧကပေါ်ရှိ ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်နှင်းရီမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်(၁၀၉/၂၀၁၂)ဖြင့် စာချုပ်ချုပ်ဆိုပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါစာချုပ်သည် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထပ်မံလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၊ ပြင်ဦးလွင်မြို့သို့ အထောက်အထားစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါသည်။
(၁) ဒေါ်ခိုင်ခိုင်ညွန့်၊ (၂) ဒေါ်ခင်ချိုညွန့်၊ (၃) ဒေါ်နေသဇင်ကျော်

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၆ယ/၄၉၇၇၄၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၁၄/ဘကလ(နိုင်)၁၅၄၀၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**



# မူဆယ်ဒေသရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၃၀၀ လှူဒါန်း

**မူဆယ် ဒီဇင်ဘာ ၂**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ဒေသရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၃၀၀ ကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲ က ဖောင်ဒေးရှင်းကိုယ်စား ဒေါ်ခင်ဝင်းရီ၊ ဦးခင်အောင်နှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက အလှူငွေကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ)

ထို့အပြင် ဖောင်ဒေးရှင်းသည် နိုဝင်ဘာ ၂၃ ရက်ကလည်း မူဆယ်မြို့ မဟာဝန်မြောက်ကျောင်း၊ ဇေတဝန်ကမ္မဋ္ဌာန်းကျောင်း၊ ဟိုမွန်ရပ်ကွက်ရှိ ကချင်နှစ်ခြင်းခရစ်ယာန်ကျောင်း၊ အောင်မင်္ဂလာကျောင်းနှင့် နမ့်ခွမ်ရွာဘုန်းတော်ကြီး ကျောင်းများရှိ တိုက်ပွဲရှောင်စခန်းများသို့ ရောက်ရှိ ခိုလှုံနေကြသော နမ့်ခွမ်၊ နမ့်ပေါ၊ ၁၀၅ မိုင်၊ မော့တောင်း၊ နမ့်ဖတ်ကာနှင့် မူဆယ်မြို့ အနီးဝန်းကျင်ကျေးရွာများမှ တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူ ၃၀၀၀ ကျော်အတွက် ခေါင်းစွပ်ပါအနွေးထည် အထည် ၃၂၀၀၊ စောင်အထည် ၃၂၀၀၊ ဆန်အိတ် ၁၀၀၊ ငါးသေတ္တာဘူး ၁၅၀၀၊ ခေါက်ဆွဲခြောက် ဖာ ၁၅၀ နှင့် အာဟာရမှုန့်များကို ဖောင်ဒေးရှင်းက သွားရောက်လှူဒါန်းခဲ့သည်။

ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်း လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သော ဒေသများမှ ပြည်သူများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ညွှန်ကြားမှုဖြင့် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ခေါင်းစွပ်ပါအနွေးထည် ၂၅၀၀၀ ကို ပြည်ပမှ မှာယူခဲ့ပြီး သက်ဆိုင်ရာဒေသများသို့ စဉ်ဆက်မပြတ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# လက်ရွေးစင်နှင့် ယူ-၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲယှဉ်ပြိုင်ကစား

**ရန်ကုန် ဒီဇင်ဘာ ၂**

နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယူ-၁၉ အမျိုးသမီးအသင်းသည် ယနေ့ ညနေ ၆ နာရီက အောင်ဆန်းကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ လက်ရွေးစင်အမျိုးသမီးအသင်းက လေးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယခုခြေစမ်းပွဲမှာ အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းအတွက် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ခြေစစ်ပွဲတွင် ညပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် ညနေ ၆ နာရီတွင် စတင်ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲတွင် ခြေစွမ်းမြင့်မားသည့် အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ခြေစွမ်းသာလွန်ကောင်းမွန်သည့် လက်ရွေးစင်အသင်းနှင့် ဆက်တိုက်ကစားနေခြင်းဖြစ်သည်။ လက်ရွေးစင်အမျိုးသမီးအသင်းသည် ပွဲအစတွင် အမာခံကစားသမားများ ထည့်သွင်းအသုံးပြုခဲ့ပြီး အနိုင်ဂိုးလေးဂိုးစလုံးကို ပထမပိုင်းတွင် သွင်းယူခဲ့သည်။ လက်ရွေးစင်အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ကိုးမိနစ်တွင် ဝင်းသီဂီထွန်း၊ ၁၁ မိနစ်တွင် ခင်သန်းဝေ၊ ၂၉၊ ၃၈ မိနစ်တွင် မေသူကျော်တို့က သွင်းယူခဲ့သည်။ ယူ-၁၉ အမျိုးသမီးအသင်းသည် ဒုတိယပိုင်းတွင် လက်ရွေးစင်အသင်းဘက်သို့ တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းယှဉ်ပြိုင်မည့် အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (ဂ) ကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ ထိုင်း၊ ပါလက်စတိုင်း၊ ကာဂျစ္စတန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ အမှတ်အများဆုံးရသည့် ထိပ်ဆုံးတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်သစ် စတင်ပြေးဆွဲ




**ရန်ကုန် ဒီဇင်ဘာ ၂**

ဒီဇင်ဘာလသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် ခရီးသွားလုပ်ငန်းများ ပိုမိုအောင်မြင်လာခဲ့ပြီး လာရောက်လည်ပတ်မည့် ခရီးသွားများ၊ သွားရောက်လည်ပတ်မည့် ခရီးသွားများ သွားလာရေးလွယ်ကူစေရန် Air KBZ လေကြောင်းလိုင်းသည် ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်သစ်ကို ဒီဇင်ဘာ ၂ ရက်မှစ၍ ပျံသန်းပြေးဆွဲလျက်ရှိသည်။

Air KBZ လေကြောင်းလိုင်း၏ ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်သစ် စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် Terminal-1 ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် Air KBZ လေကြောင်းလိုင်းမှ တာဝန်ရှိသူများ၊ ခရီးသွားကုမ္ပဏီများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

Air KBZ လေကြောင်းလိုင်းသည် နိုင်ငံတကာခရီးစဉ်အဖြစ် ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်အား ဒီဇင်ဘာ ၂ ရက်မှစ၍ တစ်ပတ်လျှင် သုံးရက် (တနင်္ဂနွေ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့) တို့တွင် ပျံသန်းပြေးဆွဲမည်ဖြစ်သည်။ Air KBZ လေကြောင်းလိုင်းသည် ART 72 လေယာဉ်များဖြင့် ၂၀၁၁ ခုနှစ် ဧပြီ ၂ ရက်မှစ၍ ပြည်တွင်းလေကြောင်းခရီးစဉ်များ စတင်ပျံသန်းခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အခြေပြု၍ လေဆိပ် ၁၄ ခုသို့ နေ့စဉ်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

# Leopalace 21 Myanmar Open 2017 ဂေါက်သီးရိုက်ပြိုင်ပွဲ သတင်းစာရှင်းလင်း

**ရန်ကုန် ဒီဇင်ဘာ ၂**

Asian Tour နှင့် Japan Golf Tour Organization တို့ ပူးပေါင်း၍ Leopalace 21 ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် Leopalace 21 Myanmar Open 2017 ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။ Leopalace 21 Myanmar Open 2017 ဂေါက်သီးရိုက်ပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့နိုင်ငံအနှံ့အပြားရှိ ရုပ်သံလိုင်းများတွင် ပြသသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၂၀ မှ အိမ်ထောင်စုသန်းပေါင်း ၇၅၀ ခန့် တိုက်ရိုက်ကြည့်ရှုခွင့်ရရှိမည်ဖြစ်သည်။

အခမ်းအနားတွင် Asian Tour ၏ Commissioner ဦးကြည်လှဟန်၊ Japan Golf Tour Organization မှ Senior Manager Mr. Kazuaki Koyama ၊ Leopalace 21 ဥက္ကဋ္ဌ Mr. Eisei Miyama နှင့် ပန်းလှိုင်ဂေါက်ကွင်းမန်နေဂျာ Mr. Sandy Macalister တို့က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ Leopalace 21 Myanmar Open 2017 ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ ဂေါက်သီးအကျော်အမော်များ၊ မြန်မာနိုင်ငံမှ ပရော်ဖက်ရှင်နယ်ကစားသမားအပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ကစားသမား ၁၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုပြိုင်ပွဲကို တိုက်ရိုက်ပြသမည်ဖြစ်သောကြောင့် Leopalace 21 Myanmar Open 2017 ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုင်ငံတကာမှ ဂေါက်သီးပရိသတ်များ စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာနိုင်သလို မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကိုလည်း အထောက်အကူပြုဖွယ်ရှိကြောင်း သိရသည်။ ယခုပြိုင်ပွဲတွင် ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး ဆုကြေးငွေ မြင့်မားသည့် ပြိုင်ပွဲလည်းဖြစ်သည်။ မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၉၆ ခုနှစ်က စတင်ကျင်းပခဲ့ပြီး (၁၅)ကြိမ်မြောက် ကျင်းပမည့် ပြိုင်ပွဲဖြစ်သည်။ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၆ ပြိုင်ပွဲတွင် တောင်အာဖရိကနိုင်ငံသား ရှောင်နောရစ် (Shaun Norris) ဗိုလ်စွဲခဲ့ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**


## ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေလှူဒါန်းခြင်း

၂၀-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့သော ခင်ပွန်း(ဦးထိန်ဝင်း)အား ရည်စူး၍ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်နေ ဇနီး-ဒေါ်မြင့်မြင့် (မြစ်မခ)ကုမ္ပဏီအုပ်စုမှ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၊ ရန်ကုန်သို့ အလှူငွေကျပ်သိန်း(၁၀၀)လှူဒါန်းရာ လက်ထောက်အုပ်ချုပ်ရေးမှူးဦးအုံးမြင့်မှ လက်ခံရယူပါသည်။



## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင်လမ်းနှင့် လွတ်ကင်းမှုမရှိသောဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ပြောင်းရွှေ့တည်ဆောက်ရန်လိုအပ်သော ကွန်ကရစ်တိုင်၊ ၃၃ကေဗွီ၊ ၁၁ကေဗွီ၊ ၀.၄ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀.၄ကေဗွီထရန်စဖော်မာ ဆက်စပ်ပစ္စည်းများအား ဝယ်ယူရန် မြန်မာကျပ်ငွေ (Kyat)ဖြင့်ဝယ်ယူလိုပါသည်။

| | |
|---|---|
| **တင်ဒါစတင်ရောင်းချမည့်ရက်** | - ၆-၁၂-၂၀၁၆ရက် |
| **တင်ဒါပိတ်မည့်ရက်** | - ၂၃-၁၂-၂၀၁၆ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - ၁၂ နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် လာရောက် စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံး အမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax -၀၆၇-၈၁၀၄၂၄၆**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)
## 17th Batch (1982-1986)
## ကျောင်းသား၊ ကျောင်းသူဟောင်းများ၏
## အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) 17th Batch ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၁၈-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီ မှ ၁၁နာရီအထိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၊ ရွှေရတုခန်းမတွင် ကျင်းပပြုလုပ် မည်ဖြစ်ပါသည်။ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ယောက်ဖြစ်လာအောင် ပြုစုပျိုးထောင် သင်ကြားပေးခဲ့သော ဆရာ/ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက စုပေါင်းညီညာလက်ဆယ်ဖြာဖြင့် ရှိခိုးပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ဆရာကန်တော့ပွဲ ကျင်းပရေးကော်မတီသို့ သူငယ်ချင်းများ ဆက်သွယ်ကြပါရန်နှင့် ပူးပေါင်းဆောင်ရွက်ကြပါရန်၊ အလှူငွေများထည့်ဝင်ကြပါရန် နှိုးဆော်လိုက်ပါသည်။

၁၈-၁-၂၀၁၇ရက်မှာ သူငယ်ချင်းများ စုံစုံညီညီ ပြန်လည်ဆုံတွေ့ကြရင်း
ကျေးဇူးရှင် ဆရာ/ဆရာမများကို ကန်တော့ကြပါစို့...
ဆရာကန်တော့ပွဲ ကျင်းပရေးကော်မတီ

| | |
|---|---|
| **ခင်မောင်ဦး (မြိတ်)** | **ဖုန်း-၀၉-၇၃၃၃၁၈၈၈** |
| **အောင်သိန်းထွန်း** | **ဖုန်း-၀၉-၅၁၄၂၁၂၅** |
| **ကိုကို** | **ဖုန်း-၀၉-၅၀၂၉၄၄၇** |
| **နိုင်အောင်ဝင်း** | **ဖုန်း-၀၉-၅၁၃၇၄၃၆** |
| **ခင်မောင်ဦး** | **ဖုန်း-၀၉-၅၀၁၃၅၀၁** |

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀/တောင်၊မြေကွက်အမှတ် ၁၄၇၈/က၊ မြေကွက်တည်နေရာ အမှတ် ၁၄၇၈/က၊ ၇ဈေးလမ်း၊ (၁၄) ရပ်ကွက်၊ သာကေတမြို့နယ် ဦးဖိုးဝ EF-၀၅၂၇၆၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဖိုးဝ(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ရင်ရွှေ ၁၂/သဃက(နိုင်)၁၁၉၅၆၉ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၁၉၂၃၇/ ၂၀၁၂)ရသူ ဦးဝင်းမိုးဦး ၁၂/သကတ(နိုင်)၁၆၈၆၇၀ က သေစာရင်း၊ ပုဇွန်တောင်မြို့နယ် တရားရုံး၏ ၂၉-၇- ၂၀၁၆ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်စဉ်(၄၇၂/၂၀၁၆)၊ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျုံပျော်မြို့နယ်၊ မိုးကြိုးပစ်ကျေးရွာ အုပ်စု၊ မလှပန်းကျေးရွာနေ ဦးရန်အောင်လင်း၏သမီး မမေတွဲလင်းနှင့်မမေတွဲ(လ်)လင်း ၁၄/ကပန(နိုင်)၁၇၉၂၂၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/9970 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/6625 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၂၂၃၇၆ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းဇင်သူ ၃/ကကရ(နိုင်)၁၇၁၂၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ အထက(၁) နဝမတန်း(C)မှ ဦးကျော်သန်း၏သမီး မရွှေခဲအား မမြတ်ရွှေဇင်လှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မမြတ်ရွှေဇင်လှိုင်**

## ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ မိုးထိ အထက(ခွဲ) စတုတ္ထတန်းမှ မအောင်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းဝင်း ၈/တတက (နိုင်) ၀၉၂၄၁၅ ဖြစ်ပါကြောင်း။ **ဦးမျိုးမင်းဝင်း**

## အမည်ပြောင်း

စစ်ကိုင်းမြို့နယ်၊ စွန်ရဲကျေးရွာအုပ်စု၊ လစခ(၇)နေ ဗိုလ်မှူးမြတ်သူရွှေ ၅/ခတန(နိုင်)၀၁၄၆၆၈ ၏ သမီးများဖြစ်ကြသော မဝါဝါလွင်အား မလဝန်းသစ်ဟုလည်းကောင်း၊ မခင်ဝင့်ဝင့်ကျော်အား မလဝန်းခေတ်ဟုလည်းကောင်း၊ ပလိပ်အထက(KG-B)မှမလဝန်းချစ်အား မချစ်ဝန်းသစ်ဟုလည်းကောင်းယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။ **မလဝန်းသစ်၊ မလဝန်းခေတ်၊ မချစ်ဝန်းသစ်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာနေ ဒေါ်လှရင် ၉/ပဥလ(နိုင်)၀၁၉၇၅၇၏သမီး မစိုးစိုးယု(ခ)မမီးမီး ၉/မမန(နိုင်)၀၀၁၇၇၆ကိုင်ဆောင်သူသည် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိဘခွင့်မလွှတ်နိုင်သည့် ကိစ္စများပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မစိုးစိုးယု(ခ)မမီးမီးနှင့်ပတ်သက်သမျှ ကိစ္စအဝဝလုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**မိခင်- ဒေါ်လှရင်**
**ညောင်နီကျေးရွာ၊ ရပ်ကွက်ကြီး (၁၄)၊ ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းမှ ဒုတိယနှစ်ကျောင်းသူ မဆုသဉ္ဇာဟန်၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်း ၈/သရန(နိုင်)၀၆၇၄၄၃ ဖြစ်ပါကြောင်း။ **ဦးကျော်လင်း**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မိဂသီ(၁၆)လမ်း၊အမှတ်၄၂၆၊ မြေညီထပ်(အလယ်ခန်း)၊အကျယ်အဝန်းပေ (၁၂½×၄၅)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ စွဲကပ်တည်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်လျက်ရှိသော ဦးဇေယျာဝင်း ၇/ကပက(နိုင်) ၀၀၀၈၄၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို အတည်ဖြစ်သည်ဟု သတ်မှတ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်သူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၈၃၂)**
**အမှတ် ၁၉၃၊ အင်းဝ လမ်း ၂၀၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၇၄၇၃၃**

# နိုင်ငံခြားသားများဆိုင်ရာဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**နိုင်ငံခြားသားများဆိုင်ရာဥပဒေ**

**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**(၂၀၁၆ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **နိုင်ငံခြားသားများဆိုင်ရာ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနကို ဆိုသည်။

(စ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးရှိ မြို့နယ်ဦးစီးမှူးအဆင့် အောက်မနိမ့်သော အရာရှိကို ဆိုသည်။

(ဇ) **လူဝင်မှုကြီးကြပ်ရေးအရာရှိ** ဆိုသည်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူးရုံး၊ မြို့နယ်ဦးစီးမှူးရုံးတို့မှ လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူး အဆင့်အောက်မနိမ့်သောအရာရှိကို ဆိုသည်။

(ဈ) **နိုင်ငံခြားသား** ဆိုသည်မှာ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူကို ဆိုသည်။

(ည) **ပြည်တွင်းနေ အရည်အချင်းရှိသော နိုင်ငံခြားသား** ဆိုသည်မှာ မြန်မာနိုင်ငံ၌ ၄-၁-၁၉၃၈ ရက်နေ့မှ ၄-၁-၁၉၄၈ ရက်နေ့ထိ ဖြစ်စေ၊ ၄-၁-၁၉၄၈ ရက်နေ့မှ ၄-၁-၁၉၅၈ ရက်နေ့အထိ ဖြစ်စေ ၁၀ နှစ်တာကာလ နှစ်ခုအနက် ကာလအပိုင်းအခြား တစ်ခုတွင် တစ်ဆက်တည်း ရှစ်နှစ်အောက်မနည်း အခြေချနေထိုင်ပြီး ဤဥပဒေဖြင့် ရုပ်သိမ်း သော ဥပဒေတစ်ရပ်ရပ်အရ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် လျှောက်ထား ကိုင်ဆောင်သည့် နိုင်ငံခြားသားနှင့် ယင်းနိုင်ငံခြားသား၏ မိသားစုဝင် နိုင်ငံခြားသားများကို ဆိုသည်။

(ဋ) **အမြဲနေထိုင်ခွင့်ရရှိသူ နိုင်ငံခြားသား** ဆိုသည်မှာ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများအရ အချိန်ကာလ ကန့်သတ်ချက်ဖြင့် အမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားကို ဆိုသည်။

(ဌ) **ခရီးသွားလက်မှတ်** ဆိုသည်မှာ နိုင်ငံကူးလက်မှတ်၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်အပြင် ကုလသမဂ္ဂ သို့မဟုတ် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများက ဖြစ်စေ၊ နိုင်ငံတကာ အသိအမှတ်ပြု အလားတူအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ နိုင်ငံတကာသို့ခရီးသွားလာနိုင်ရန် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ထုတ်ပေးသော လက်မှတ် သို့မဟုတ် နိုင်ငံတစ်နိုင်ငံက ယင်း၏ နိုင်ငံသား မဟုတ်သူများကို အခြားနိုင်ငံသို့ ခရီးသွားလာနိုင်ရေးအတွက် နိုင်ငံကူးလက်မှတ်အစား ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဍ) **နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြားရှိသည့် နိုင်ငံခြားသားကိုဖြစ်စေ၊ အသက် ၁၈ နှစ်နှင့်အထက်ရှိသည့် နိုင်ငံခြားသားကို ဖြစ်စေ ဤဥပဒေအရ ထုတ်ပေးသော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် သို့မဟုတ် ကတ်ပြားကို ဆိုသည်။

(ဎ) **အခကြေးငွေ** ဆိုသည်မှာ ဤဥပဒေအလို့ငှာ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းအတွက်ဖြစ်စေ၊ နှစ်စဉ်လဲလှယ်ခြင်းအတွက် ဖြစ်စေ၊ သက်တမ်း ပြန်လည် အတည်ပြုပေးခြင်းအတွက် ဖြစ်စေ၊ ပျောက်ဆုံးပျက်စီးခြင်း သို့မဟုတ် ဟောင်းနွမ်းဆွေးမြည့်ခြင်းကြောင့် မိတ္တူထုတ်ပေးခြင်းအတွက်ဖြစ်စေနိုင်ငံခြားသားက ပေးဆောင်ရန် သတ်မှတ်ထားသည့် အခကြေးငွေကို ဆိုသည်။

(ဏ) **မှတ်ပုံတင်လိပ်စာ** ဆိုသည်မှာ နိုင်ငံခြားသားက ဤဥပဒေ ပုဒ်မ ၃ အရ မှတ်ပုံတင်လျှောက်ထားရာတွင် ဖော်ပြထားသည့် မြန်မာနိုင်ငံအတွင်း၌ နေထိုင်သည့် နေရပ်လိပ်စာကို ဆိုသည်။

(တ) **တည်းခိုအိမ်** ဆိုသည်မှာ အခကြေးငွေ ရယူ၍ဖြစ်စေ၊ အခကြေးငွေမယူဘဲဖြစ်စေ နိုင်ငံခြားသားကို တည်းခိုနေထိုင်ခွင့်ပြုသည့်အိမ်၊ ကစားခုန်စားအသင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ တည်းခိုရိပ်သာ၊ တည်းခိုသည့်နေရာ သို့မဟုတ် အဆောက်အအုံတို့လည်း ပါဝင်သည်။

(ထ) **တည်းခိုအိမ်ပိုင်ရှင်** ဆိုသည်မှာ တည်းခိုအိမ်ကို ပိုင်ဆိုင်သူ သို့မဟုတ် ၎င်းက ခန့်အပ်ထားသူနှင့် ၎င်းစည်းကမ်းအရ တည်းခိုအိမ်၏ တာဝန်ဝတ္တရားများကို စီမံခန့်ခွဲ ဆောင်ရွက်သည့်သူကို ဆိုသည်။

**အခန်း(၂)**

**နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်**

၃။ နိုင်ငံတော်အတွင်း အမြဲနေထိုင်ခွင့်ရရှိထားသူ နိုင်ငံခြားသားမှတစ်ပါး အောက်ပါ နိုင်ငံခြားသားသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ မှတ်ပုံတင် အရာရှိထံတွင် အသက်အပိုင်းအခြားအလိုက် သတ်မှတ်ထားသော နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရယူ ကိုင်ဆောင်ရမည်-

(က) ပြည်တွင်းနေ အရည်အချင်းရှိသော နိုင်ငံခြားသား၊

(ခ) နိုင်ငံခြားသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

(ဂ) မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၄၃ ပြဋ္ဌာန်းချက်ပါ မွေးဖွားသူများအနက် အသက် ၁၈နှစ် ပြည့်ပြီးနောက် နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားခြင်း မပြုလိုသူ၊

(ဃ) နိုင်ငံအတွင်းသို့ ပြည်ဝင်ဗီဇာဖြင့် ဝင်ရောက်လာပြီးနောက် တစ်ဆက်တည်း ရက်ပေါင်း ၉၀ ထက် ကျော်လွန်နေထိုင်လိုသူ နိုင်ငံခြားသား။

၄။ အောက်ပါပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ အရည်အချင်း ဆုံးရှုံးသည့်နေ့မှစ၍ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် လျှောက်ထားကိုင်ဆောင်ရန် လိုအပ်သည်-

(က) နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ရုပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်းခံရသူ၊

(ခ) မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၄၃ ပြဋ္ဌာန်းချက်ပါ မွေးဖွားသူများအနက် အသက် ၁၈ နှစ်ပြည့်ပြီးနောက် သတ်မှတ်ကာလအတွင်း နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားခြင်း မပြုသူ၊

(ဂ) ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်အဖြစ်မှ ရုပ်စဲခံရသူနှင့် ထိုသူတို့၏ နိုင်ငံခြားသား ဇနီး၊ ခင်ပွန်း သို့မဟုတ် သားသမီး၊

(ဃ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရသူ၊ ထုတ်ပယ်ခံရသူ၊ ရုပ်စဲခံရသူ၊ နုတ်ထွက်သူ၊ အငြိမ်းစားယူသူ နိုင်ငံသား၏ နိုင်ငံခြားသား ဇနီး၊ ခင်ပွန်း သို့မဟုတ် သားသမီး၊

(င) ပြည်ပြန်ဝင်ခွင့်ဗီဇာ သက်တမ်းကျော်လွန်ပြီးမှ ပြန်လည်ဝင်ရောက်သော ပြည်တွင်းနေ အရည်အချင်းဆုံးရှုံးသူ နိုင်ငံခြားသား၊

(စ) အမြဲနေထိုင်ခွင့် ရုပ်သိမ်းခြင်းခံရသူ နိုင်ငံခြားသား။

၅။ ပုဒ်မ ၄ အရ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် လျှောက်ထားကိုင်ဆောင်ရန် လိုအပ်သူများသည် အရည်အချင်းဆုံးရှုံးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရယူ ကိုင်ဆောင်ရမည်။

၆။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူ နိုင်ငံခြားသားတစ်ဦးသည် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အချုပ်ကျခံနေစဉ်သော် လည်းကောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ အကျဉ်းထောင်တစ်ခုခုတွင် ပြစ်ဒဏ်ကျခံနေစဉ်သော်လည်းကောင်း ၎င်း၏ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို နှစ်စဉ်သက်တမ်းတိုး လဲလှယ်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၇။ ပုဒ်မ ၆ အရ နှစ်စဉ်သက်တမ်းတိုးလဲလှယ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိသည့် နိုင်ငံခြားသားသည် သက်ဆိုင်ရာ အချုပ်မှသော်လည်းကောင်း၊ အကျဉ်းထောင်မှသော် လည်းကောင်း ဥပဒေအရ ပြန်လည် လွတ်မြောက်လာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် သက်တမ်းတိုးလဲလှယ်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၈။ မှတ်ပုံတင်အရာရှိသည် နိုင်ငံခြားသားက ပုဒ်မ ၃၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၇ တို့နှင့်အညီ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် လျှောက်ထားချက်ကို ရရှိလျှင် လိုအပ်သော အခကြေးငွေကို ပေးသွင်းစေပြီး သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၉။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်သည် နှစ်စဉ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သက်တမ်းကုန်ဆုံးသဖြင့် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူသည် နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ် သက်တမ်းကုန်ဆုံးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် သက်တမ်းတိုးလဲလှယ်ရန်သတ်မှတ်ချက်နှင့်အညီလျှောက်ထားရမည်။

၁၀။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူသည်-

(က) ပြည်ပသို့ထွက်ခွာလျှင် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ပြန်လည်အပ်နှံရမည်။

(ခ) ပုဒ်မခွဲ (က) အရ အပ်နှံထားသော မှတ်ပုံတင်လက်မှတ်ကို ပြည် တွင်းသို့ ပြန်လည်ဝင်ရောက်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ သက်တမ်း အတည်ပြုပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၁။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူသည် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးခြင်းအတွက်ဖြစ်စေ၊ ပျက်စီးခြင်း သို့မဟုတ် ဟောင်းနွမ်းခြင်း သို့မဟုတ် ဆွေးမြည့်ခြင်းအတွက်ဖြစ်စေ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် မိတ္တူထုတ်ယူခွင့်ပြုရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

**အခန်း(၃)**

**ယာယီခရီးသွားလာခြင်းနှင့် ပြောင်းရွှေ့နေထိုင်ခြင်း**

၁၂။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူသည်-

(က) နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ပါ နေရပ်လိပ်စာမှ နိုင်ငံတော်အတွင်း အခြားနေရာတစ်ခုသို့ ၂၄ နာရီထက် ကျော်လွန်၍ ယာယီခရီးသွားလာလိုလျှင် ခရီးသွားလာခွင့်ရရှိရန် မိမိနေထိုင်ရာဒေသရှိ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားပြီး မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ရရှိမှသာ ခရီးသွားလာရမည်။

(ခ) နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ပါ နေရပ်လိပ်စာမှ နိုင်ငံတော်အတွင်း အခြားနေရာတစ်ခုသို့ ပြောင်းရွှေ့နေထိုင်လိုပါက ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြောင်းရွှေ့နေထိုင်ရမည်။

(ဂ) မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုခုကြောင့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ပါ နေရပ်လိပ်စာမှ နိုင်ငံတော်အတွင်း အခြားနေရာတစ်ခုခုသို့ ရုတ်တရက် ပြောင်းရွှေ့သွားရလျှင် ရောက်ရှိချိန်မှ ၂၄ နာရီအတွင်း ပြောင်းရွှေ့ရောက်ရှိသည့် နေရပ်ရှိ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ကိုယ်တိုင်သတင်းပို့၍ သတ်မှတ်ပုံစံတွင် ဖြည့်စွက်တင်ပြရမည်။

၁၃။ နိုင်ငံခြားသားတစ်ဦးသည်-

(က) နိုင်ငံတော်အတွင်း ခရီးသွားလာခွင့်နှင့် ပြောင်းရွှေ့နေထိုင်ခွင့်ပြုသည့်နေရာသို့ ရောက်ရှိသည့်အခါ သက်ဆိုင်ရာမှတ်ပုံတင် အရာရှိထံ ၂၄ နာရီအတွင်း လူကိုယ်တိုင် သတင်းပို့၍ သတ်မှတ်ပုံစံတွင် ဖြည့်စွက်တင်ပြရမည်။

(ခ) ပြည်တွင်းနေ အရည်အချင်းရှိသော နိုင်ငံခြားသားဖြစ်ပါက ပြည်ပသို့ ခရီးသွားလာလိုလျှင် ခရီးသွားလာခွင့်ရရှိရန် မိမိနေထိုင်ရာဒေသရှိ မှတ်ပုံတင်အရာရှိမှတစ်ဆင့် ဦးစီးဌာနသို့ လျှောက်ထားပြီး ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ပြည်ပသို့ ခရီးသွားလာရမည်။

(ဂ) အမြဲနေထိုင်ခွင့်ရရှိသူ နိုင်ငံခြားသားဖြစ်ပါက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၄။ နိုင်ငံခြားသားသည် နိုင်ငံတော်အတွင်း ခရီးသွားလာခြင်းနှင့် အလုပ်လုပ်ကိုင်ခြင်းနှင့် နေထိုင်ခြင်းပြုရာတွင် ခရီးသွားလက်မှတ်နှင့် သတ်မှတ်သော အခြားခွင့်ပြုချက်များကို ရယူကိုင်ဆောင်ထားပြီး တာဝန်ရှိသူက စစ်ဆေးသည့် အခါ တင်ပြရမည်။

၁၅။ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ မှတ်ပုံတင်လိပ်စာမှ အခြားနေရာသို့ ပြောင်းရွှေ့နေထိုင်သော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူသည် ပုဒ်မ ၂၅ အရ အရေးယူအပြစ်ပေးမှုကို ခံယူပြီးလျှင် တရားဝင်လိပ်စာပြောင်း ဖြစ်စေရေးအတွက် ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် မြို့နယ်မှ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

**အခန်း(၄)**

**နိုင်ငံခြားသား၏ တာဝန်များ**

၁၆။ နိုင်ငံခြားသားတစ်ဦးသည် -

(က) မှတ်ပုံတင်အရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိက မေးမြန်းသည့် ကိုယ်ရေးအကြောင်းအရာ အချက်အလက်များကို မှန်ကန်စွာ ဖြေကြားရမည်။

(ခ) ခရီးသွားလက်မှတ်၊ သတ်မှတ်သော အခြားခွင့်ပြုချက်များနှင့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို မိမိနှင့်တစ်ပါတည်း ယူဆောင်သွားလာရမည်။

(ဂ) ခရီးသွားလက်မှတ်၊ သတ်မှတ်သော အခြားခွင့်ပြုချက်များနှင့် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို မှတ်ပုံတင်အရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိ တစ်ဦးဦးက စစ်ဆေးရန် တောင်းဆိုသည့်အခါ မပျက်မကွက် ပြသရမည်။

(ဃ) ကိုယ်ရေးဖြစ်စဉ် ပြောင်းလဲသည့်အခါတိုင်း မှတ်ပုံတင်အရာရှိထံ သတ်မှတ်ကာလအတွင်း လူကိုယ်တိုင် သွားရောက်လျှောက်ထားရမည်။

(င) ပုဒ်မ ၄ အရ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်လျှောက်ထား ကိုင်ဆောင်ရန် လိုအပ်သူများဖြစ်ပါက ပုဒ်မ ၅ ပါ သတ်မှတ်ကာလအတွင်း နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို မပျက်မကွက် လျှောက်ထားကိုင်ဆောင်ရမည်။

(စ) တည်းခိုအိမ်သို့ ရောက်ရှိသည့်အခါ ကိုယ်ရေးအချက်အလက်များ၊ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့် ခရီးသွားလာခြင်းဆိုင်ရာ အကြောင်းခြင်းရာများကို တည်းခိုအိမ်ပိုင်ရှင်ထံ ပေးအပ်ရမည်။ ***(ဆက်လက်ဖော်ပြပါမည်)***

# ရွာစားကြီးစိန်ဗေဒါ ၁၃၄ နှစ်ပြည့် ဆွမ်းကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဗဟိုနှင့် မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံး၏ ဦးဆောင်မှုဖြင့် နေမျိုးဗလကျော်သူဘွဲ့ရရွာစားကြီး စိန်ဗေဒါ (၁၈၈၂-၂၀၁၆) ၁၃၄ နှစ်ပြည့် အောက်မေ့သတိရကျေးဇူးဆပ် ဆွမ်းကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၃၀ ရက်က မန္တလေးမဟာအောင်မြေမြို့နယ် ၄၂ လမ်း၊ ၈၃ နှင့် ၈၄ လမ်းကြားရှိ လောကနတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြင်းဝန်ကျောင်းတိုက် ဖြူးကျောင်းဆရာတော်ဘဒ္ဒန္တအာဒိစ္စ အရှင်သူမြတ် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး ဗဟိုနာယက ဦးရွှေနန်းတင်၊ တိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မောင်၊ စိန်ဗေဒါကြီး၏မြေး ဦးကျော်ဆန်း၊ ဆိုင်းဆရာကြီး ဦးစိန်တင့်လွင်နှင့် သဘင်ပညာရှင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး ဖြူးကျောင်းဆရာတော်ထံမှ ပရိသတ်အပေါင်းက ပရိတ်တရားတော်များကို နာယူကြပြီး သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပလက်ဝမြို့တည် နှစ် (၁၄၀) ပြည့်အခမ်းအနားကျင်းပ



**ပလက်ဝ ဒီဇင်ဘာ ၂**

ချင်းပြည်နယ် ပလက်ဝမြို့ မြို့တည်နှစ် (၁၄၀) ပြည့် အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၇ နာရီက ချင်း ပြည်နယ် ပလက်ဝမြို့ ဘောလုံးကွင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ်က နိုင်ငံတော်ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားပြီး ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်ပြီး ပြည်နယ်စည်ပင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဆာဆုက ပလက်ဝမြို့အကြောင်း သမိုင်းအကျဉ်းကိုတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပလက်ဝမြို့နယ် နှစ် (၁၄၀) ပြည့် အထိမ်းအမှတ်ပွဲတော်အတွက် ငွေကျပ်သိန်း ၅၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ယင်းနောက် ရိုးရာအက အဖွဲ့များ ယှဉ်ပြိုင်ကပြခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် ရိုးရာညစာစားပွဲ ကျင်းပရာ ပလက်ဝမြို့ နှစ်(၁၄၀)ပြည့် သရုပ်ဖော်အက၊ တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေကပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ မီးပုံပွဲကျင်းပခဲ့သည်။

ချင်းပြည်နယ် ပလက်ဝမြို့နယ်သည် ရခိုင်ပြည်နယ်နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသောနေရာတစ်ခုဖြစ်ပြီး ကျေးရွာအုပ်စု ၉၆ အုပ်စု၊ ကျေးရွာပေါင်း ၃၈၁ ရွာရှိကာ လူဦးရေ ၉၈၁၆၈ ဦးရှိကြောင်း သိရသည်။ ခူမီး၊ ရခိုင်၊ ဒိုင်၊ လေးတူ၊ မတူ၊ မရာ၊ မြို၊ အနူး၊ ခေါင်စို၊ နီစို၊ ပနန်း၊ ဗမာ၊ ဒိုင်းနက်၊ ဟိန္ဒူတို့ နေထိုင်လျက်ရှိပြီး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနှင့် နတ်ကိုးကွယ်ကြကြောင်း သိရသည်။ ဧယျာဉ်ခြံမြေ ၅၃၉၃ ဧက၊ ကြိုးဝိုင်း ကြိုးပြင် ၁၅၄၇၇၈ ဧကရှိကြောင်းလည်း သိရသည်။

ခူမီးလူမျိုးတို့သည် ရှေးပဝေသဏီကပင် ကိုယ်ပိုင်ရပ်တည်ခဲ့ပြီး ခူကုန်းခေါ် တောင်မင်းစနစ်ဖြင့် အုပ်ချုပ်နေထိုင်လာခဲ့ရာမှ ၁၉၂၆ ခုနှစ် ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲတွင် တနင်္သာရီနှင့် ရခိုင်ဒေသကို နယ်ချဲ့အင်္ဂလိပ်အား ပေးလိုက်ရသောကြောင့် အင်္ဂလိပ်တို့သည် ရခိုင်ဒေသကို စစ်တွေခရိုင်အဖြစ် အုပ်ချုပ်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် Arakan Hill Tract အမည်ဖြင့် မြောက်တောင်ကျေးရွာတွင် ရုံးစိုက်ပြီး ပလက်ဝဒေသတစ်စိတ်တစ်ပိုင်းကို အုပ်ချုပ်၍ ၁၈၇၆ ခုနှစ်တွင် ပလက်ဝမြို့အဖြစ်ပြောင်းလဲကာ ခရိုင်အဆင့်ဖြင့် အုပ်ချုပ်ခဲ့ကြောင်း ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ၏ ပြောပြချက်အရသိရသည်။ ၁၉၇၆ ခုနှစ်တွင် နှစ်(၁၀၀)ပြည့်ပွဲတော်ပြုလုပ်ခဲ့ပြီး ယခုနှစ်ပြုလုပ်သော ပွဲတော်သည် နှစ်(၁၄၀)ပြည့်ပွဲတော်ဖြစ်ကြောင်း ဒေါ်ဆာဆုက ပြောသည်။ ပလက်ဝမြို့တည် နှစ်(၁၄၀)ပြည့် အထိမ်းအမှတ်ပွဲတော်အား ပလက်ဝမြို့နယ်၏ လူမျိုးနွယ်စုအကြောင်းသိရှိစေရန်၊ ပလက်ဝမြို့နယ်၏ ဒေသအချက်အလက်များ အကြောင်းသိရှိစေရန်၊ ပလက်ဝမြို့နယ်ရှိ တိုင်းရင်းသားလူမျိုးများအကြား တစ်ဦးနှင့်တစ်ဦး ပိုမိုချစ်ခင်စည်းလုံးစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**မြတ်ဝေ**

# ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးစံကွက်ရိတ်သိမ်း၊ စပါးထုတ်လုပ်မှုစစ်တမ်းကောက်

**သီပေါ ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းတိုးတိုးဦးဆောင်သော မိုးစပါးစံကွက်ရိတ်သိမ်းခြင်း၊ စပါးထုတ်လုပ်မှုစစ်တမ်းကောက်ယူရေးအဖွဲ့သည် နမ့်ဆန်မြို့နယ် လီလုကျေးရွာတောင်သူဦးရွှေမြတ်၏ ပုလဲသွယ်စပ်မျိုးစပါးလယ်မြေတွင် ၆၆ ပေပတ်လည် ၀ ဒသမ ၁၀ ဧကကို စံကွက်ရိတ်သိမ်းရာ ၁၃၅ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် စစ်တမ်းကောက်ယူရာတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဦးသိန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစိုင်းတိုးတိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးနှင့်ကွင်းတာဝန်ခံများ၊ မြို့နယ် စိုက်/မွေး ကျေးကော်မတီဝင်များ၊ တောင်သူလယ်သမားများ တက်ရောက်ကြပြီး အချက်ရှစ်ချက်ကို တောင်သူများအား မေးမြန်းကာ စစ်တမ်းကောက်ယူလျက်ရှိသည်။

စစ်တမ်းကောက်ယူခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အခြေအနေ၊ အထွက်နှုန်း၊ အထွက်တင်း၊ ရင်းနှီးကုန်ကျစရိတ်နှင့် အကျိုးအမြတ်ရရှိမှု၊ တောင်သူများ ရှေ့ဆက်စိုက်ပျိုးလိုသည့်မျိုး၊ တောင်သူများ ပိုင်ဆိုင်မှုအခြေအနေများကို မေးမြန်းထည့်သွင်းကာ ဒေသနှင့်ကိုက်ညီပြီး ပြည်ပပို့ကုန်ဈေးကွက်ဝင်စပါးမျိုးတစ်မျိုးတည်း၊ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးလာခြင်းဖြင့် ဆန်ဈေးကွက်အဆင့်မြင့်လာစေရေး အထောက်အကူပြုလာနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြောသည်။

**စိုင်း(သီပေါ)**

# ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

ဒီဇင်ဘာ ၁ ရက်တွင်ကျရောက်သော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ပူးပေါင်း၍ တာမွေမြို့နယ် အထက(၁)ကျောင်း ပင်လုံခန်းမ၌ ဒီဇင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်း(ရဲချုပ်ငြိမ်း)က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကာ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**လှလှ**

## သတင်းတိုများ

### မြောက်ဦးမြို့ ရတနာ့မာရ်အောင်စေတီတော်ပြုပြင်ရန် အလှူငွေပေးအပ်

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် မြေငလျင်ဒဏ်ကြောင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့၏အထင်ကရ တန်ခိုးကြီး ရှေးဟောင်းသမိုင်းဝင်စေတီတစ်ဆူဖြစ်သည့် ရတနာ့မာရ်အောင်စေတီတော်တွင် စိန်ဖူးတော်၊ RC ထီးတော်နှင့် ငှက်ပျောဖူးအခြေမှ ကြာမှောက်အပေါ်ပိုင်းအထိ ပေ ၂၀ ခန့်၊ ထီးတော်အောက်ဆုံးအဆင့် ကိုးလက်မခန့် ပြိုကျခဲ့ရာ အဆိုပါ ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် MPT မိုဘိုင်းတယ်လီဖုန်း သုံးစွဲသူ ရဟန်းရှင်လူ ပြည်သူများ ပေးပို့လှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၃၀၀ ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရခိုင်ပြည်နယ်မန်နေဂျာက မြောက်ဦးမြို့ ရတနာ့မာရ်အောင်ကျောင်းတိုက် ဆရာတော်ထံ နိုဝင်ဘာ ၃၀ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ရွှေသိမ်တော်စေတီတော်ကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့အမှတ်(၄)ရပ်ကွက်ရှိ ရွှေသိမ်တော်စေတီတော်ကြီး၏ (၅၄)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ နတ်တော်လဆန်း ၁ ရက်အထိ ငါးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့ရာတွင် ပင့်သံဃာ အပါး ၂၃၀ ကျော်တို့အား ရပ်ကွက်နေပြည်သူများနှင့် အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများက ဆွမ်းဆန်စိမ်းများ လောင်းလှူကြကာ ရွှေသိမ်တော်ကျောင်းတိုက် ဆရာတော်ထံမှ သီလခံယူကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ရေကြည်ကျေးရွာမှ မီးဘေးသင့်ပြည်သူ အိမ်ထောင်စု ခုနစ်စုအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကူညီထောက်ပံ့သော တစ်ပုံးလျှင် ကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ ပစ္စည်း ၁၃ မျိုးပါ Family Kits ပုံးများကို နတ်တလင်းမြို့နယ် ကြက်ခြေနီ တပ်ရင်းမှူး ရဲမှူးအောင်မိုး ဦးဆောင်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁ ရက်က ကျေးရွာ အရောက် လာရောက်ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

**တင်မြင့်(နတ်တလင်း)**

### အောင်လံမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပူးပေါင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး အောင်လံမြို့ ကန်ကြီးရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးရှေ့ လမ်းမတော်လမ်းတစ်လျှောက်တွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဈေးသည်များ စနစ်တကျ ဈေးရောင်းချရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြသည်။

**သိန်းလွင်(အောင်လံ)**

# မိုးညှင်းခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆိုင်ကယ်များကို စနစ်တကျထိန်းသိမ်းထားပေး

**မိုးညှင်း ဒီဇင်ဘာ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများနှင့် လူနာစောင့်များ၊ ကူညီပေးကြသူများ စီးနင်းလာသောဆိုင်ကယ်များ မကြာခဏ ပျောက်ဆုံးမှုများရှိနေသဖြင့် ယခုအခါ အဆိုပါဆိုင်ကယ်များကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန် ဆိုင်ကယ်စတင်းကို စက်တင်ဘာလအတွင်းက စတင်ဖွင့်လှစ်ကာ ယခုအချိန်တွင် ဆိုင်ကယ်ပျောက်ဆုံးမှုမရှိအောင် အာမခံ၍ ထိန်းသိမ်းပေးနေကြောင်း သိရသည်။

"ကျွန်တော်က ဆိုင်ကယ်စတင်းတာဝန်ခံပါ။ အကြောင်းအမျိုးမျိုးကြောင့် နေ့စဉ် ဆေးရုံထဲရောက်လာတဲ့ ဆိုင်ကယ်တွေကို စနစ်တကျတန်းစီပြီး ပြန်ထုတ်ပေးပါတယ်။ ခရိုင်ဆေးရုံအင်္ဂါရပ်နဲ့အညီ စည်းကမ်းတကျဖြစ်အောင် လွန်ခဲ့တဲ့ စက်တင်ဘာလကတည်းက စတင်လုပ်ကိုင်ခဲ့တာပါ။ ဒီဆေးရုံဝင်းထဲမှာ အရင်က ဆိုင်ကယ်အစီး ၃၀ ကျော် ပျောက်ဆုံးခဲ့ပါတယ်။ ဒီလိုအခက်အခဲမျိုးတွေ မဖြစ်ရအောင် စနစ်တကျ တာဝန်ယူ ဆောင်ရွက်နေပါတယ်"ဟု ဆေးရုံဝင်းအတွင်းမှ ဆိုင်ကယ်စတင်းတာဝန်ခံ ဦးကျော်က နိုဝင်ဘာ ၂၉ ရက်က ပြောသည်။

ဆိုင်ကယ်တစ်စီးလျှင် နံနက် ၇ နာရီမှ ည ၇ နာရီအထိ အပ်နှံခ ကျပ် ၂၀၀ ကောက်ခံပြီး နေ့ည ၂၄ နာရီအတွက် ထိန်းသိမ်းစောင့်ရှောက်ခအဖြစ် ကျပ် ၃၀၀ ကောက်ယူကြောင်း၊ ဆိုင်ကယ်ပျောက်ဆုံးမှုအတွက် အာမခံ တာဝန်ယူကြောင်း၊ ဆေးရုံဝန်ထမ်းများ၏ ဆိုင်ကယ်များအတွက် အခကြေးငွေမယူဘဲ ဝန်ဆောင်မှုအပြည့်ဖြင့် စနစ်တကျကူညီပေးလျက်ရှိကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။ လက်ရှိအချိန်တွင် အဆိုပါ ဆိုင်ကယ်စတင်း၌ နေ့စဉ် ဆိုင်ကယ်အစီးရေ ၁၀၀ ကျော်ကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နီတိုး**



## မှုခင်းသတင်းတိုများ

### ဆိုက်ကားနှင့်ဆိုင်ကယ်တိုက်၍ လူသုံးဦးဒဏ်ရာရ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဝဲဒေါင့်ရွာ၌ နိုဝင်ဘာ ၂၉ ရက်က ဆိုက်ကားကို ဆိုင်ကယ်က နောက်မှဝင်တိုက်မှု ဖြစ်ပွားခဲ့ပြီး ဆိုက်ကားနင်းသူနှင့် ဆိုင်ကယ်ပေါ်ပါသူနှစ်ဦးတို့မှာ ဒဏ်ရာများ ပြင်းထန်စွာရရှိသွားကြောင်း သိရသည်။ ဦးမြင့်ကြည် (၅၀ နှစ်)နင်းလာသည့် ဆိုက်ကားကို အောင်ချိုလတ် (၃၀ နှစ်) မောင်းနှင်ပြီး အနောက်တွင် မင်းနိုင်(၃၅ နှစ်)လိုက်ပါစီးနင်းလာသည့် နံပါတ်မပါ လိုင်စင်စိစစ်ဆဲဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ဦးမြင့်ကြည်၊ ဆိုင်ကယ်မောင်းသူ အောင်ချိုလတ်နှင့် မင်းနိုင်တို့ သုံးဦးလုံးတွင် စိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ပြီး ၎င်းတို့သုံးဦးလုံးအား ဖြူးမြို့မရဲစခန်းက ရဲဆေးစာဖြင့် ဖြူးဆေးရုံသို့ ပို့အပ်ထားရှိကာ ဆိုင်ကယ်မောင်းသူ အောင်ချိုလတ်အား ဖြူးမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

### တောင်သာ၌ စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

တောင်သာမြို့နယ်အတွင်း တောင်သာ-မိတ္ထီလာကားလမ်းပေါ်၌ မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းရှာဖွေစဉ် စိတ်ကြွဆေးပြား ၅၀၀ ကို နိုဝင်ဘာ ၂၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်ကျော် မျိုးနိုင်နှင့် တောင်သာနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ခင်မောင်ထွန်းတို့ ဦးဆောင် သော အဖွဲ့က မူးယစ်ဆေးဝါးသတင်းအရ မင်းကန်ကျေးရွာအနီး တောင်သာ-မိတ္ထီလာ ကားလမ်းပေါ်၌ စောင့်ဆိုင်းရှာဖွေစဉ် မိတ္ထီလာမှ တောင်သာဘက်သို့ မြင့်ဦး (၅၃ နှစ်) စီးနင်းလာသော ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ မဝါဝါ(ခ)ဝါဝါအောင်(၂၃ နှစ်)၏ ဘေးလွယ်အိတ်အတွင်းမှ(88/1)စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၉၅ ပြားနှင့် အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြားငါးပြား စုစုပေါင်း ဆေးပြားရေ ၅၀၀ ကို ဖမ်းမိခဲ့ခြင်းဖြစ်၍ မြင့်ဦးနှင့် မဝါဝါ(ခ)ဝါဝါ အောင်တို့အား တောင်သာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### ကားနှင့်ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်

ထီးချိုင့်မြို့နယ် အောင်သာရွာနှင့် ပေါက်နက်ရွာအကြား မန္တလေး-ဗန်းမော်ကားလမ်းပေါ် မိုင်တိုင်အမှတ်(၇၀/၃)အနီး၌ နိုဝင်ဘာ ၂၈ ရက်က ကားနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်စီးလာသူ အမျိုးသားနှင့် ဆိုင်ကယ်နောက်တွင် လိုက်ပါလာသော သံဃာတော်တစ်ပါး သေဆုံး၊ ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။ ထီးချိုင့်မြို့မရဲစခန်းမှ သွားရောက်စစ်ဆေးချက်အရ ဆိုင်ကယ်မောင်းလာသူမှာ ထီးချိုင့်မြို့နယ် တုံလုံရွာနေ ဦးဖိုးမော်ဖြစ်ပြီး ကိုးတဲရွာ ရွှေသုဝံကျောင်းတိုက်မှ ဦးပဠင်းဦးဂန္ဓမာ နောက်မှလိုက်ပါလာသော ဆိုင်ကယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နေ အောင်မျိုးထက်မောင်းနှင်လာသောကားတို့ မျက်နှာချင်းဆိုင်တိုက်မိပြီး ဆိုင်ကယ်ပေါ်ပါသူနှစ်ဦးမှာ နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းသူ အောင်မျိုးထက်အား ထီးချိုင့်မြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

### အထောက်အထားမပြနိုင်သည့် မော်တော်ယာဉ်တစ်စီးကို ရှာဖွေပုံစံဖြင့် ဖမ်းဆီးထား

မွန်ပြည်နယ် ပေါင်မြို့ ပေါင်းရပ်ကွက်၌ လိုင်စင်မဲ့ မော်တော်ယာဉ်ဖမ်းဆီးရမိရေးအတွက် နိုဝင်ဘာ ၃၀ ရက်က စစ်ဆေးမှုများပြုလုပ်စဉ် ယာဉ်နှင့်ပတ်သက်သည့်အထောက်အထားမပြနိုင်သော ကားတစ်စီးကို ရှာဖွေပုံစံဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ပေါင်မြို့မရဲစခန်းမှ ရဲအုပ်သက်စိုးဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ရန်ကုန်-မော်လမြိုင်လမ်းမပေါ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိရေးအတွက် ရပ်တန့်စစ်ဆေးစဉ် မော်လမြိုင်ဘက်မှ ကော့ကရိတ်မြို့နေသူ ယာဉ်မောင်းဖိုးဇော်(ခ)သန်းထိုက်ဇော်(၄၀ နှစ်)မောင်း နှင်လာသည့် Honda CRV အမျိုးအစား အဖြူရောင်မော်တော်ယာဉ်မှာ ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံရေးဖွင့်ကာ ယာဉ်မောင်း ဖိုးဇော်(ခ)သန်းထိုက်ဇော်အား ပေါင်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

### လမ်းဘေးချောက်ထဲကားထိုးကျ၍ ယာဉ်ပေါ်ပါသူများဒဏ်ရာရ

စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာအနီး မန္တလေး-မုံရွာကားလမ်းပေါ် စကျင်ဆည်တံတား၌ နိုဝင်ဘာ ၂၇ ရက်က ယာဉ်တစ်စီး တံတားကိုတိုက်မိကာ လမ်းဘေးချောက်ထဲ ထိုးကျခဲ့ကြောင်း သိရသည်။ ညောင်ပင်ဝန်းရဲကင်းစခန်းမှ သွား ရောက်စုံစမ်းချက်အရ ယာဉ်မောင်းကိုနိုင် မောင်းနှင်လာသည့် လိုက်ထရက်ကားဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါသူ မျိုးသက်စိုးနှင့် သိန်းဇော်ဦးတို့မှာ ဒဏ်ရာများ ပြင်းထန်စွာရရှိကာ ယာဉ်မောင်းသူ ကိုနိုင်မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်ထားကာ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

### ကားနှင့်ဆိုင်ကယ်တိုက်၍ လူတစ်ဦးသေဆုံး

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် နိုဝင်ဘာ ၂၈ ရက်က ကားနှင့်ဆိုင်ကယ် တိုက်မိသဖြင့် ဆိုင်ကယ်ပေါ်ပါသူနှစ်ဦးအနက် တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ နိုဝင်ဘာ ၂၈ ရက်က ဆယ်မိုင်ကျေးရွာဘက်မှ မိုးညှင်းဘက်သို့ အေးမင်း(၂၇ နှစ်)မောင်းနှင်လာသော နှစ်ဆန်းခြောက်ဘီးယာဉ်သည် ဆယ်မိုင်ကျေးရွာအနီးတွင် မျက်နှာချင်းဆိုင်မှ မောင်ရှုရွှယ်မောင်းနှင်ပြီး နောက်မှ မောင်ဇော်ဂွန်းလိုက်ပါလာသော ဆိုင်ကယ်နှင့်တိုက်မိခဲ့ခြင်းဖြစ်ကာ ဆိုင်ကယ်စီးလာသူနှစ်ဦးမှာ ပြင်းထန်ဒဏ်ရာများရရှိ၍ မြစ်ကြီးနားပြည်သူ့ဆေးရုံသို့ တင်ပို့ထားစဉ် မောင်ရှုရွှယ်မှာ ဆေးရုံ၌ သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၁၀၁)ယာဉ်ထိန်းရဲတပ်ဖွဲ့ စု(မိုးညှင်း)မှ ဒုတိယရဲမှူးမြင့်မိုးက တရားလိုပြုလုပ်၍ မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **နီတိုး**

# အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန် လက်တွေ့သရုပ်ပြ

**သံတွဲ ဒီဇင်ဘာ ၂**

ယာဉ်မတော်တဆမှုကြောင့် လူထိခိုက်ဒဏ်ရာရမှုနှင့် အသက်သေဆုံးမှု လျော့နည်းစေရေးအတွက် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်အသုံးပြု စီးနင်းရေးလုပ်ငန်းစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် သံတွဲမြို့၌လည်း ပညာပေးမှုများ နိုဝင်ဘာ ၃၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



သံတွဲမြို့ အမှတ်(၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲအုပ်သန်းစိုးအောင် ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးအောင်ကျော်လင်းနှင့် ဝန်ထမ်းများ၊ ကုန်းလမ်းပို့ဆောင်ရေး ယာဉ်မောင်းသင်တန်းကျောင်းမှ တာဝန်ခံ ဦးခင်မောင်ဦး၊ မဇင်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်အေးမောင်နှင့် တပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးတပ်ဖွဲ့တာဝန်ခံ ရဲအုပ်ကျော်သူလင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ငပလီမြို့အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ငပလီမြို့ဝါးတောင်ကွင်းလမ်းဆုံနှင့် ငပလီမြို့အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင် အခြေပြုပြီး ယာဉ်မောင်းနှင်သူများနှင့် လိုက်ပါစီးနင်းသူများအား အသက်ကယ်ထိုင်ခုံခါးပတ် အသုံးပြုပုံများကို လက်တွေ့သရုပ်ပြခဲ့ကြကာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း (ဆိုင်ကယ်မပါ)မော်တော်ယာဉ်ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်မှုများကြောင့် သေဆုံးသူ ၂၁၅၉ ဦး ရှိခဲ့ပြီး ထိုသို့သေဆုံးမှုများတွင် အများစုမှာ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုခြင်းမရှိသောကြောင့်ဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူအားလုံး အသက်ကယ်ထိုင်ခုံခါးပတ်ပတ်၍ စီးနင်းရေး လုပ်ငန်းစဉ်များကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများအနေဖြင့် အသက်ကယ် ထိုင်ခုံခါးပတ် ဝတ်ဆင်၍ မောင်းနှင်စီးနင်းကြရန် အသိပညာပေးမှုများကို တစ်နိုင်ငံလုံးတွင် ပြုလုပ်နေပြီး ပညာပေးကာလမှာ နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိဖြစ်ကြောင်း၊ ပညာပေးကာလကုန်ဆုံးသည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ အသက်ကယ် ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုခြင်းမရှိသူများကို မော်တော်ယာဉ်ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## အလင်းသစ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကျေးရွာအုပ်စု အောင်သပြေပင်ကျေးရွာ၌ အလင်းသစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် ရွာဦးကျောင်းဆရာတော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းထွန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမြို့နယ် ဦးစီးမှူးဒေါ်ချိုမီအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် အလှူရှင် ၄၅ ဦးက သုတ/ရသစာအုပ်များ၊ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ **(၀၈၅)**

# လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုစီမံချက်အကြောင်း အသိပေးရှင်းလင်း

**အမ်း ဒီဇင်ဘာ ၂**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့ ပူးပေါင်း၍ ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း၌ ဆောင်ရွက်မည့် လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးနှင့် MARC စီမံချက်၊ မိခင်၊ မွေးကင်းစကလေးငယ်နှင့် အသက်ငါးနှစ်အောက်ကလေးကျန်းမာရေးစီမံချက်များနှင့်ပတ်သက်၍ မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို အမ်းမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့သည်။




ဆွေးနွေးပွဲတွင် အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း(ဗဟို)မှ အတွင်းရေးမှူးက အသင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ငှက်ဖျားစီမံချက် တာဝန်ခံနှင့် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုစီမံချက် တာဝန်ခံများက စီမံချက်လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမ်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနိုင်အောင်ဝင်းတို့က စီမံချက်ဆောင်ရွက်ပါက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မည့် အခြေအနေများကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ အမ်းမြို့နယ်အတွင်းမှ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အမ်းမြို့နယ်အတွင်း အဆိုပါစီမံချက်များကို စီမံချက်ကာလအနေဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ သတ်မှတ်၍ တစ်နှစ်တာအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါ စီမံချက်များကြောင့် ပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိနိုင်မည်ဖြစ်သလို ကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများလည်း ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## ရေယာဉ်များ စည်းကမ်းတကျ ပြေးဆွဲရေးနှင့် ခရီးသည်များအန္တရာယ် ကင်းရှင်းရေး စစ်ဆေး

**ပုသိမ် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ဝန်းမြစ်အတွင်း သွားလာနေသော ရေယာဉ်များ စည်းကမ်းတကျ ပြေးဆွဲရေးနှင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ရှိသူများ နိုဝင်ဘာ ၂၉ ရက်က လိုက်လံစစ်ဆေး အသိပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုအဖွဲ့၏ ဦးဆောင်မှုဖြင့် ရေကြောင်းရဲတပ်ဖွဲ့မှ တာဝန်ခံ ရဲမှူးဝေဇွန်အောင်နှင့် အဖွဲ့၊ မြို့နယ်ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီမှ ဦးစိန်လွင်နှင့် ဦးကျော်မှူးလှိုင်တို့ ပူးပေါင်းအဖွဲ့များက ဝန်းမြစ်အတွင်း သွားလာနေသော ရေယာဉ်ကြီးများနှင့် စက်တပ်ရေယာဉ်ငယ်များအား စည်းကမ်းတကျ ပြေးဆွဲရေးနှင့် ရေယာဉ်စီးခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်လံစစ်ဆေးကာ ရေယာဉ်မောင်းသူများအား အသိပညာပေးခြင်းနှင့် ဥပဒေနှင့်အညီ အရေးယူမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**မောင်မောင်မြင့် (ပြန်/ဆက်)**

# တိုင်းရင်းသားဒေသများ၌ တယ်လီနော၏ကွန်ရက်စွမ်းဆောင်ရည် ပိုမိုကောင်းမွန်ရေး ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်ဖြစ်သော တာချီလိတ်မြို့နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသများတွင် တယ်လီနော မိုဘိုင်းကွန်ရက်ကို နိုဝင်ဘာ ၃၀ ရက်မှစ၍ ဖြန့်ကြက်ဝန်ဆောင်မှုပေးနိုင်ပြီဖြစ်ကြောင်း တယ်လီနောမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"အခုလိုကွန်ရက် တိုးချဲ့တာဟာ မြန်မာနိုင်ငံအတွင်းက နိုင်ငံသားအားလုံးကို သူတို့ ဘယ်နေရာမှာနေထိုင်သည်ဖြစ်စေ ဝန်ဆောင်မှုရရှိစေရမည်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ရည်သန်ထားချက်ကို ဖြည့်ဆည်းခြင်းပဲဖြစ်ပါတယ်။ တယ်လီနော သုံးစွဲသူတွေရဲ့ ၃၀ ရာခိုင်နှုန်းကျော်က တိုင်းရင်းသားများနေထိုင်ရာ ပြည်နယ်ဒေသတွေကဖြစ်ပြီး ဒီလို ကျေးလက်ဒေသတွေနဲ့ တိုင်းရင်းသားတွေနေထိုင်ရာ ပြည်နယ်ဒေသတွေမှာ ကျွန်တော်တို့ရဲ့ကွန်ရက် ချဲ့ထွင်နေတဲ့အချိန်မှာပဲ တယ်လီနောသုံးစွဲသူတွေအားလုံးကို အရည်အသွေးကောင်းမွန်တဲ့ အင်တာနက်သုံးစွဲမှု အတွေ့အကြုံတွေ ပေးအပ်ဖို့ကိုလည်း ဦးစားပေးဆောင်ရွက်နေပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Tellmann က ပြောသည်။

တယ်လီနောမြန်မာအနေဖြင့် ငါးနှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေ ၉၀ ရာခိုင်နှုန်းအထိကို မိုဘိုင်းဝန်ဆောင်မှုများ ပေးအပ်သွားနိုင်ရန် ရည်ရွယ်ထားပြီး လက်ရှိအချိန်တွင် တယ်လီနော၏ ကွန်ရက်သည် တာဝါတိုင် ၆၉၀၀ ကျော်ဖြင့် ဝန်ဆောင်မှုပေးကာ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၈၆ ရာခိုင်နှုန်းကို လွှမ်းခြုံထားပြီးဖြစ်ကြောင်း၊ လူဦးရေအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အသုံးပြုသူ ၁၈ သန်းကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

"ဆက်သွယ်ချိတ်ဆက်နိုင်မှုဟာ တိုင်းရင်းသား ဒေသတွေအတွက် အဓိကစိန်ခေါ်မှုဖြစ်နေဆဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်သွယ်ရေးကွန်ရက် တိုးချဲ့ဖို့အတွက် မြန်မာနိုင်ငံအနှံ့အပြားကနေ ထောက်ခံမှုတွေရရှိနေပေမယ့် ဝန်ဆောင်မှုပိုင်းအလျင်အမြန်တိုးတက်လာစေဖို့ အရေးပါတဲ့အခန်းကဏ္ဍတစ်ခုဖြစ်တဲ့ အခြေခံအဆောက်အအုံမျှဝေမှုပိုင်းမှာ တိုးတက်ဖို့လိုအပ်နေပါသေးတယ်"ဟု အမှုဆောင်အရာရှိချုပ်က ဆက်လက်ပြောကြားသည်။

တယ်လီနောသည် ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် တာဝါတိုင် ၇၀၀၀ အထိ တည်ဆောက်သွားရန် မျှော်မှန်းထားပြီး ဝန်ဆောင်မှု အရည်အသွေးမြင့်မားလာစေရန်အတွက်လည်း ဆက်သွယ်မှုရရှိပြီးသည့်ဒေသများတွင် ကွန်ရက်၏စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာရန် ဆက်လက်၍ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်အတွင်း တယ်လီနောကွန်ရက် ဖြန့်ကြက်မှုအနေဖြင့် ပြည်နယ်အရှေ့ပိုင်းတွင် ဆင်းကတ် လက်လီအရောင်းဆိုင်ပေါင်း ၈၀၀ ကျော်ကို ဖွင့်လှစ်ပေးထားပြီး လက်ရှိတွင် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် အဓိက ဖြန့်ချိရောင်းချသူ နှစ်ဦးရှိကာ တာချီလိတ်တွင်လည်း တယ်လီနောအရောင်းပြခန်း တစ်ခုရှိကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၌ ကွန်ရက်ချဲ့ထွင်မှု တစ်စိတ်တစ်ပိုင်းအနေနှင့် တာချီလိတ်နှင့် ကျိုင်းတုံမြို့များတွင် Blue Wave လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကာ တယ်လီနောဝန်ထမ်း ၅၀ ကျော်က သုံးစွဲသူများ၊ ရောင်းချသူများနှင့် တိုက်ရိုက်လိုက်လံတွေ့ဆုံ၍ ဝန်ဆောင်မှုများကို ရှင်းပြခြင်း၊ ဆင်းကတ်မှတ်ပုံတင်ခြင်း နည်းလမ်းများနှင့် အကျိုးကျေးဇူးများကို ရှင်းပြခြင်းတို့ ပြုလုပ်ကာ ချက်ချင်းမှတ်ပုံတင်နိုင်ရန်လည်း ကူညီပေးခဲ့ကြောင်း သိရသည်။

**သူရဖြိုး**



## New Product

# ရှေ့ကင်မရာအတွက် ဖလက်ရှ်မီးပါတဲ့ Samsung Galaxy J2 Prime

Galaxy J2 Prime ဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းမှာ ဈေးကွက်မှာ စတင်မိတ်ဆက်ခဲ့တဲ့ ဆမ်ဆောင်းစမတ်ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်ပြီး တန်ဖိုးနည်းအမျိုးအစားထဲက ဖြစ်ပါတယ်။ J2 Prime မှာ နောက်ဆုံးပေါ် အဆင့်မြှင့်တင်ထားတဲ့ စွမ်းဆောင်ရည်နဲ့ ထူးခြားတဲ့ လုပ်ဆောင်ချက်တွေ ပါဝင်ပါတယ်။

မျက်နှာပြင်အကျယ်က ငါးလက်မရှိလို့ အရွယ်အစားကြီးတဲ့အထဲမှာ ပါပေမယ့် ပေါ့ပါးတဲ့ကိုယ်ထည်ဖြစ်အောင် ဖန်တီးထားပြီး လက်တစ်ဖက်တည်းနဲ့ ကိုင်တွယ်အသုံးပြုရင်တောင် ဖုန်းကိုလွတ်ကျတာမျိုးမဖြစ်အောင် ဖုန်းရဲ့ကျောဘက်ဒီဇိုင်းကို အလွယ်တကူလွတ်မကျနိုင်တဲ့ မြဲမြံစွာကိုင်တွယ်အသုံးပြုနိုင်တဲ့ ဒီဇိုင်းမျိုး ပြုလုပ်ထားပါတယ်။ Screen Resolution ကတော့ 540 x 960 pixels ပဲရှိလို့ အနည်းငယ် နိမ့်နေပြီး အရမ်းကြည်လင်ပြတ်သားတဲ့မြင်ကွင်းမျိုးရမှာ မဟုတ်ပါဘူး။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာက ၈မဂ္ဂါပစ်ဇယ်ရှိပြီး ရှေ့ကင်မရာကတော့ ၅မဂ္ဂါပစ်ဇယ်ရှိပါတယ်။ နောက်ကင်မရာက ပုံမှန်အတိုင်းဖြစ်ပြီး ထူးခြားချက်က ရှေ့ကင်မရာမှာပါ ဖလက်ရှ်မီးပါတဲ့အတွက် ဆယ်လ်ဖီဝါသနာရှင်တွေအတွက် အကြိုက်တွေ့စေမယ့်ဖုန်းဖြစ်ပါတယ်။ ဒါ့အပြင် ပါဝါခလုတ်ကို နှစ်ချက်နှိပ်တာနဲ့ ကင်မရာကိုချက်ချင်းဖွင့်ပြီး ရိုက်နိုင်မယ့် လုပ်ဆောင်ချက်မျိုးနဲ့ ကင်မရာပိုင်းကို အားဖြည့်ထားပါတယ်။

CPU အနေနဲ့ 1.4GHz quad-core processor ပါဝင်ပြီး RAM က 1.5GB ရှိလို့ CPU နဲ့ RAM အပိုင်းမှာ အနည်းငယ် အားနည်းပါတယ်။ ဖုန်းတွင်းမှတ်ဉာဏ်(internal memory)ကတော့ 8GB ပါဝင်ပြီး microSD card စိုက်ပြီး မင်မိုရီ ထပ်မံတိုးမြှင့်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အန်းဒရွိုက်ဗားရှင်းအနေနဲ့တော့ 6.0(Marshmallow)ကို ထည့်သွင်းထားပါတယ်။ သုံးစွဲသူတွေအနေနဲ့ ပိုမိုလွယ်ကူစွာအသုံးပြုနိုင်ဖို့ app permissions ပြုလုပ်ခြင်း၊ setting တွေပြောင်းလဲခြင်း စသဖြင့် OS ဒီဇိုင်းကိုပြန်လည်ဆန်းသစ်ဖန်တီးထားတာကြောင့် သုံးစွဲရတာ လွယ်ကူအဆင်ပြေမှာဖြစ်ပါတယ်။ နက်ဝပ်ကတော့ GSM နက်ဝပ်ဖြစ်ပြီး ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ အင်တာနက်ကွန်ရက်အနေနဲ့ LTE ကွန်ရက်ချိတ်ဆက်မှု ပါဝင်ပါတယ်။

ဘက်ထရီပိုင်းမှာ ဖြုတ်တပ်နိုင်တဲ့ 2600 mAh ဘက်ထရီပါဝင်လို့ ကောင်းမွန်ပါတယ်။ ဖုန်းကို လက်ဗွေနဲ့ ပိတ်နိုင်ဖွင့်နိုင်တဲ့ Fingerprint စနစ်လည်း ပါဝင်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အနက်ရောင်၊ ရွှေရောင်၊ ငွေရောင်နဲ့ ပန်းရောင်တွေ ရရှိနိုင်ပြီး ဈေးနှုန်းကျပ် ၁၅၉၀၀၀ နဲ့ ဆမ်ဆောင်းဆိုင်များမှာ ဝယ်ယူရရှိနိုင်ပြီဖြစ်ပါတယ်။

**သူရဖြိုး**




# ဆမ်ဆောင်း၏ Mobile Application Training သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ၏ မိုဘိုင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မိုဘိုင်းအပလီကေးရှင်းများ ပြုလုပ်ဖန်တီးနိုင်သည့် အရည်အချင်းရှိလူငယ်များ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ ဆမ်ဆောင်း မြန်မာက ကြီးမှူးပြီး နှစ်စဉ်ပြုလုပ်လျက်ရှိသည့် Samsung Tech Institute: Mobile Application Training ၏ ၂၀၁၆ ခုနှစ် သင်တန်းဆင်းပွဲကို ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၌ နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ယခုနှစ် သင်တန်းကာလမှာ အောက်တိုဘာ ၃၁ ရက် မှ နိုဝင်ဘာ ၂၂ ရက်အထိဖြစ်ကာ ကျောင်းသား ကျောင်းသူများသည် သင်တန်းတွင် ၎င်းတို့ရေးဆွဲထားသော application များကို ဒိုင်လူကြီးများရှေ့မှောက်တွင် နိုဝင်ဘာ ၂၃ ရက်က တင်ဆက်ရှင်းပြခဲ့ကြပြီး ပထမဆုကို ရရှိသူများမှာ Kids Math အပလီကေးရှင်းကို တီထွင်ဖန်တီးခဲ့သည့် ပြည်ကွန်ပျူတာတက္ကသိုလ်မှ မောင်အံ့ထူးအောင်၊ မောင်မင်းခန့်ကိုကို၊ မောင်အောင်ပိုင်တို့အဖွဲ့က ရရှိခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အနိုင်ရရှိသည့်အဖွဲ့အား အမေရိကန်ဒေါ်လာ ၂၄၀၀ နှင့် သင်တန်းဆင်းလက်မှတ်များ ဂုဏ်ပြုပေးအပ်ခဲ့သည်။

အနိုင်ရရှိခဲ့သည့် အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် မောင်အံ့ထူးအောင်က "အခုလိုမျိုး သင်တန်းအစီအစဉ်မှာ ပါဝင်ရတာ ဝမ်းသာမိသလို ဆုပါရရှိတဲ့အတွက် ဂုဏ်ယူမိပါတယ်။ အခုဆို အရင်ကထက်စာရင် ပိုပြီးယုံကြည်မှုလည်းရှိလာသလို ပိုပြီးတော့လည်း ပြောတတ်ဆိုတတ်လာတယ်။ ဆမ်ဆောင်းမြန်မာကိုလည်း အခု Mobile Tech Institute Program လိုမျိုး သင်တန်းတွေကို ဆက်လက်ပြုလုပ်ပေးပါလို့ တောင်းဆိုလိုပါတယ်"ဟု ပြောသည်။

သင်တန်းတွင် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှ ကျောင်းသူ ကျောင်းသားများဖြစ်သည့် စောရောနီလှခိုင်၊ မထက်နန္ဒာလင်း၊ မအင်ကြင်းမွန်တို့အဖွဲ့က Myoe Pat (မြို့ပတ်) အပလီကေးရှင်းဖြင့် ဒုတိယဆုကို ရရှိခဲ့ပြီး ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၈၀၀ ကို ရရှိခဲ့သည်။ မန္တလေးကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသူကျောင်းသားများ ဖြစ်သည့် စိုင်းစမ်လှိုင်၊ စိုင်းညီညီထွန်း၊ စိုးလင်းအောင်တို့အဖွဲ့က (Myanmar Cinema Ticket- MCT) အပလီကေးရှင်းဖြင့် တတိယဆုကို ရရှိခဲ့ပြီး ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၅၀၀ ကို ရရှိခဲ့သည်။

**သူရဖြိုး**

# ဝင်းဒိုးဆာဗာ အခြေခံသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းနှင့် infinity Information Development (iID)တို့က ကြီးမှူး၍ IT (Infrastructure) ပိုင်းဆိုင်ရာသင်တန်းဖြစ်သည့် Microsoft Windows Server Basics သင်တန်းကို ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ Microsoft Windows Server အကြောင်း စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးပါက Microsoft Windows Server အခြေခံပိုင်းကို သိရှိနားလည်ကာ ဆာဗာတစ်လုံး၏ လုပ်ငန်းဆောင်တာများကို သိရှိသွားမည်ဖြစ်သလို ဘာသာရပ်ဆိုင်ရာ အခေါ်အဝေါ်များကိုလည်း စနစ်တကျ သိရှိနားလည် အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ ဒီဇင်ဘာ ၁၀ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေနှစ်ရက် ဖြစ်ကာ စုစုပေါင်းသင်တန်းချိန် နာရီ ၃၀ ရှိမည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်လေးသောင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များအနေဖြင့် သင်တန်းကြေး တစ်ဝက်နှုန်းဖြစ်ကြောင်း သိရသည်။ သင်တန်းတက်ရောက်ရန်အတွက် ဒီဇင်ဘာ ၈ ရက် နောက်ဆုံးထား၍ လှိုင်မြို့နယ် MICT Park အဆောင်(၉)၊ မြေညီထပ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်းသို့လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း - ၀၁-၆၅၂၂၇၆၊ ၀၉-၇၃၀၈၈၃၀၀ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# တပ်မတော်ခန်းမ ကုန်စည်ပြပွဲတွင် ဆင်းကတ်မှတ်ပုံတင်သူများကို တယ်လီနောက လက်ဆောင်များပေး

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်မြို့တပ်မတော်ခန်းမတွင် ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပလျက်ရှိသော ကုန်စည်ပြပွဲရှိ တယ်လီနောပြခန်း၌ တယ်လီနောဆင်းကတ်များ မှတ်ပုံတင်ခြင်းနှင့် အခြားဝန်ဆောင်မှုများကို ပြပွဲရက်များအတွင်း နေ့စဉ် ပြုလုပ်ပေးလျက်ရှိကြောင်းနှင့် ပြပွဲအတွင်း ဆင်းကတ်မှတ်ပုံတင်သူများကို လက်ဆောင်ပစ္စည်းများပါ ပေးအပ်လျက်ရှိကြောင်း သိရသည်။

ဆင်းကတ်များ မှတ်ပုံတင်လုပ်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ် သို့မဟုတ် အခြားသက်သေခံကတ်ပြားတစ်ခုခု) တစ်ပါတည်းယူဆောင်လာရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ တယ်လီနောအနေဖြင့် ဆင်းကတ်အသုံးပြုသူများ လွယ်ကူစွာ မှတ်ပုံတင်ပြုလုပ်နိုင်ရန်အတွက် ဆင်းကတ်မှတ်ပုံတင်နေ့များကို နိုင်ငံအနှံ့တွင် အပတ်စဉ်၊ လစဉ် ပြုလုပ်နေပြီး မှတ်ပုံတင်ခြင်းကြောင့်ရရှိမည့် အကျိုးကျေးဇူးများကို ယင်းနေ့များတွင် ရှင်းလင်းပြောကြားကာ ချက်ချင်း မှတ်ပုံတင်ပြုလုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

ထို့အတူ အွန်လိုင်းနှင့် အခြားနည်းလမ်းများဖြင့်လည်း ဆင်းကတ်များကို အသုံးပြုသူများကိုယ်တိုင် လွယ်ကူစွာ မှတ်ပုံတင်ပြုလုပ်နိုင်ရန် စီစဉ်ပေးထားရာ ဝက်ဘ်ဆိုက်လိပ်စာ http://ecaf.telenor.com.mm မှလည်းကောင်း၊ တယ်လီနော၏ မိုဘိုင်းအပလီကေးရှင်းကို http://bit.ly/mytelenor24 တွင် ဒေါင်းလုဒ်ရယူပြီး ထိုအပလီကေးရှင်းမှတစ်ဆင့်လည်းကောင်း မှတ်ပုံတင်ပြုလုပ်နိုင်ပြီး လိုအပ်သော အထောက်အထားများနှင့် verification ကုတ်နံပါတ်ကို လက်ခံနိုင်သည့် အသုံးပြုဆဲ ဆင်းကတ်တို့ ရှိပါက မိသားစုဝင်များ၊ မိတ်ဆွေများအတွက်ပါ ကိုယ်စားမှတ်ပုံတင်ပြုလုပ်ပေးနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# မက်ဆီနဲ့ ဒိုလေးတို့ အားပြိုင်မယ့် လာလီဂါပွဲစဉ် (၁၄)

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ရဲ့လာလီဂါပွဲစဉ် (၁၄) ကို ဒီဇင်ဘာ ၃ ရက် နဲ့ ၄ ရက်တွေမှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ပရိသတ် စိတ်ဝင်စားမှုမြင့်တက်စေမယ့် ပွဲကတော့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ပွဲဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးတိုက်စစ်ဟာ ဘယ်အသင်းပိုင်ဆိုင်ထားသလဲဆိုတာ မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ အဲဒီထိပ်တန်းနှစ်သင်းရဲ့တွေ့ဆုံမှုကို အခွင့်အရေးယူမယ့် တန်းစီဇယား တတိယနေရာက ဆီဗီလာတို့က နိုင်ပွဲရအောင်ယူပြီး ရပ်တည်မှုအနေအထားကို မြင့်မားအောင်ရွှေ့ပြောင်းနိုင်မလားဆိုတာကလည်း ရင်ခုန်စရာတော့ကောင်းနေတာအမှန်ပါပဲ။




### ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်

ဒီနှစ်သင်းရဲ့လာလီဂါမှာ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲရလဒ်ကတော့ ရီးရဲမက်ဒရစ်က တစ်ကြိမ်နိုင်ပြီး ဘာစီလိုနာက နှစ်ကြိမ်နိုင်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းကိုကြည့်ရင်တော့ ရီးရဲမက်ဒရစ်တို့က ခြောက်ပွဲဆက် နိုင်ပွဲတွေရရှိနေပြီး ဘာစီလိုနာတို့ကတော့ သရေပွဲတွေ ဆက်နေပါတယ်။ ဆိုစီဒက်ကို တစ်ဂိုးစီသရေ၊ မာလာဂါကို ဂိုးမရှိသရေပွဲဖြစ်ခဲ့တဲ့ ဘာစီလိုနာဟာ ဒီပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ အနိုင်ရရှိရေးကြိုးစားပါလိမ့်မယ်။ ရီးရဲမက်ဒရစ်မှာတော့ ဂါရတ်ဘေး၊ တိုနီခရူးစ်၊ မိုရာတာ၊ ဗာရာနီနဲ့ ကွန်တရာအိုတို့ ဒဏ်ရာတွေရရှိနေလို့ တိုက်စစ်၊ ကွင်းလယ်တွေမှာ အားနည်းချက်တော့ ရှိနေပါတယ်။ ဘာစီလိုနာမှာလည်း မက်သလူး၊ အင်နီယေစတာ၊ အမ်တီတီနဲ့ အာဒါတူရန်တို့ ဒဏ်ရာတွေရရှိနေတာမို့ အခုပွဲအင်အားပြည့်ဝမှုမရှိပါဘူး။ လာလီဂါမှာ ၁၃ ပွဲကစားပြီးချိန်အထိ ရီးရဲမက်ဒရစ်နဲ့ ခြောက်မှတ်ကွာနေတဲ့ ဘာစီလိုနာဟာ ဒီပွဲကို မဖြစ်မနေအနိုင်ကစားပြီး ရမှတ်ကွာဟမှုကို ကျဉ်းမြောင်းအောင် အားထုတ်ပါလိမ့်မယ်။ လက်ရှိအနေအထားအရ ဒီပွဲမှာ ဘာစီလိုနာတို့အနိုင်ရသွားနိုင်ပါတယ်။

### ဂရန်နာဒါနှင့် ဆီဗီလာ

တန်းစီဇယား အောက်ဆုံးက ဂရန်နာဒါကိုတော့ ဆီဗီလာတို့နိုင်ပွဲရအောင်ကြိုးစားမှာသေချာပါတယ်။ ဘာစီလိုနာနဲ့ ပွဲတူ၊ အမှတ်တူဖြစ်နေပြီး တန်းစီဇယား တတိယနေရာမှာရှိနေတဲ့ ဆီဗီလာတို့က အဝေးကွင်းရလဒ်မကောင်းတတ်ပေမယ့် ဒီပွဲမှာ အမှတ်ပြည့်ရရှိအောင် အားထုတ်ပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ဆီဗီလာတို့ တစ်ပွဲသာနိုင်ထားပြီး ကျန်နှစ်ပွဲရှုံးထားပါတယ်။ လောလောခြေစွမ်းပိုင်းကိုကြည့်ရင်တော့ ဂရန်နာဒါတို့ ခြေစွမ်းမတည်ငြိမ်မှုရှိနေပြီး ဆီဗီလာတို့က နိုင်ပွဲဆက်နေပါတယ်။ ဆီဗီလာတို့က ချန်ပီယံလိဂ်ကစားဖို့ရှိတာကြောင့် လူအင်အားအပြည့်အဝထုတ်သုံးမလားကြည့်ရမှာပါ။ အကြိုက်က ဆီဗီလာဖြစ်ပေမယ့် သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။

### အက်သလက်တီကိုနှင့် အက်စ်ပန်ညို

လာလီဂါမှာတော့ အက်သလက်တီကိုတို့ပွဲတိုင်း အမှတ်ဆုံးရှုံးမှုမရှိအောင် ကြိုးစားနိုင်တာတွေ့ရပါတယ်။ လာလီဂါမှာ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင်တော့ အက်သလက်တီကိုတို့ချည်းနိုင်ပွဲရယူထားပါတယ်။ အက်သလက်တီကိုမှာ တောရက်စ်၊ ဟာနန်ဒက်၊ ဆာစီတို့ဒဏ်ရာရရှိနေပြီး အက်စ်ပန်ညိုမှာတော့ လိုဗက်ဇ်နဲ့ ဘတ်စ်ကွက်ဇ်တို့က ဒဏ်ရာရရှိနေပါတယ်။ လောလောဆယ် ခြေစွမ်းကိုကြည့်ရင် အက်စ်ပန်ညိုတို့က နိုင်ပွဲတွေဆက်တိုက်ရယူနေတာမို့ အိမ်ကွင်းမှာ ကစားမယ့် အက်သလက်တီကိုတို့ပွဲမချောင်ပါဘူး။ ဒီပွဲမှာ အိမ်ရှင်တို့ ခြေစွမ်းအရ အလေးသာပေမယ့် အမှတ်ခွဲယူရကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

### လီဂါနက်စ်နှင့် ဗီလာရီးရဲလ်

ရှုံးပွဲတွေဆက်နေတဲ့ ဗီလာရီးရဲလ်တို့လည်း ဒီပွဲမှာ နိုင်ပွဲပြန်ရဖို့ ရုန်းကန်မယ့်အနေအထားရှိပါတယ်။ ဗီလာရီးရဲမှာ ဆိုလ်ဒါဒိုဒဏ်ရာရရှိနေလို့ ပါဝင်ဖို့မသေချာပါဘူး။ လီဂါနက်စ်မှာတော့ မာရင်၊ ကိုနေး၊ ရီကို၊ အီကနက်စ်၊ အီမန်နောစကီးတို့ ဒဏ်ရာတွေရရှိထားပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဗီလာရီးရဲက နှစ်ပွဲရှုံးထားပြီး တစ်ပွဲနိုင်ထားတာမို့ အခုပွဲမှာ ရှုံးကြွေးတွေပြန်ဆပ်နိုင်မလားကြည့်ရမှာပါ။ လီဂါနက်စ်ရဲ့အိမ်ကွင်းရလဒ်မကောင်းမှုက ဗီလာရီးရဲတို့ အမှတ်ပြည့်ရယူသွားနိုင်ပါတယ်။

### ဘက်တစ်နှင့် ဆယ်လ်တာဗီဂို

ဂျိုဘာကွင်း၊ မာတင်၊ မူဆွန်ဒါတို့ ဒဏ်ရာတွေရရှိထားပြီး ပစ်ဆီနီလည်း ပွဲပယ်ပြစ်ဒဏ်ခံထားရတဲ့ ဘက်တစ်ဟာ အခုပွဲအိမ်ကွင်းဆိုပေမယ့် ပွဲကျပ်ပါပဲ။ ဆယ်လ်တာဗီဂိုမှာလည်း မယ်လို၊ မာရက်ဇ်၊ လာနာတို့ ဒဏ်ရာရရှိထားပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံး သုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဆယ်လ်တာဗီဂိုက တစ်ပွဲနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ နှစ်သင်းစလုံးရဲ့လက်ရှိခြေစွမ်းအရ သရေပွဲ ဖြစ်သွားနိုင်ပါတယ်။

### ဂလာဗက်နှင့် လက်စ်ပါးမက်စ်

နိုင်ပွဲတွေ ပြန်ရလာတဲ့ ဂလာဗက်ရဲ့ခြေစွမ်းက တိုးတက်လာသလို လက်စ်ပါးမက်စ်ရဲ့ကစားအားကလည်း အောင်ပွဲတွေပြန်ရနေပါတယ်။ ဂလာဗက်စ်မှာ လာဂွာဒီယာ၊ ခရစ်တီဆစ်တို့ ဒဏ်ရာရရှိနေပြီး အလက်ဇစ်က ပွဲပယ်ပြစ်ဒဏ်ခံထားရပါတယ်။ လက်စ်ပါးမက်စ်မှာတော့ လီဗာယာ၊ ဂါစီယာ၊ အာတီလက်စ်တို့ ဒဏ်ရာရရှိနေလို့ အားနည်းနေပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားတာမို့ အခုပွဲမှာလည်း သရေပွဲဖြစ်သွားနိုင်ပါတယ်။

### ဘီလ်ဘာအိုနှင့် အီဘာ

ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဘီလ်ဘာအိုကနှစ်ပွဲနိုင်ပြီး အီဘာက တစ်ပွဲနိုင်ထားပါတယ်။ ဒါပေမယ့် ဘီလ်ဘာအိုမှာ ဒီမားကို့စ်၊ ဆာဘိုရင်၊ အတက်ဇီတို့ဒဏ်ရာရရှိနေလို့ စွမ်းဆောင်မှု ထိခိုက်နေပါတယ်။ အီဘာတို့က ဒဏ်ရာရ ကစားသမားမရှိတာမို့ အဝေးကွင်းဆိုပေမယ့် အမှတ်ရအောင် အီဘာတို့ ကြိုးစားပါလိမ့်မယ်။ အကြိုက်က ဘီလ်ဘာအိုဖြစ်ပေမယ့် အီဘာလည်း တစ်မှတ်ရသွားနိုင်ပါတယ်။ ။



## အင်္ဂလန်အသင်း အောင်မြင်မှုရရှိမည်ဟု ဆောက်ဂိတ်ပြောကြား

"ဘောလုံးသမားတွေကို လူမှန်နေရာမှန်ရွေးချယ် တာဝန်ပေးပြီး ကစားစေမှာ ဖြစ်လို့ အင်္ဂလန်အသင်းဟာ အောင်မြင်မှုတွေရစေမှာဖြစ်ပါတယ်" အင်္ဂလန်နည်းပြသစ်အဖြစ် ခန့်အပ်တာဝန်ပေးခံရသည့် ဆောက်ဂိတ်က ထုတ်ဖော်ပြောကြားလိုက်သည်။

အင်္ဂလန်ယူ-၂၁ နည်းပြဟောင်း ဆောက်ဂိတ်သည် အင်္ဂလန်ဘောလုံးအသင်းကြီး၏ ယာယီနည်းပြအဖြစ် တာဝန်ယူခဲ့သော ဘောလုံးပွဲလေးပွဲတာဝန်ယူကိုင်တွယ်ခဲ့ပြီး ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ အသက် ၄၆ နှစ်အရွယ်ရှိ ဆောက်ဂိတ်သည် အင်္ဂလန်အသင်းကို အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်ရှိအောင် ကြိုးစားပေးနိုင်သူတစ်ဦးအဖြစ် အက်ဖ်အေဥက္ကဋ္ဌက ယုံကြည်လျက်ရှိနေသည်။

"ဆောက်ဂိတ်ဟာ အင်္ဂလန်ပရိသတ်တွေရဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု အက်ဖ်အေဥက္ကဋ္ဌ ဂရက်ဒိုက်ကပြောကြားသည်။ အက်ဖ်အေက ဆောက်ဂိတ်အား သုံး နာရီကြာမျှ အင်တာဗျူးပြုလုပ်ခဲ့ပြီးနောက် အက်ဖ်အေ ဘုတ်အဖွဲ့အစည်းအဝေး၏ သဘောတူညီမှုအရ အင်္ဂလန်နည်းပြအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

လေးနှစ်သက်တမ်း စာချုပ်ချုပ်ခဲ့သော ဆောက်ဂိတ်သည် အင်္ဂလန်အသင်းအား ယာယီနည်းပြအဖြစ် တာဝန်ယူစဉ်ကာလအတွင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ သုံးပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်များရရှိခဲ့ပြီး စပိန်အသင်းနှင့် ကစားခဲ့သောပွဲတွင်လည်း သရေရလဒ်ကို ရယူနိုင်ခဲ့သည်။

❑ ကောင်းမြတ်သူ - စုစည်းသည်။ ❑

## အာစင်ဝင်းဂါး နည်းပြတာဝန်မယူပါက ရာလက်ဖ်ဟာဆန်ဟတ်ကို အစားထိုးရန် မျှော်လင့်ထား

နှစ်ပေါင်း ၂၀ ကျော် အာဆင်နယ်အသင်းအား နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သော အာစင်ဝင်းဂါးနေရာတွင် အစားထိုး တာဝန်ပေးခန့်အပ်ရန် အာဆင်နယ်အသင်းအုပ်ချုပ်သူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အာစင်ဝင်းဂါးနှင့် အာဆင်နယ်အသင်းတို့ စာချုပ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ပြီးဆုံးတော့မည်ဖြစ်ရာ စာချုပ်သစ် ချုပ်ဆိုရေးအတွက် ယခုအချိန်အထိ ဆောင်ရွက်ခြင်းမရှိသေးကြောင်း သိရသည်။ အာဆင်နယ်အသင်း တာဝန်ရှိသူများအနေဖြင့် အာဆင်နယ်နည်းပြ တာဝန်ပေးမည့်မန်နေဂျာများစာရင်းကိုလည်း ပြုစုထားပြီဖြစ်ကြောင်း မီဒီယာများက ဖော်ပြလျက်ရှိသည်။

အာစင်ဝင်းဂါးအနေဖြင့် အာဆင်နယ်အသင်းအား ဆုဖလားမရယူနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၁၄ နှစ်ရှိပြီဖြစ်ရာ ဝေဖန်ပြစ်တင်မှုများနှင့် ကြုံတွေ့နေရသည်။ တစ်ဖန် အာစင်ဝင်းဂါး၏ နည်းပြတာဝန်ယူမှုအပေါ် မေးခွန်းများ ထုတ်လျက်ရှိသည်။

အာဆင်နယ်အသင်း နည်းပြသစ်အဖြစ် အစားထိုးတာဝန်ပေးရန် အမည်စာရင်းများ ပြုစုလျက်ရှိရာ ဘွန်ဒက်စ်လီဂါမှ ယခုနှစ်ခြေစွမ်းကောင်းများ ပြသကာ တန်းစီဇယားကို ထိပ်ဆုံးမှ ဦးဆောင်နေသော လိုက်ပဇစ်အသင်းနည်းပြ ရာလက်ဖ်ဟာဆန်ဟတ်ကို ဦးစားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်အထိ အာစင်ဝင်းဂါးနှင့် အာဆင်နယ်အသင်းတို့မှာ သက်တမ်းတိုး စာချုပ်သစ်ချုပ်ဆိုရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများမရှိသေးသဖြင့် နည်းပြအစားထိုး ခန့်အပ်မည့် သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။






## ကမ္ဘာ့အဆင့်မီတိုက်စစ်မှူးဖြစ်လာမည့် ဘန်ဝုဒ်ဘန်း

လီဗာပူးအသင်းမှ လူငယ်ကစားသမားဘန်ဝုဒ်ဘန်းသည် လီဗာပူးအသင်းတွင် အားထားရမည့် တိုက်စစ်မှူးတစ်ဦး ဖြစ်လာမည့်အပြင် ကမ္ဘာ့အဆင့်တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်လာမည်ဟု လီဗာပူးနည်းပြ ကလော့ပ်က ထုတ်ဖော်ချီးကျူးလိုက်သည်။

လူငယ်ကစားသမားတွေထဲမှာ ထူးချွန်တဲ့ တိုက်စစ်မှူးတစ်ဦးပါပဲ။ အတွေ့အကြုံနဲ့ သင်ယူမှုတွေ ပေါင်းစပ်နိုင်ရင်တော့ ထူးချွန်တဲ့ ကမ္ဘာ့အဆင့်မီတိုက်စစ်မှူးတစ်ဦးအဖြစ် ရောက်ရှိလာမှာ သေချာပါတယ်"ဟု ၎င်းက ပြောကြားသည်။

လူငယ်တိုက်စစ်မှူး ဘန်ဝုဒ်ဘန်းသည် လီဗာပူးနှင့် လိဒ်ယူနိုက်တက်တို့ ကစားခဲ့သည့် လိဂ်ဖလား ကွာတားဖိုင်နယ်၌ ဂိုးသွင်းယူနိုင်ခဲ့ရာ လီဗာပူးအသင်းသမိုင်းတွင် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သည့် တိုက်စစ်မှူးအဖြစ် စံချိန်တင်နိုင်ခဲ့သည်။ ဂိုးသွင်းယူနိုင်ချိန်တွင် ဘန်ဝုဒ်ဘန်းမှာ အသက် ၁၇ နှစ်နှင့် ၄၅ ရက်သာ ရှိသေးသည်။

လီဗာပူးအသင်းတွင် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သည့် တိုက်စစ်မှူးအဖြစ် ၁၉၉၇ ခုနှစ်က စံချိန်တင်ထားသည့် တိုက်စစ်မှူး မိုက်ကယ်အိုဝင်၏ စံချိန်ကို ဘန်ဝုဒ်ဘန်းက ချိုးဖျက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဘန်ဝုဒ်ဘန်းသည် လီဗာပူးအသင်းတွင် နှစ်ပွဲသာ ပါဝင်ကစားခွင့်ရခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဝေးလ်နိုင်ငံသား ဘန်ဝုဒ်ဘန်းသည် အသက် ခုနစ်နှစ်ကပင် လီဗာပူး လူငယ်အကယ်ဒမီသို့ ရောက်ရှိခဲ့သူဖြစ်ပြီး ယခုအခါ လီဗာပူး အသင်းကြီးအတွက် ပုံမှန်ကစားခွင့်ရရန် အခြေအနေကောင်းလျက်ရှိသည်။

# တပ်မတော် ဆေးကုသယာဉ် (ရွှေပုဇွန်သင်္ဘော) မြောင်းမြမြို့နယ်၌ အခမဲ့ဆေးကုသ

**မြောင်းမြ ဒီဇင်ဘာ ၂**

မြို့ပြဒေသနှင့်ဝေးကွာပြီး ဆေးရုံဆေးခန်းများနှင့် ဝေးလံမှုရှိသော ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးအသိပညာများ ပေးဝေနိုင်ရေးအတွက် တပ်မတော်နယ်လှည့် မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)သည် မြောင်းမြမြို့နယ် မီးသွေးချောင်းကျေးရွာအုပ်စု စခန်းကြီးကျေးရွာတွင် အခြေပြုကာ နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်အထိ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ တပ်မတော်နယ်လှည့်ဆေးကုသအဖွဲ့တွင် ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်၊ ကလေးအထူးကု၊ အရိုးအကြော၊ မျက်စိ၊ နားနှာခေါင်းလည်ချောင်းနှင့် အထွေထွေအထူးကုအပါအဝင် အထူးကုဆရာဝန် ၁၂ ဦးပါဝင်ပြီး ဆေးရုံသင်္ဘောပေါ်၌ပင် ဓာတ်မှန်ရိုက်ခြင်း၊ ခွဲစိတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အခြားအကြီးစား ခွဲစိတ်ပြုပြင်မှုနှင့် ကုသမှုမျိုးမှသာလျှင် မြို့ပေါ်ပြည်သူ့ဆေးရုံနှင့် တပ်မတော်ဆေးရုံကြီးတို့သို့ ပို့ဆောင်ကုသရန် စီစဉ်ဆောင်ရွက်ပေးကြောင်း တပ်မတော်ဆေးကုသအဖွဲ့ ရွှေပုဇွန်မြစ်တွင်း သွားဆေးကုသအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးအောင်ညီညီညွန့်၏ ပြောကြားချက်အရ သိရသည်။

ဆေးကုသမှုခံယူရန် မီးသွေးချောင်းကျေးရွာအုပ်စု ထော်ကလို့၊ တပင်ချောင်း၊ စခန်းကြီး၊ တံခွန်တိုင်၊ ကံချောင်၊ မကျည်းချောင်းကျေးရွာများမှ ဒေသခံပြည်သူများ နိုဝင်ဘာ ၂၇ ရက်က ၈၁၃ ဦး ဆေးကုသမှုခံယူခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်တွင် ကုသမှုခံယူရန်စာရင်းပေးသူ ၁၅၀၀ ကျော်ရှိကြောင်း သိရသည်။



လူနာများအား ဆေးကုသမှုပေးနေစဉ်

အဆိုပါ ဆေးကုသယာဉ်သည် နိုဝင်ဘာ ၂၉ ရက်တွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာသို့သွားရောက်ကာ ကျေးရွာနေပြည်သူများအား အခမဲ့ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်သွားမည်ဖြစ်ပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဒေသခံကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့က လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း ( မြောင်းမြ)**

# ဖာပွန်မြို့တွင် ရှမ်းတိုင်းရင်းသားတို့၏ ရှမ်းနှစ်သစ်ကူးပွဲတော်ကျင်းပ

**ဖာပွန် ဒီဇင်ဘာ ၂**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် ကရင်လူမျိုး၊ ပအိုဝ်းလူမျိုး၊ ဗမာလူမျိုးနှင့် ရှမ်းလူမျိုးများ စုပေါင်း နေထိုင်လျက်ရှိပြီး ရှမ်းရိုးရာဓလေ့၊ ဘာသာစကားနှင့် စာပေယဉ်ကျေးမှု မပျောက်ပျက်စေရေးအတွက် နှစ်စဉ်မပျက် ကျင်းပလျက်ရှိရာ ရှမ်းနှစ်သစ် ၂၁၁၁



နှစ်သစ်ကူးပွဲတော်အတွင်း ရိုးရာအကများဖြင့် ဖျော်ဖြေစဉ်

ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၂၉ ရက်မှစတင်ပြီး ဖာပွန်မြို့ အနောက်ဘက်ကမ်းကျေးရွာတွင် ကျင်းပခဲ့သည်။

ရှမ်းနှစ်သစ်ကူးပွဲတော်ကျင်းပနိုင်ရေးအတွက် ပွဲတော်ဖြစ်မြောက်ရေးနာယက အေးသုခကျောင်းတိုက်ဆရာတော် ဦးဝါရိန္ဒကဦးစီးပြီး ဒေသခံရှမ်းအမျိုးသားများ စုပေါင်း၍ ကျင်းပခြင်းဖြစ်သည်။ ရှေးဦးစွာ နှစ်သစ်ကူး ရှမ်းပြည်နယ်အလံအား စင်မြင့်ပေါ်သို့ ပင့်ဆောင်စိုက်ထူပြီး ရှမ်းအမျိုးသာဖြစ်မြောက်ရေး ကော်မတီဝင် ဦးသန်းရွှေက ရှမ်းနှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံစာတမ်းကိုဖတ်ကြားသည်။

ပွဲတော်တွင် ရှမ်းရိုးရာယဉ်ကျေးမှု အက၊ ရှမ်းရိုးရာဝတ်စားဆင်ယင်မှုများ၊ ရှမ်းရိုးရာ ကိန္နရီကိန္နရာအက၊ တိုးနရားအက၊ ဓားသိုင်း၊ တုတ်သိုင်းတို့ဖြင့် ရှမ်းလူငယ်မောင်မယ်များက ကပြဖျော်ဖြေခြင်းနှင့် ကျေးရွာအလိုက် ရှမ်းရိုးရာအက ယှဉ်ပြိုင်မှုများကို ဆောင်ရွက်ပေးပြီး ဆုများချီးမြှင့်ပေးကြသည်။

ထို့အပြင် ပညာပေးပြခန်းများ၊ ဈေးရောင်းပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီး ရှမ်းတိုင်းရင်းသားများ နေရာအနှံ့အပြားတွင် ရှိသော်လည်း ဖာပွန်မြို့အနေဖြင့် ရှမ်းတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေလိုသော ရည်ရွယ်ချက်များဖြင့် တစ်နှစ်လျှင် တစ်ကြိမ် တစ်ရွာစီအလှည့်ကျ ကျင်းပကြခြင်းဖြစ်ကြောင်း ဒေသခံရှမ်းတိုင်းရင်းသား များထံမှ သိရသည်။

**( မြို့နယ် ပြန်/ဆက်)**

# နောက်တွဲဆိုင်ကယ်များပြားလာခြင်းကြောင့် လှည်းဖြင့်ကုန်ပို့ဆောင်မှုလျော့နည်းလာ

**ရေတာရှည် ဒီဇင်ဘာ ၂**

ယခင်က ကျေးလက်ဒေသများတွင် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၌ လှည်းများကို အဓိကအားထားအသုံးပြုခဲ့ကြပြီး ပြောင်းလဲလာသောခေတ်နှင့်အညီ ဆိုင်ကယ်ကယ်ရီများ၊ ဘေးတွဲ၊ နောက်တွဲဆိုင်ကယ်များကို တွင်ကျယ်စွာ သုံးစွဲလာသည့်အလျောက် ကျွဲ/ နွားနှင့် လှည်းကို အသုံးပြုပြီး ကုန်စည်ပို့ဆောင်မှုမှာ မရှိသလောက်နည်းပါးသွားပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အရင်က ရွာကနေ မြို့ကို စပါးအိတ်တွေပို့ဖို့ လှည်းတိုက်ငှားရင် တစ်ခေါက်ဆို ငွေကျပ် ၅၀၀၀ ရတယ်။ တစ်နေ့ နှစ်ခေါက်လောက်ပဲ နားနားနေနေတိုက်ရင်တောင် ငွေကျပ် ၁၀၀၀၀ လောက်ဝင်ငွေရှိတယ်။ အခုကျတော့ ဆိုင်ကယ်ကယ်ရီသမားတွေက များလာတော့ ကျွန်တော်တို့လှည်းတိုက်တဲ့သူတွေကို လာကိုမငှားတော့တာ" ဟု ကျေးလက်ဒေသနေသူတစ်ဦးက ပြောကြားသည်။

နောက်တွဲဆိုင်ကယ် တစ်စီးလျှင် စပါး ၁၀ အိတ်နှင့်အထက် တင်ဆောင်မောင်းနှင်နိုင်ပြီး အချိန်ကြန့်ကြာမှုမရှိသည့်အတွက် ခေါက်ရေများများရရှိကာ နေ့စဉ် ဝင်ငွေကောင်းမွန်လျက်ရှိနေသည်။



ကုန်စည်များအား လှည်းများဖြင့် သယ်ယူပို့ဆောင်စဉ်

မြို့နှင့်ဝေးကွာလွန်းသည့် ကျေးရွာများတွင် စုပေါင်းကုန်မှာစနစ်ဖြင့် ဆိုင်ကယ် ကယ်ရီသမားများကိုသာ အဓိကအားထား အသုံးပြုလာခြင်းကြောင့် လှည်းအသုံးပြုသူများ အလုပ်အကိုင်ခက်ခဲလာခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## သတင်းတိုထွာများ

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျောက်ထုလူငယ်များဆွေးနွေး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပါအဝင် လူငယ်များကျန်းမာရေး၊ လူငယ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းတို့ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက်က ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်ထုမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ လူငယ်များ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးအေးလင်းက လူငယ်များ ဗဟုသုတမြင့်မားရေးအတွက် စာပေလေ့လာဖတ်ရှုရေးကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ရတနာလမ်းရှိ Siberia စားသောက်ဆိုင်၌ ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် လူငယ်များထဲမှ ကိုခိုင်ငြိမ်းချမ်း၊ ကိုဇော်ထွန်း၊ ကိုကျော်ဆန်းထွန်း၊ မယုသဇင်နိုင်၊ မဠေးဠေးခိုင် တို့ပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင် ငါးဦးဖြင့် ဖွဲ့စည်းခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်မြို့ရှိ ရခိုင်လူမှုရေးအဖွဲ့အစည်းများနှင့် ရခိုင်လူငယ် ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်ကျော် (ပလက်ဝ)**



**မော်လမြိုင်ကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ကြီးမှူးကျင်းပသော အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများနှင့် စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ထောက်ပံ့ကြေးပေးအပ်ပွဲကို နိုဝင်ဘာ ၂၉ရက်က ကျင်းပရာ တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)က ထောက်ပံ့ကြေးများပေးအပ်စဉ်**

မော်ကျွန်း-မြင့်အောင်

### ပြင်သစ်နိုင်ငံသား၏ပိုက်ဆံအိတ်အား ပြန်လည်ပေးအပ်

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ မိုင်းလီရပ်ကွက်ရှိ Princess Garden ဟိုတယ်တွင် နိုဝင်ဘာ ၂၉ ရက်က လာရောက်တည်းခိုခဲ့သည့် ပြင်သစ်နိုင်ငံသား Mr .Bouget Raymond Vietof နှင့် Bon Regina Suzame တို့ မေ့ကျန်ခဲ့သော အနီရောင်ပိုက်ဆံအိတ်တစ်လုံးကို ဟိုတယ်ပိုင်ရှင်မှ တွေ့ရှိသဖြင့် ကမ္ဘာ့လှည့်ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့ (ညောင်ရွှေ)သို့ သတင်းပို့ခဲ့သည်။

